# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း (၈) ရက် ၊ တနင်္လာနေ့ ၊ (31-10-2022) ၊ အတွဲ (၃၁)၊ အမှတ် (၁၈၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ရတနာဆင်ဖြူတော်လေးကို ဘွဲ့နာမံတော် အမည်ပေးကင်ပွန်းတပ်နှင့် အဆောင်တော်တက်မင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃၀**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မ ဇာနန်းလှ အသက် ၃၃ နှစ်က ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် မင်္ဂလာအချိန် နံနက် ၆ နာရီခွဲတွင် မွေးဖွားခဲ့သည့် ရတနာဆင်ဖြူတော်လေးကို ဘွဲ့နာမံတော်အမည်ပေးကင်ပွန်းတပ်နှင့် အဆောင်တော်တက်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အရှေ့ဘက် ဝတ္ထုကံမြေအတွင်းရှိ ရတနာဆင်ဖြူတော်ဆောင်တွင် ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ကောင်စီအတွင်းရေးမှူးနှင့် ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အနန္တရာယိကမင်္ဂလာ အန္တရာယ်ကင်းမင်္ဂလာကို ကျင်းပပြုလုပ်ရာ ရတနာဆင်ဖြူတော်လေးက ဥပ္ပါတသန္တိစေတီတော်မြတ်ကို လက်ယာရစ်လှည့်လည်ပူဇော်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊

စာမျက်နှာ ၁၆ ကော်လံ ၁ သို့



ရတနာဆင်ဖြူတော်လေး "ရန္ဒနန္ဒက"အား ဘွဲ့နာမံတော်ကို ဦးကင်းထက်တွင် ဆင်မြန်းအပ်နှင်းပေးမှုအား တွေ့ရစဉ်။




ရတနာပုံ

၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၁ ရက်

အယ်ဒီတာ့အာဘော်

# ပြည်သူပူးပေါင်းပါဝင်မှုဖြင့် အကြမ်းဖက်မှုတိုက်ဖျက်

နိုင်ငံတော်၏တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို နှောင့်ယှက်ဖျက်ဆီးမှုဖြစ်စေသည့် အဓိကအကြောင်းရင်းတစ်ရပ်တွင် အကြမ်းဖက်မှုလည်းပါဝင်သည်။ အကြမ်းဖက်မှုကို မည်သည့်နိုင်ငံ၊ မည်သည့်လူ့ဘောင်အဖွဲ့အစည်းကမျှ လက်ခံခြင်းမရှိပေ။ ထို့ကြောင့်လည်း အကြမ်းဖက်မှုဟူသမျှကို အစိုးရနှင့် ပြည်သူ လက်တွဲညီတွန်းလှန်ကြရမည်ဖြစ်သည်။

လက်ရှိတွင် NUG၊ CRPH နှင့် PDF အမည်ခံအကြမ်းဖက်သမားများသည် စာသင်ကျောင်းနှင့် ဆေးရုံများအပါအဝင် စစ်ရေးနှင့်မသက်ဆိုင်သောနေရာများသာမက ရဟန်းသံဃာများ၊ ခရီးသွားပြည်သူများကိုပင် အကြမ်းဖက်သတ်ဖြတ်နေကြသည်။ အချို့နေရာများတွင် ကျေးရွာများအတွင်း ဝင်ရောက်မီးရှို့ဖျက်ဆီးခြင်း၊ ဘုရားဖူးခရီးသွားပြည်သူများကို အကြောင်းမဲ့ပစ်ခတ်သတ်ဖြတ်ခြင်းတို့ကို လူသားမဆန်စွာလုပ်ဆောင်လျက်ရှိသည်။ ထိုသို့လုပ်ဆောင်နေကြသည်ကိုပင် ပြည်တွင်း၊ ပြည်ပမီဒီယာတချို့က မဟုတ်မမှန်သတင်းများ၊ လုပ်ကြံဖန်တီးသည့်သတင်းများ ဖြန့်ဝေကြသည်ကိုလည်း တွေ့ရှိနေရသည်။

ယခုအခါ NUG၊ CRPH နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်မှုအမျိုးမျိုးကြောင့် သံဃာတော်များ၊ သာသနာ့အနွယ်ဝင်သီလရှင်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများ သေကျေရသည့်အပြင် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကိုပါ နှောင့်နှေးကြရသည်။ ပညာသင်ကြားမှုအတွက် အဟန့်အတားဖြစ်စေသည်။ ကျန်းမာရေးစောင့်ရှောက်နိုင်မှုအားနည်းရသည်။ လမ်းပန်းဆက်သွယ်မှုအခက်အခဲများကြောင့် ကုန်စည်စီးဆင်းမှုနှင့်ကုန်ထုတ်လုပ်မှုစွမ်းအားကျဆင်းရသည်။

အကြမ်းဖက်သမားများသည် အကြမ်းဖက်မှုများကို လုပ်ဆောင်နေသည့်နည်းတူ ၎င်းတို့အတွက် လိုအပ်သောငွေကြေးများကို တရားမဝင်နည်းလမ်းဖြင့် ရှာဖွေကြရသည်။ မူးယစ်ဆေးဝါးရောင်းဝယ်မှု၊ တရားမဝင်ကုန်သွယ်မှုများ ပြုလုပ်ကြသည်။ အထူးသဖြင့် မူးယစ်ဆေးသုံးစွဲမှုများပြားလာမှု၏ နောက်ဆက်တွဲအဖြစ် သူတစ်ပါး၏ အသက်သေဆုံးရသည်ထိဖြစ်စေသော လုယက်မှုများကို လုပ်ဆောင်ကြသည်။

မည်သည့်နိုင်ငံတွင်မဆို အကြမ်းဖက်အဖွဲ့အစည်းများရှိနေပါက ထိုနိုင်ငံ၏ စီးပွားရေးနှင့် ပညာရေးကို အကြီးအကျယ်ထိခိုက်စေသည်။ အထူးသဖြင့် ပညာသင်ကြားရေးနှင့် ပညာသင်ယူမှုထိခိုက်နစ်နာစေမှုက လူငယ်များ၏ အနာဂတ်ကာလအတွက် ပျောက်သောလမ်းမှာ စမ်းတဝါးဖြစ်စေသည်။ စီးပွားရေးလုပ်ငန်းထိခိုက်စေမှုကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးကာ ဝင်ငွေအတွက် အခက်အခဲများစွာကြုံတွေ့ကြရသည်။

နိုင်ငံတော်၏စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ကာကွယ်ရေး၊ တရားဥပဒေစိုးမိုးရေးစသည့် နိုင်ငံ့အရေးကိစ္စရပ်များသည် ပြည်သူပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်ပါက အောင်မြင်မှုရှိမြဲပင်ဖြစ်သည်။ နိုင်ငံသားတစ်ဦးအနေဖြင့် မိမိအတွက် ရပိုင်ခွင့်အခွင့်အရေးများရှိသကဲ့သို့ မိမိကိုယ်တိုင်ကပင် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးကို ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများလည်း ရှိနေမြဲဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို ပျက်စီးစေခြင်း၊ ပြည်သူလူထု သွားလာနေထိုင်မှုကို အထိတ်တလန့်ဖြစ်စေခြင်း၊ အသက်သေဆုံးစေခြင်း စသည်ဖြင့် ဖျက်ဆီးမှုအမျိုးမျိုးဆောင်ရွက်နေသော အကြမ်းဖက်မှုများကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် အရေးယူဖော်ထုတ်ဆန့်ကျင်ကာကွယ်ရမည်ဖြစ်ပါကြောင်း ရေးသားအပ်ပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး အောက်တိုဘာ ၃၀**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေဧရာစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့် ပြည်သူစုစုပေါင်း ၁၇၇၇၈၃ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"မဟာမုနိရုပ်ရှင်တော်ကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေ နေ့စဉ် လာရောက်ဖူးမြော်ကြပါတယ်။ ဒီနေ့ဟာဆိုရင် ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်ဖြစ်တာကြောင့် လာရောက်ဖူးမြော်သူတွေများပြားနေပါတယ်။ နေ့ထူးနေ့မြတ်၊ အခါကြီးရက်ကြီးတွေဆို ဝင်ရောက်ဖူးမြော်သူတွေနဲ့ စည်ကားနေပါတယ်။ ဘုရားရိပ်တရားရိပ်က အေးချမ်းတဲ့အတွက် လာရောက်ဘုရားဝတ်ပြု၊ တရားထိုင်သူတွေလဲရှိကြပါတယ်။ ပြတိုက်တွေ၊ ကြေးရုပ်ကြီးတွေဆီကိုလဲ သွားရောက်လေ့လာသူတွေနဲ့ စည်ကားနေပါတယ်။ ဆိုင်ခန်းတွေလဲ နေ့စဉ်ဖွင့်လှစ်ရောင်းချနေတာကို တွေ့ရပြီး ဝယ်ယူသူတွေနဲ့ စည်ကားနေပါတယ်"ဟု မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ ညနေထိ ဘုရားဖူး ၁၇၅၂၇၃ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီ မိနစ် ၃၀ မှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူ ပြည်သူများ အနေဖြင့် မှဉ်လေးခုစလုံးမှဝင်ရောက်ဖူးမြော်နိုင်ကြောင်း သိရသည်။

ဝေဧရာစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ ညနေထိ ဘုရားဖူး ၁၈၇၅ ဦး လာရောက်ဖူးမြော်ကြောင်း ဝေဧရာစန ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူး ၆၃၅ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော် ဂေါပကအဖွဲ့အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။

(၁၈၅)

# ယခုတစ်ပတ်အတွင်း ပြည်တွင်းရွှေဈေးနှုန်း ကျဆင်းနေ

**မန္တလေး အောက်တိုဘာ ၃၀**

ယခုတစ်ပတ်အတွင်း ပြည်တွင်းရွှေဈေးနှုန်းများ ကျဆင်းနေပြီး ကမ္ဘာ့ရွှေဈေးနှုန်းများလည်း ဆက်လက်ကျဆင်းနေကြောင်း မန္တလေးရွှေဈေးကွက်အတွင်းမှ သိရသည်။

ကမ္ဘာ့ရွှေဈေးကွက်တွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၆၄၅ ဒေါ်လာဖြင့် ဈေးတန်းဖွင့်ခဲ့ပြီး ၁၆၆၅ ဒေါ်လာထိ အမြင့်ဆုံးတက်ခဲ့ကြောင်း၊ ထို့နောက် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၆၄၄ ဒေါ်လာထိ အနိမ့်ဆုံးကျဆင်း၍ ၁၆၄၄ ဒေါ်လာဖြင့် ဈေးတန်းပိတ်ခဲ့ကြောင်း သိရသည်။

"ဒီတစ်ပတ်ထဲမှာ အလှုပ်အခတ်တွေ အတော်များခဲ့တော့ ရွှေဈေး၊ ဒေါ်လာဈေး အကုန်အတက်အကျကြမ်းခဲ့တယ်။ ပြည်တွင်း ရွှေဈေးက ၁၆ ပဲရည် တစ်ကျပ်သားကို ငွေကျပ် ၂၅ သိန်းပတ်လည်မှာပဲ ရှိနေတယ်။ ကမ္ဘာ့ရွှေဈေးကတော့ အကျဘက်မှာဆက်ရှိနေတယ်။ အလှုပ်အခတ်တွေကြောင့် အရောင်းဝယ်အေးသလိုရှိနေပေမဲ့ အဝယ်တော့ ရှိနေသေးတယ်"ဟု မန္တလေးမြို့မှ ရွှေကုန်သည် ဦးရဲမင်းက ပြောပြသည်။

အောက်တိုဘာ ၂၃ ရက်တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၆၂၃ ဒေါ်လာ၊ ပြည်တွင်းအခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၅၆၀၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၄၅၀၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိကြောင်း သိရသည်။

အောက်တိုဘာ ၂၉ ရက်တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၆၂၆ ဒေါ်လာ၊ ပြည်တွင်း အခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၅၂၀၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၄၂၈၀၀၀၊ ငွေလဲလှယ်မှုနှုန်းမှာ အမေရိကန်ဒေါ်လာတစ်ဒေါ်လာလျှင် ငွေကျပ် ၂၄၀၀ ရှိကြောင်း သိရသည်။

ယနေ့တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၆၂၃ ဒေါ်လာ၊ ပြည်တွင်းအခေါက်ရွှေ ၁၆ ပဲရည်တစ်ကျပ်သားလျှင် ငွေကျပ် ၂၅၃၀၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၄၃၅၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၂၄၀၀ ရှိကြောင်း သိရသည်။

(၁၇၃)

# မန္တလေးဈေးကွက်အတွင်း တရုတ်ကြက်သွန်ဖြူများ တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ပေါက်ဈေးရှိလာ

**မန္တလေး အောက်တိုဘာ ၃၀**

မန္တလေး ဈေးကွက်အတွင်း တရုတ်ကြက်သွန်ဖြူများအဝင်နည်းလာခြင်းကြောင့် ကုန်စည်လက်ကျန်နည်းပါးလာ၍ တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ပေါက်ဈေးရှိလာကြောင်း မန္တလေးမြို့မှ အောင်ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိ ပြည်ပမှတင်သွင်းသည့် တရုတ်ကြက်သွန်ဖြူများ မန္တလေး ဈေးကွက်အတွင်း အဝင်နည်းလာသည့်အပြင် ကုန်စည်လက်ကျန်မှာလည်း နည်းပါးလာခြင်းကြောင့် ဈေးကောင်းရရှိလာကြောင်း သိရသည်။

"အခု တရုတ်ဘက်ကနေ ကြက်သွန်ဖြူအသစ်တွေ မန္တလေးဈေးကွက်အတွင်း တဖြည်းဖြည်း အဝင်နည်းလာတယ်။ တရုတ်ကြက်သွန်ဖြူတွေ ဈေးကွက်ထဲမှာ ကုန်ပစ္စည်းလက်ကျန်ကသိပ်မရှိတော့ဘူး။ ဒါကြောင့် တရုတ်ကြက်သွန်ဖြူတွေ မန္တလေး ဈေးကွက်ထဲမှာ ကုန်စည်လက်ကျန်နည်းပါးလာပြီးတော့ ဈေးကောင်းပြန်ရလာတယ်။ တရုတ်ကြက်သွန်ဖြူအသစ်တွေ မန္တလေးဈေးကွက်ထဲ ပြန်ဝင်လာရင်တော့ ဈေးက ပြန်ပြီးတည်ငြိမ်သွားဖို့ရှိပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း အောက်တိုဘာလ ပထမပတ်က တရုတ်ကြက်သွန်ဖြူ တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ ခန့်သာ ပေါက်ဈေးရှိခဲ့သော်လည်း ယခုအခါ ဈေးကွက်အတွင်း ကုန်စည်လက်ကျန် နည်းပါးလာ၍ ယနေ့ပေါက်ဈေးအရ တရုတ်ကြက်သွန်ဖြူ တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ပေါက်ဈေးရှိကြောင်း အောင်ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ဖြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိုင်းယောင်းမြို့နယ် ဝမ်တို့ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**မိုင်းယောင်း အောက်တိုဘာ ၃၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းခရိုင် မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်ဘိုးကျေးရွာအုပ်စု ဝမ်တို့ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းအတိုးရငွေများဖြင့် ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယောင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဦးစံလင်း၊ မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နှင်းအိထွေးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဝမ်တို့ကျေးရွာတွင် လမ်းအရှည် ပေ ၃၁၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး လုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဝမ်တို့ကျေးရွာတွင် အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင် ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၅ ဒသမ ၃ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁ ဒသမ ၅၂ သန်း အသုံးပြုပြီး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လ ပထမပတ်မှစတင် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများ ပြီးစီးမှုကြောင့် ကျေးရွာရှိ အကျိုးပြု အိမ်ခြေ ၈၀၊ လူ ၄၃၈ ဦးအတွက် ရာသီမရွေး သွားလာနိုင်ပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နှင်းအိထွေးက ပြောပြ၍ သိရသည်။ **ရှိုသန်းညွန့်**

# မောက်မယ်မြို့နယ် ကျေးရွာနှစ်ရွာ၌ ကုန်ထုတ်လမ်း၊ တံတားများဖောက်လုပ်ပြီးစီးမှုစစ်ဆေး

**မောက်မယ် အောက်တိုဘာ ၃၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်ခေးခရိုင် မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မောက်မယ်မြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာ၌ ကုန်ထုတ်လမ်း၊ တံတားများဖောက်လုပ်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်ခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အိအိခင်၊ ဦးစီးအရာရှိ(နည်းပညာ) ဒေါ်ရီရီလွင်နှင့် တာဝန်ရှိသူများက ဆိုင်းငင်းကျေးရွာနှင့် ပန်တခွားကျေးရွာ၌ ကုန်ထုတ်လမ်း၊ တံတားများဖောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကုန်ထုတ်လမ်း၊ တံတားများကို ရေရှည်တည်တံ့ခိုင်မြဲစေရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် မှာကြားသည်။

ဆိုင်းငင်းကျေးရွာ၌ ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၆၃ ဒသမ ၇၃ သန်းဖြင့် လမ်းအရှည် တစ်မိုင်လေး ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကုန်ထုတ်လမ်းနှင့် Box Culvert တစ်စင်း၊ ပန်တခွားကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၉၆ ဒသမ ၁၃ သန်းဖြင့် လမ်းအရှည် နှစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကုန်ထုတ်လမ်းနှင့် Box Culvert နှစ်စင်းကို သက်ဆိုင်ရာကုမ္ပဏီများက ဇွန်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **အေးသူ**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖူးစားပြောင်း ဧက ၁၅၈၀၀၀ စိုက်ပျိုးမည်



**မုံရွာ အောက်တိုဘာ ၃၀**

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်၌ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖူးစားပြောင်း ဧက ၁၅၈၀၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ဖူးစားပြောင်းသီးနှံလျာထားမှုအနေဖြင့် မော်လိုက်ခရိုင်တွင် ၇၅၅၆ ဧက၊ တမူးခရိုင်တွင် ၁၀၀၅ ဧက၊ ကလေးခရိုင်တွင် ၁၅၉၁၅ ဧက၊ ခန္တီးခရိုင်တွင် ဧက ၃၀၀၊ ဟုမ္မလင်းခရိုင်တွင် ၆၈၅ ဧက၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဧက ၈၉၀၊ မုံရွာခရိုင်တွင် ၁၈၅၇၈ ဧက၊ ယင်းမာပင်ခရိုင်တွင် ၃၃၀၀၅ ဧက၊ ရွှေဘိုခရိုင်တွင် ၂၈၃၇၆ ဧက၊ ရေဦးခရိုင်တွင် ၁၄၅၄၁ ဧက၊ ကန့်ဘလူခရိုင်တွင် ၂၈၆၂ ဧက၊ စစ်ကိုင်းခရိုင်တွင် ၂၆၃၁၆ ဧက၊ ကသာခရိုင်တွင် ၅၉၀၉ ဧက၊ ကောလင်းခရိုင်တွင် ၂၀၆၂ ဧက စုစုပေါင်း ဧက ၁၅၈၀၀၀ စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

"ဒီနှစ် ဆောင်းရာသီကာလမှာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖူးစားပြောင်းသီးနှံဧက တစ်သိန်းကျော် စိုက်ဖို့လျာထားပါတယ်။ ပြောင်းစိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် တိုးစိုက်နိုင်ပါတယ်။ ဈေးကွက်အနေနဲ့အသင့်အတင့်ရှိတာကြောင့် တောင်သူတွေအတွက် ပိုပြီးတွက်ခြေကိုက်တော့ စိုက်လာတဲ့သဘောပါ။ ပြောင်းသီးနှံတွေ အောင်မြင်ဖြစ်ထွန်းဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်နေပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးအောင်ကြည်ဝင်းက ပြောပြသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖူးစားပြောင်းစိုက်ပျိုးမည့် တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်းနှင့် ဖောင်မြောင်တောင်ပိုး ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းတိုင်းဒေသကြီးတွင် ပြောင်းသီးနှံ စိုက်ပျိုးမှုအနေဖြင့် အစေ့ထုတ်ပြောင်း ၂၁၀၆၀၈ ဧက၊ ဖူးစားပြောင်း ၇၄၇၂၈ ဧက၊ နှံစားပြောင်း ၁၂၁၅၈၉ ဧက၊ အခြားနှံစားပြောင်း ၆၃၆၅ ဧကကို စိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးအောင်ကြည်ဝင်းထံမှ သိရသည်။ (၂၀၆)

# စလင်းမြို့နယ် ကျေးရွာ သုံးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**စလင်း အောက်တိုဘာ ၃၀**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ကဒါန်းကျေးရွာ၊ ပေါက်ခြုံကျေးရွာနှင့် ဂုံညင်းနွယ်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးခိုင်၊ ဦးစီးအရာရှိ (နည်းပညာ)ဒေါ်စုစန္ဒာနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကျေးရွာ ရေရရှိရေးကော်မတီဝင်များနှင့်အတူ ကဒါန်းကျေးရွာ၊ ပေါက်ခြုံကျေးရွာနှင့် ဂုံညင်းနွယ်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ မှာကြားခဲ့သည်။

ကဒါန်းကျေးရွာနှင့် ပေါက်ခြုံကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေကျပ် ၆၂ ဒသမ ၂၆ သန်း၊ ဂုံညင်းနွယ်ကျေးရွာ၌ တိုင်းဒေသကြီးရန်ပုံငွေကျပ် ၃၁ ဒသမ ၂၄ သန်းဖြင့် အကျယ် လေးလက်မ၊ အနက် ပေ ၆၀၀ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင်တည်ဆောက်ခြင်း၊ အလျား ၁၀ ပေ၊ အနံ ရှစ်ပေ၊ အမြင့် ရှစ်ပေ ရေစက်ရုံ တည်ဆောက်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို ဇွန်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **အထွေး**

# တောင်သာမြို့နယ် မြောင်းစုံကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**တောင်သာ အောက်တိုဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် လှည်းပွဲကုန်းကျေးရွာအုပ်စု မြောင်းစုံကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြင်းခြံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြည်ကြည်မာ၊ တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မိုးနှင့် စီမံကိန်းတာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျေးလက်ရေရရှိရေးအတွက် မြောင်းစုံကျေးရွာတွင် အလျား ပေ ၇၀၊ အနံ ပေ ၅၀၊ အနက် ၁၀ ပေရှိ မြေသားရေကန် တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့သည်။

မြောင်းစုံကျေးရွာတွင် အဆိုပါ ကျေးလက်ရေရရှိရေးအတွက် မြေသားရေကန် တူးဖော်ခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၃ ဒသမ ၃၂၅ သန်းဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများ စုဖွဲ့၍ ဇွန်လ စတုတ္ထပတ်ကစတင်ကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ အားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများပြီးစီးမှုကြောင့် ကျေးရွာရှိ အကျိုးပြုအိမ်ခြေ ၄၅ အိမ်၊ လူဦးရေ ၂၇၉ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် သန့်ရှင်းသော သောက်သုံးရေများ ဖူလုံစွာ ရရှိနေပြီဖြစ်ကြောင်း မြင်းခြံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြည်ကြည်မာထံမှ သိရသည်။

**မောင်ခိုင်**



# အောင်မြင်ရေးရဲ့ အခြေခံသဘောတရား

**ချစ်နိုင်(စိတ်ပညာ)**

အောင်မြင်ရေးနည်းပေးသူဆိုပြီး ရေးဒါလီယို (Raymond Thomas Dalio) အမည်ရှိတဲ့ Bridge-water Associates တူထောင်အောင်မြင်သူ သန်းကြွယ် သူဌေးကြီးတစ်ယောက်ရေးသားဟောပြောချက် တစ်ခုကို ကြည့်ရှု၊ ဖတ်ရှုပြီး မိတ်ဆက်ဆောင်းပါး တစ်စောင်ရေးခဲ့ဖူးပါတယ်။ သန်းကြွယ်သူဌေးကြီးလို့ ခေါ်ရတာက သူ့လုပ်ငန်းဟာ အမေရိကန်ဒေါ်လာ သန်းထောင်ပေါင်း ၁၅၀ ကျော်ရှိတယ်လို့ ဆိုတာကိုး။ သူကြွယ်ဝတာ ၁၉၈၅ ခုနှစ်က စတယ်ဆိုတော့ သူဟာ သူဌေးကြီးဘဝနဲ့ အနှစ် ၃၇ နှစ်ကြာခဲ့ပြီပဲ။ အသက်အရွယ်ကလည်း (၁၉၄၉ ခုနှစ် ဩဂုတ်လ ၈ ရက်ဖွား) ၇၃ နှစ်ရှိနေပါပြီ။ တစ်ပွဲတိုးနဲ့ ချမ်းသာလာတာမဟုတ်ဘဲ စာတွေ့ကိုယ်တွေ့ရုန်းကန်ကြိုးစားရင်း အရှုံးအမြတ် အမျိုးမျိုး၊ အတက်အကျအတွေ့တွေ၊ အောင်မြင်မှု၊ ကျရှုံးမှုများစွာကို ဖြတ်သန်းခဲ့ပြီးမှ သူရေးတဲ့စာအုပ်သုံးအုပ်ကလည်း ကမ္ဘာကျော်ကာ ရောင်းလို့အကောင်းဆုံး စာအုပ်တွေဖြစ်နေတယ်။

သူ့အကြောင်းကိုလည်း အနည်းငယ်ဖြစ်စေ သိသင့်တယ်။ သူတွေးတာ၊ ပြောတာ၊ ရေးသားတာတွေကိုလည်း တစ်စွန်းတစ်စကြားရဖတ်ရ မှတ်သားကြစေချင်တယ်။ ဝါဒရေး၊ နိုင်ငံရေး၊ ပုဂ္ဂိုလ်ရေး ဘာအရောင်မှ မပါပါ။

သူ့အတွေ့အကြုံဖြတ်သန်းမှုနဲ့ သူ့ရဲ့နှစ်ပေါင်းများစွာဖတ်ရှုလေ့လာသုတေသနပြုပြီး ရေးထားတဲ့ **"အခြေခံသဘောတရား"**ဆိုတာတွေဟာ ဆန့်ကျင်ကန့်ကွက်ငြင်းဆန်ခဲ့တဲ့ ပညာရှင်၊ သတင်းစာဆရာ မတွေ့ဖူးသေးပါ။ မှန်တယ်၊ မှားတယ်၊ ကောင်းတယ်၊ ဆိုးတယ်၊ အကျိုးရှိတယ်၊ မရှိဘူးဆိုတာတော့ ဖတ်ကြည့်၊ စမ်းကြည့်၊ လက်တွေ့လုပ်ဆောင်ကြည့်ရင် အဖြေထွက်နိုင်တာတွေပဲ မဟုတ်လား။

ချားလီရို့စ်(Charlie Rose Jr)၊ ဒေးဗစ်ရူဘင်စတိန်း(David Rubenstein) စတဲ့ ရုပ်မြင်သံကြားတွေ့ဆုံမေးမြန်းသူနာမည်ကျော်တွေက မေးမြန်းတဲ့အခါမှာလည်း ရေးဒါလီယိုဟာ လေးလေးစားစား ပြုံးပြုံးရွှင်ရွှင်နဲ့ သူမြင်သမျှ သူကျွမ်းကျင်သမျှ အိတ်သွန်ဖာမှောက် ပြောပြလေ့ရှိပါတယ်။ "စပါးနှံအဆန်ပြည့်တော့ငိုက်"ဆိုသလိုပါပဲ။ သူက ရင့်ကျက်တယ်။ သူလောက် မကြွယ်ဝသူ၊ သူလောက်နာမည်မကြီးသူ၊ သူ့ထက် အသက်ငယ်ရွယ်သူတွေထက်တောင် မာန်မာနဝင့်ဝါမှုနည်းပြီး ရိုးဂုဏ်ကိုမြင်တွေ့ရပါတယ်။ သူ့ပညာနဲ့ စေတနာကို လေးစားလို့ရယ် သူဟောပြောတာကို သဘောကျလို့ရယ် စာဖတ်သူလူငယ်တွေ သတိထားဖတ်ကြစေချင်တဲ့အတွက် အနှစ်ချုပ်မိတ်ဆက်ပေးနေတာပါ။ (အင်္ဂလိပ်လိုတော့ ဖတ်နိုင်ရမယ်)

ရေးဒါလီယိုကပြောတယ်။ ဘဝဆိုတာ ရဲရဲရင်ဆိုင်ရတယ်။ တကယ်တော့ ဘဝဟာ စွန့်စားခန်းပဲလို့သာ မှတ်ယူထားလိုက်ပါတဲ့။ ကြောက်တတ်ရင် မအောင်မြင်နိုင်ဘူး။ သတ္တိမွေးရမယ်။

လောကကြီးဟာ ရက်စက်ကြမ်းတမ်းပါတယ်။ ရိုင်းစိုင်းခက်ထန်ပါတယ်။ ရက်စက်ကြမ်းကြုတ်တာတွေကို မလွဲသာ မရှောင်သာ ရင်ဆိုင်တွေ့ရပြီဆိုရင်တော့ ပွေ့ဖက်လိုက်ပါတဲ့။ အဆင်ပြေအောင်သာ လက်တွဲလိုက်ပါတဲ့။ ဒါဟာ ကျော်နိုင်အောင်ကျော်ပေါ့။ မကျော်နိုင်ဘူးဆိုတာ သေချာပြီဆိုရင်တော့ ခေါင်းငုံ့ပြီးဖြတ်သန်းပေရော့။ ဘဝဆိုတာ မသေချင်သေးရင် ရှင်သန်အောင်ကြိုးစားရမှာပဲလေ။

ဘဝအောင်မြင်ရေးမှာ ဘာသာရပ် ငါးခုရှိတယ်။ (တော်သေးတာပေါ့၊ တက္ကသိုလ်ဝင်တန်းမှာ ခြောက်ဘာသာဖြေရတာလေ။ ဘာသာစုံ အောင်မှတ်ရပါမှ စာမေးပွဲက အောင်တာနော်)

ကိုယ့်ပန်းတိုင်ကို ကိုယ်သေသေချာချာသိရမယ်။ သူများတွေနဲ့ စာဖြေခန်းမှာ တစ်စုတစ်ဝေး ထိုင်ဖြေနေလို့ ပန်းတိုင်တူမယ်မထင်နဲ့။ ဆေးတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ စစ်တက္ကသိုလ် စသဖြင့် အောင်ပြီးရင် ခရီးဆက်ကြမယ့်လမ်းတွေ၊ ပန်းတိုင်တွေမတူကြဘူး။ ကိုယ့်လမ်းကိုယ်လျှောက်၊ ကိုယ့်ပန်းတိုင်မပျောက်စေနဲ့။

ပြဿနာအခက်အခဲတွေက ဘာလဲ၊ အကြီးမားဆုံး အတားအဆီးကဘာလဲ။ အဲဒါကို အရင်ဆုံးကိုင်တွယ်ကျော်လွှားပြီး အခြေအနေအမှန်ကို သဲသဲကွဲကွဲသိမြင်အောင် သေသေချာချာလေ့လာရမယ်။

မှန်းဆချက်ဒီဇိုင်းဆွဲရမယ်။ ဒါကိုသင်ပြလမ်းညွှန်လို့မရဘူး။ ပညာရှိ သူတော်ကောင်းတွေနဲ့ ချဉ်းကပ်ဆွေးနွေးပါ။ စာအုပ်ကောင်းတွေ ရှာဖွေဖတ်ရှုပါ။ စာမဖတ်ဘဲ အကြံကောင်း ဉာဏ်ကောင်း၊ နည်းလမ်းကောင်းတွေကို မသိမြင်နိုင်ပါ။ စာအုပ်စာပေနဲ့ မိတ်ဆွေကောင်းတွေက သင့်ဘဝရဲ့ ဒီဇိုင်းကိုလုပအဆင်ပြေအောင် အထောက်အကူရစေပါတယ်။

> ❖ ပြဿနာအခက်အခဲတွေက ဘာလဲ၊ အကြီးမားဆုံး အတားအဆီးကဘာလဲ။ အဲဒါကို အရင်ဆုံးကိုင်တွယ်ကျော်လွှားပြီး အခြေအနေအမှန်ကို သဲသဲကွဲကွဲသိမြင်အောင် သေသေချာချာလေ့လာရမယ်။ မှန်းဆချက်ဒီဇိုင်းဆွဲရမယ်။ ဒါကို သင်ပြလမ်းညွှန်လို့မရဘူး။ ပညာရှိ သူတော်ကောင်းတွေနဲ့ ချဉ်းကပ်ဆွေးနွေးပါ။ စာအုပ်ကောင်းတွေ ရှာဖွေဖတ်ရှုပါ။ စာမဖတ်ဘဲ အကြံကောင်း ဉာဏ်ကောင်း၊ နည်းလမ်းကောင်းတွေကို မသိမြင်နိုင်ပါ။ စာအုပ်စာပေနဲ့ မိတ်ဆွေကောင်းတွေက သင့်ဘဝရဲ့ ဒီဇိုင်းကို လုပအဆင်ပြေအောင် အထောက်အကူရစေပါတယ်။ ❖

၁။ **ပန်းတိုင်များ**(တစ်ခုပြီး တစ်ခုစဉ်ထား)
၂။ **ပြဿနာအဆီးအတားများ**(စာရင်းချရေးထား)
၃။ **မှန်းဆချက်**(ဘာတွေလဲ ရေးမှတ်ထား)
၄။ **ပြဿနာဖြေရှင်းတဲ့ဒီဇိုင်း**(ရွေးချယ်စရာတွေတော့ အများကြီးရှိမှာပေါ့။ လက်တွေ့ကျတဲ့ ဖြစ်နိုင်တာတွေထဲက ရွေးချယ်ရမှာပဲ) နည်းလမ်း(၁)၊ နည်းလမ်း(၂) ဆိုပြီး တိုက်ပွဲစီမံချက် Plan(A)၊ Plan(B)ရှိသလိုမျိုး စဉ်းစားထားရင်လည်း ရပါတယ်။
၅။ ဆုံးဖြတ်ရွေးချယ်ပြီးပြီဆိုရင်တော့ ပန်းတိုင်ကို ပန်းခိုင်စိုက်အောင် မဖြစ်မနေကြိုးစားပေတော့။ အချိန်ရှိသမျှ ရည်မှန်းချက်အတွက် စိတ်ထဲမှာ စွဲမြဲပြီး ခရီးဆက်ပေတော့။ **လက်တွေ့လုပ်။** နောက်မဆုတ်နဲ့။

ဒါဟာ အောင်မြင်မှုတွေမရမချင်းဆက်ကာဆက်ကာ လုမ်းတက်နေရမယ့် ခြေလှမ်း ငါးလှမ်း၊ အပိုင်း ငါးခုပဲ။

မြင်ကွင်းကျယ်သုံးသပ်ရှုမြင်ပြီး ဘဝခရီးကိုဆုံးဖြတ်ရွေးချယ်နိုင်ပြီဆိုရင် အောင်မြင်အောင်ဆက်လက်ချီတက်သွားရုံပါပဲ။ ဇွဲနဲ့ကြိုးစားလေလေ အမြင့်ဘက်ကိုတက်လေလေပဲ။ အမြင့်မှာနေလိုလျှင် လေတိုက်၍ကြွေတတ်သည်တဲ့။ မြင့်လာလေလေ လေကြမ်းလေ ရိုင်းအတိုက်ခံရလေလေပဲ။ အနိမ့်မှာနေလိုလျှင် မြွေကိုက်၍သေတတ်သည်တဲ့။ သစ်ပင်အောက်ပဲနေတော့မယ်ဆိုပြီး နှပ်မနေလေနဲ့၊ ချုံထဲတွင်းထဲက မြွေထွက်လာကာ ကိုက်တတ်တယ်။ အပျင်းမထူရ၊ မပေါ့ဆရ။

တစ်ခါတစ်ရံ ကြောက်စရာ လန့်စရာ ချောက်ကမ်းပါးမတ်စောက်မှာ လက်လွတ်ခြေလွတ်လွင့်စဉ်ကျသွားရတာမျိုးလည်း ဖြစ်တတ်သေးတယ်။

ဘဝခရီးဟာ အဖြောင့်အတန်းလမ်းမဟုတ်။ လမ်းကြောင်းဟာ အတက်အဆင်းအကွေ့အကောက်၊ လယ်ကွင်း၊ ယာခင်း၊ တောတွေ၊ တောင်တွေ၊ ချောင်းတွေ၊ မြစ်တွေ အခြေအနေအမျိုးမျိုး အဖုံဖုံနဲ့ကြုံရမယ်။

အကွေ့အကောက် ဝင်္ကပါတွေလည်း ဖြတ်သန်းရတတ်တယ်။

လက္ခယ်ည၊ သန်းခေါင်ယံ၊ စိမ့်ကြီးမြိုင်ကြီး၊ တောအုပ်ကြီးရဲ့အလယ် မှောင်မိုက်နေပြီး စိတ်ချောက်ချားစရာအခြေအနေလည်း တွေ့ကောင်းတွေ့ရမယ်။ အားကိုးစရာကတော့ မိမိရဲ့သတ္တိရဲရင့်မှုပဲ။ ဒီလိုကြုံရင် ငါ့ရင်ထဲက အသိဉာဏ်ပညာအလင်းရောင်နဲ့ ခရီးဆက်မယ်လို့ Lighting(ဖုန်းထဲကဓာတ်မီး)ဆောင်ခဲ့ရမယ်။ ငယ်စဉ်အခါ ပညာရှာ၊ စာကြိုးစားခဲ့ရင် ဆင်ခြင်တုံတရားရှိတယ်။ အမှောင်လွန်ရင် အလင်းရှိမယ်ဆိုတာ ကြိုသိတယ်။ ကြောက်စရာမလိုဘူး။

ရေးဒါလီယိုရဲ့ဘဝမှာ သူ့ကုမ္ပဏီက ရှိသမျှဝန်ထမ်းအကုန်လုံး တစ်ယောက်ပြီးတစ်ယောက် ထွက်သွားကြလို့ သူတစ်ယောက်တည်းပဲ ကျန်တဲ့အဖြစ်မျိုး ကြုံခဲ့ရဖူးတယ်။ ပြိုလဲကျသွားတာပဲ။

စိတ်မပျက်ပါဘူး။ လဲနေရာက ပြန်ထတယ်။ သူ့ည ဘဝရောက်ရရင်လည်း တစ်ကပြန်စတယ်။ ဒါပဲ။

ရှေ့ကိုသာဆက်လက်ချီတက်ပါ။ ရှေ့မှာ မြူတွေနှင်းတွေပိတ်ဆို့ပြီး မြင်ကွင်းတစ်ခွင်လုံး ဘာမှ မမြင်ရဘူး။ မျက်လုံးနဲ့မမြင်ရပေမယ့် ဉာဏ်နဲ့ထွင်းဖောက်မြင်ပြီး ခရီးဆက်ပါ။ ရှေ့မှာ မမြင်ရတဲ့အောင်မြင်မှုတွေ၊ အခွင့်အရေးတွေ၊ အောင်ပွဲတွေက အဆင်သင့်ရှိနေပါတယ်။ ဒါပေမဲ့ သင်မသိဘူး၊ သင်ကြိုပြီး မမြင်မိခဲ့ဘူး။ ရှိတယ်။ သေချာပါတယ်။ ဆက်ပြီးကြိုးစားဖို့သာ သင့်တာဝန်ပါ။

မမျှော်လင့်ဘဲ ခြေချော်လဲပြီး အသူတစ်ရာနက်တဲ့ ချောက်ကြီးထဲကို ကျသွားတာမျိုးလည်း ရှိနိုင်တယ်။ အိပ်မက်ဆိုးကြီးပါပဲ။ ငါတော့ သေပါပြီ။

ချောက်ချားတုန်လှုပ်စရာ အကျပ်အတည်းမျိုးလည်း ရှိတတ်တယ်။ ဘဝတစ်ကွေ့ တစ်နေ့နေ့မှာ ကိုယ်မဖန်တီးပေမယ့် တွေ့ရတာရှိနိုင်တယ်။

ဘာမှမကြောက်နဲ့။

ရတနာသုံးပါးနဲ့ ဂုဏ်တော်၊ တရားတော်တွေဟာ ကြောက်ရွံ့ထိတ်လန့်မှုကို ဖယ်ရှင်းနိုင်တယ်။ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားနိုင်အောင်ထိန်းပါ။ ကြီးကြီးမားမား အောင်မြင်သူတွေဟာ ကြီးကြီးမားမား အတားအဆီးအခက်အခဲတွေကို ကျော်လွှားခဲ့တာပဲ။ ရှေ့မှာအောင်ပွဲရှိတယ်ဆိုတာ ယုံကြည်တဲ့ အကောင်းမြင် သဘောထားဟာ အဖိုးတန်တယ်။ အကျိုးရှိတယ်။

အောင်မြင်စေတဲ့ အခြေခံသဘောတရားတွေ (Principles)ကို အရင်ကထက် ပိုပြီးရှင်းရှင်းလင်းလင်းသိမြင်လာနိုင်တယ်မဟုတ်လား။

## ဆင်ပေါင်ဝဲမြို့နယ် ကျောက်ဆောင်စမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေ ပထမအကြိမ် ထုတ်ချေး

**ဆင်ပေါင်ဝဲ အောက်တိုဘာ ၃၀**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း (ဆီထွက်သီးနှံ)ကျေးရွာဖြစ်သည့် ကျောက်ဆောင်စမ်းကျေးရွာ၌ စီမံကိန်းအရင်း မပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ် ထုတ်ချေးပေးအပ်ခြင်းကို ယနေ့ နံနက် ၁၀ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ထုတ်ချေးပေးရာတွင် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းဦးက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန် နေကြာအပါအဝင် ဆီထွက်သီးနှံစိုက်ပျိုးသော တောင်သူများ လိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များ ဝယ်ယူသုံးစွဲနိုင်ရန် အတိုးနှုန်းသက်သာစွာဖြင့် အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များကို ရန်ပုံငွေများ စနစ်တကျ လွှဲပြောင်းပေးအပ်ကြကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ပထမအကြိမ်အဖြစ် ဆင်ပေါင်ဝဲမြို့နယ် ကျောက်ဆောင်စမ်းကျေးရွာရှိ ဆီထွက်သီးနှံနေကြာ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မည့် အသင်းသား ၁၁ဦးအတွက် အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များကထုတ်ချေးပေးခဲ့ကြောင်း သိရသည်။



**သန်းလွင်(မကွေး)**

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိုအိတ်က မိမိတို့စားသောက်သမျှအစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူမှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် စက်တင်ဘာလကုန်ထိ တမူးနယ်စပ်ကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၇၃ သန်းပိုး ဆောင်ရွက်နိုင်ခဲ့

**နေပြည်တော် အောက်တိုဘာ ၃၀**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် စက်တင်ဘာလကုန်ထိ တမူးနယ်စပ်ကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၇၃ သန်းပိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း စားသုံးသူရေးရာဦးစီးဌာန(နေပြည်တော်)၏ အောက်တိုဘာ ၂၉ ရက် သတင်း များအရ သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တမူးနယ်စပ်ကုန်သွယ်ရေးစခန်းမှ ပို့ကုန်အမေရိကန်ဒေါ်လာသန်း ၇၀ နှင့်သွင်းကုန် အမေရိကန်ဒေါ်လာသုံးသန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၇၃ သန်းပိုး ဆောင်ရွက်နိုင်ခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ ၂၀၂၂ ခုနှစ် ဧပြီ ၁ ရက်မှ အောက်တိုဘာ ၂၁ ရက်ထိ ပို့ကုန်အမေရိကန်ဒေါ်လာ ၆ ၁သမ ဝ၇၇ သန်း၊ သွင်းကုန်ပမာဏ အမေရိကန်ဒေါ်လာ ၃ ၁သမ ၉၄၇ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၀ ၁သမ ဝ၂၄ သန်းဆောင်ရွက်နိုင်ခဲ့သည်။

တမူးနယ်စပ် ကုန်သွယ်ရေးစခန်းအနေဖြင့် အိန္ဒိယနိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၌ ပို့ကုန်အမေရိကန်ဒေါ်လာ ၃၃ ၁သမ ၅၅၈ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၁ ၁သမ ၇ဝ၄ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၅ ၁သမ ၂၆၂ သန်းပိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာကာလတွင် ပို့ကုန်အမေရိကန်ဒေါ်လာ ၄ ၁သမ ၁၈၆ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၂ ၁သမ ဝ၁၃ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏအမေရိကန်ဒေါ်လာ ၆ ၁သမ ၁၉၉ သန်းပိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

တမူးနယ်စပ် ကုန်သွယ်ရေးစခန်းအနေဖြင့် အဆိုပါကာလအတွင်းတွင် အများဆုံးပို့ကုန်များအနေဖြင့် ကွမ်းသီး၊ မက်မန်းသီး၊ နန့်ဖာလုံစေ့မှ ကုန်မျိုးစုံ၊ စီးကရက်၊ ဖိနပ်၊ ရှော်ကောင်း၊ သရက်သီးနှင့် အုန်းသီးများဖြစ်ပြီး သွင်းကုန်များအနေဖြင့် ဂျုံ၊ ဓာတ်မြေဩဇာ၊ ဆံပင်၊ စာရေးကိရိယာ၊ ဇီရာစေ့နှင့် ချွတ်ဆေးတို့ဖြစ်ကြောင်း သိရသည်။

SKL



# ရေနံချောင်းမြို့နယ် သန်းပင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေထုတ်ချေး

**ရေနံချောင်း အောက်တိုဘာ ၃၀**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)Type-1 အမျိုးအစားဖြစ်သည့် ကံကြီးကျေးရွာအုပ်စု သန်းပင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ပထမအကြိမ်ထုတ်ချေးခြင်းကို အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရေနံချောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်မှာ နေကြာအပါအဝင် အခြားဆီထွက်သီးနှံစိုက်ပျိုးသော တောင်သူများလိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များ ဝယ်ယူသုံးစွဲနိုင်စေရန်အတွက် ချေးငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းနှင့်ပတ်သက်သည့် စာရင်းဇယားများကို စနစ်တကျဖြည့်သွင်းထားရှိစေလိုကြောင်း၊ ချေးငွေနှင့် အတိုးနှုန်းများကို သတ်မှတ်ကာလအတွင်း မပျက်မကွက် ပေးဆပ်ကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်း၊ စီမံကိန်းတာဝန်ခံဝန်ထမ်းများနှင့် သန်းပင်ကုန်းမြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လုပ်ငန်းအဖွဲ့ဝင်များက သန်းပင်ကုန်းကျေးရွာရှိ နေကြာအပါအဝင် အခြားဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၇ ဦးတို့၏ စိုက်ပျိုးဧက ၂၇၈ ၁သမ ၇၆ ဧကအတွက် ငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နွဲ့ယဉ်**

# ပျိုတို့မောင် မျှော်ကာတွေး လတန်ဆောင်မုန်းပွဲလေး

\- တို့တောရွာ ဓလေ့စရိုက်
နှစ်ခြိုက်လို့ ပျော်မွေ့ဖွယ်၊
နံနက်ခါ ရောင်ခြည်ဦး
ဖူးပွင့်ချိန်ဝယ်၊
ဆွမ်းလောင်းလို့ ကုသိုလ်ကြွယ်
ကြေးစည်ရယ် ညံမစဲ၊
နေခြည်မှာ ရွှေရည်လက်တယ်
နှစ်မက်ဖွယ်ပဲ။

\- ပျိုတို့မောင် အိမ်နံဘေး
စံပယ်လေး တစ်ရုံနှစ်ရုံ၊
လေပြည်မှာ ရနံ့ခင်း
သင်းပျံ့လို့ထုံ၊
နမ်းရှိုက်ဖို့ မလိုပုံ
လေဟုန်မှာ သူကစီး၊
မွှေးနံ့သာ ဝန်းကျင်ဖြန့်
ဆန့်ခဲ့ခရီး။

\- လယ်ယာရှင် လူညီထွား
လယ်နားက ပြန်ခဲ့ပြီ၊
စပါးနှံ ဝတ်ရည်ဖုံး
လုံးတုံးတုံး ချိန်ခါဆီ၊
တန်ဆောင်တိုင်က နီးလာပြီ
လဆန်းဆီ ရောက်ပါပေါ့၊
သည်တစ်ခါ တန်ဆောင်ပွဲ
နွှဲလိုက်မည်နော့။

\- ညနေဆီ နေရယ်စောင်း
ချိန်ပြောင်းတဲ့ အခါမယ်၊
ပျာကသီ ရေခပ်လမ်း
လှမ်းခဲ့ပါတယ်၊
သည်တစ်ခါတွေ့ဖို့ရှယ်
ပွဲခါဝယ် ချိန်းဖို့ရေး၊
ပျိုကညာ ဘာပြန်ပြောမယ်
ရင်မောလှလေး။

\- ချစ်သူပျို တုံ့ပြန်ပြုံး
နှလုံးအေး ရွှင်စရာ၊
ခေါင်းကလေး ခမျာညိတ်
သိပ်လှတဲ့ခါ၊
ထိတ်ခနဲ သည်မောင်မှာ
ဝမ်းကသာ ခြေလက်အေး၊
လက်ချိုးကာ တန်ဆောင်ပွဲ
စောင့်မြဲမျှော်တွေး။ ။

**ပြေအေးသက်**

# နိုင်ငံတကာ သတင်းများ

## ဇူးလူးလူမျိုးတို့၏ ဘုရင်သစ်အဖြစ် မီဆူဇူးလူးကို တောင်အာဖရိကအစိုးရ အသိအမှတ်ပြု

**ဂျိုဟန်နက်စဘတ် အောက်တိုဘာ ၃၀**

ဇူလူးမျိုးနွယ်စုဝင်များ၏ ဘုရင်အဖြစ် ဇူးလူးဘုရင် မီဆူဇူးလူးကို တောင်အာဖရိကအစိုးရက ယနေ့တွင် တရားဝင်အသိအမှတ်ပြုခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

မီဆူဇူးလူးကို ဇူးလူးဘုရင်အဖြစ် တောင်အာဖရိကသမ္မတ ဆိုင်ရီးလ်ရာမာဖိုဆာက တရားဝင် အသိအမှတ်ပြုခဲ့မှုကြောင့် ဇူးလူးဘုရင်သစ်နန်းတက်ရေးနှင့် ပတ်သက်၍ ဥပဒေရေးရာအငြင်းပွားမှုများအဆုံးသတ်ခဲ့ရသည်။

တောင်အာဖရိကအစိုးရ၏တရားဝင်အသိအမှတ်ပြုမှုရရှိခဲ့ပြီးနောက် မီဆူဇူးလူးသည် ဇူးလူးဘုရင်သစ်အဖြစ် ယနေ့တွင် နန်းတက်ပွဲ တရားဝင်ကျင်းပခဲ့သည်။

အဆိုပါနန်းတက်ပွဲသည် ဇူးလူးဘုရင်တစ်ဦး၏ ၁၉၇၁ ခုနှစ်နောက်ပိုင်း ပထမဆုံးနန်းတက်ပွဲဖြစ်သည်။

အသက် ၄၈ နှစ်ရှိ ဇူးလူးဘုရင် မီဆူဇူးလူးသည် ဇူးလူးထီးနန်းက ယခုနှစ်ဩဂုတ်လက ရယူထားသူဖြစ်သည်။

သို့သော် တောင်အာဖရိကအစိုးရဘဏ္ဍာရေး၊ စီးပွားရေးအရင်းအမြစ်များကို အပြည့်အဝအသုံးပြုနိုင်ရေးအတွက်မီဆူဇူးလူးကို ဇူးလူးဘုရင်သစ်အဖြစ် တောင်အာဖရိကအစိုးရက တရားဝင်အသိအမှတ်ပြုရန် လိုအပ်သည်။

ဇူးလူးဘုရင်များသည် တောင်အာဖရိကဖွဲ့စည်းပုံအခြေခံဥပဒေအရ တရားဝင်နိုင်ငံရေးအာဏာပိုင်ဆိုင်ထားခြင်း မရှိသော်လည်း တောင်အာဖရိက၏ အကြီးဆုံးလူမျိုးစုဖြစ်သည့် ဇူးလူးလူမျိုးတို့၏ အစဉ်အလာများကို စောင့်ရှောက်ကာကွယ်ပေးသူအဖြစ် သတ်မှတ်ခံထားရသူများ ဖြစ်ကြောင်း သိရသည်။ KKO

## ဘရာဇီးသမ္မတရွေးကောက်ပွဲ ဒုတိယအကျော့ကျင်းပ မဲဆန္ဒရှင်ပြည်သူများ ပါဝင်မဲပေး

**ဘရာစီးလီးယား အောက်တိုဘာ ၃၀**

ပြိုင်ဆိုင်မှုပြင်းထန်သည့် ဘရာဇီးသမ္မတရွေးကောက်ပွဲ ဒုတိယအကျော့ကို ယနေ့တွင် ကျင်းပခဲ့ရာ ဘရာဇီးမဲဆန္ဒရှင်ပြည်သူများ ပါဝင်မဲပေးခဲ့ကြကြောင်းရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ယနေ့ ဒုတိယအကျော့ရွေးကောက်ပွဲသည် အစိုကပြိုင်ဘက်နှစ်ဦးဖြစ်သော လက်ရှိသမ္မတဘော်လ်ဆိုနာရိုအတွက်ရော၊သမ္မတဟောင်းလူလာဒါဆေးလ်ဗားအတွက်ပါအနိုင်ရရှိရန် အခွင့်အလမ်းကိုယ်စီရှိထားသော ရွေးကောက်ပွဲဖြစ်သည်။

သမ္မတရွေးကောက်ပွဲ ပထမအကျော့ကို အောက်တိုဘာ ၂ ရက်တွင် ကျင်းပခဲ့ရာ ထိုစဉ်က သမ္မတလောင်းနှစ်ဦးရရှိခဲ့သော ရလဒ်များမှာ ပြတ်သားမှုမရှိခဲ့သည့်တိုင် လူလာဒါဆေးလ်ဗားက ဘော်လ်ဆိုနာရိုအပေါ် အသာစီးအနည်းငယ်ရရှိထားသည်။

ယနေ့ သမ္မတရွေးကောက်ပွဲ ဒုတိယအကျော့တွင် ဘရာဇီးပြည်သူ သန်း ၂၀ ခန့်က အီလက်ထရောနစ်မဲပေးစက်များမှတစ်ဆင့် မဲထည့်ဝင်၍ သမ္မတသစ်ကို ရွေးချယ်ကြမည်ဖြစ်သည်။

ဘရာဇီးသမ္မတ ရွေးကောက်ပွဲများ၌ အီလက်ထရောနစ် မဲပေးစနစ်သုံးစွဲမှုကြောင့် မဲရုံများပိတ်သိမ်းပြီး နာရီအနည်းငယ်အကြာမှာပင် ပုံမှန်အားဖြင့် ရလဒ်များ ထွက်ပေါ်လာတတ်သည်။

၂၀၂၂ ခုနှစ် ဘရာဇီးသမ္မတရွေးကောက်ပွဲသည် ၁၉၈၅ ခုနှစ်နောက်ပိုင်း ပြည်သူများကြားသဘောထားအမြင် ကွဲပြားမှုအများဆုံး ရွေးကောက်ပွဲဖြစ်ကြောင်း သိရသည်။

KKO



## နယူးယောက်-ဟောင်ကောင် ခရီးစဉ်များအတွက် ရုရှားဝေဟင်ပိုင်နက်ကို ကာသေးပစိဖိတ်လေကြောင်းလိုင်း ပြန်လည်အသုံးပြုရန်စီစဉ်




**ဟောင်ကောင် အောက်တိုဘာ ၃၀**

ဟောင်ကောင် အခြေစိုက် ကာသေးပစိဖိတ်လေကြောင်းလိုင်းသည် ခရီးစဉ်အချို့အတွက် ရုရှားလေပိုင်နက်ကို ပြန်လည်အသုံးပြုရန်စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကာသေးပစိဖိတ်လေကြောင်းလိုင်းသည် ရုရှားနိုင်ငံက ယူကရိန်းနိုင်ငံကို ယခုနှစ် ဖေဖော်ဝါရီလတွင် စစ်ရေးအရ တိုက်ခိုက်ခဲ့ပြီးနောက်ပိုင်း ခရီးသည်တင်လေကြောင်းခရီးစဉ်များအတွက် ရုရှားနိုင်ငံလေပိုင်နက်ကို ပြန်လည်အသုံးပြုမည့် ပထမဆုံးကမ္ဘာ့လေကြောင်းလိုင်းဖြစ်သည်။

ကာသေးပစိဖိတ်လေကြောင်းလိုင်းအနေဖြင့် လာမည့်နိုဝင်ဘာ ၁ရက်မှစ၍ နယူးယောက်မှ ဟောင်ကောင်သို့ပျံသန်းမည့်ခရီးစဉ်များအတွက် ဝင်ရိုးစွန်းလေကြောင်းလမ်းခေါ် ရုရှားလေကြောင်းလမ်းကို အသုံးပြုမည်ဖြစ်ကြောင်း ကာသေးပစိဖိတ်က ကြေညာချက်ထုတ်ပြန်ထားသည်။

ယူကရိန်း စစ်ရေးပဋိပက္ခပေါ်ပေါက်ခဲ့ပြီးနောက် ယခုနှစ်မတ်လအတွင်းကာသေးလေကြောင်းလိုင်းသည် ၎င်း၏လေကြောင်းခရီးစဉ်များအတွက် ရုရှားဝေဟင်ပိုင်နက်ကို အသုံးပြုတော့မည်မဟုတ်ဟု ကြေညာထားကြောင်း သိရသည်။

ရုရှားနိုင်ငံသည် ယခုနှစ်စပိုင်းမှစ၍ ဥရောပနှင့် အမေရိကန်လေကြောင်းလိုင်းများမှ ခရီးသည်တင်လေယာဉ်များ ရုရှားဝေဟင်ပိုင်နက်အသုံးပြုခွင့်ကို ပိတ်ပင်ထားသည်။

သို့သော်ဥရောပနှင့် အမေရိကန်လေကြောင်းလိုင်းများသည် အာရှသို့ ပျံသန်းပြေးဆွဲရာတွင် ကွာဝေးသည့် လမ်းကြောင်းများမှတစ်ဆင့် ပျံသန်းခဲ့ရကြောင်း သိရသည်။

KKO

## ဆိုးလ်မြို့၌ကျင်းပသည့် ဟောလိုးဝင်းပွဲတော်၌ လူပြုံမှုဖြစ်ပွား အနည်းဆုံး ၁၅၁ ဦးသေဆုံး၍ ၈၂ ဦး ဒဏ်ရာများရရှိ

**ဆိုးလ် အောက်တိုဘာ ၃၀**

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ အောက်တိုဘာ ၂၉ ရက်က ကျင်းပခဲ့သော ဟောလိုးဝင်းပွဲတော်ပါတီပွဲတွင် လူပြုံမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး ၁၅၁ ဦး သေဆုံး၍ ၈၂ ဦး ဒဏ်ရာများရရှိခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။




နာမည်ကျော် ညဈေးနယ်မြေတစ်ခုဖြစ်သည့် အီတေဝန်လမ်းကျဉ်းတစ်ခုအတွင်း ကျင်းပနေသည့် ဟောလိုးဝင်းပါတီပွဲ၌ ပါဝင်သည့်လူအရေအတွက် များပြားလာခဲ့မှုကြောင့် လူပြုံမှုစတင်ဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း ဆိုးလ်မြို့ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ဟောလိုးဝင်းပါတီပွဲသည် တောင်ကိုရီးယားနိုင်ငံ၌ သုံးနှစ်တာကာလအတွင်း ပထမဆုံးကျင်းပသည့် ဟောလိုးဝင်းပွဲတော်ဖြစ်ပြီး လူရာပေါင်းများစွာ သေဆုံးခဲ့ရသည်။

သေဆုံးသူအများစုမှာ အသက် ၂၀ ဝန်းကျင် လူငယ်များဖြစ်ကြပြီး တရုတ်၊ အီရန်၊ ဥဇဘက်ကစ္စတန်နှင့် နော်ဝေနိုင်ငံသားများ အပါအဝင် နိုင်ငံခြားသား ၂၂ ဦးလည်း ပါဝင်ကြောင်း သိရသည်။

ဟောလိုးဝင်းပွဲတော် လူပြုံမှုဖြစ်ပွားပြီးနောက်ယနေ့တွင်တောင်ကိုရီးယားသမ္မတ ယွန်ဆွတ်ယိုးက သေဆုံးခဲ့ရသူများအတွက်ဝမ်းနည်းစကားပြောကြားခဲ့ပြီး ဝမ်းနည်းမှုအထိမ်းအမှတ် ကာလတစ်ရပ်ကြေညာပေးခဲ့သည်။

ဟောလိုးဝင်းပွဲတော် လူပြုံမှုသည် တောင်ကိုရီးယားနိုင်ငံအတွက် နှစ်ပေါင်းများစွာအတွင်း အသေအပျောက်အများဆုံးပွဲတော်တစ်ခုဖြစ်သကဲ့သို့ ကမ္ဘာ့အဆိုးရွားဆုံး လူပြုံမှုများထဲတွင်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ KKO

## ဆိုမာလီယာ၌ ကားဗုံးပေါက်ကွဲမှုကြောင့် အနည်းဆုံးလူဦးရေ ၁၀၀ သေဆုံး

**မိုဂါဒစ်ရှူး အောက်တိုဘာ ၃၀**

ဆိုမာလီယာနိုင်ငံ မိုဂါဒစ်ရှူးမြို့ ပညာရေးဝန်ကြီးရုံး အဆောက်အအုံပြင်ပ၌ အောက်တိုဘာ ၂၉ ရက်က ကားဗုံးပေါက်ကွဲမှုများဖြစ်ပွားခဲ့ရာ အနည်းဆုံး လူဦးရေ ၁၀၀ သေဆုံး၍ ဦးရေ ၃၀၀ ဒဏ်ရာရရှိခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါကားဗုံးပေါက်ကွဲမှုများအတွင်း ဆိုမာလီယာပြည်သူအများအပြားအစုလိုက်အပြုံလိုက် သေဆုံးခဲ့ရကြောင်း အခင်းဖြစ်ပွားရာနေရာကို သွားရောက်စစ်ဆေးပြီးနောက် ဆိုမာလီယာသမ္မတ ဟက်ဆန်ရှိတ်ခ်မိုဟာမက်ကကြေညာချက်ထုတ်ပြန်ထားသည်။

အောက်တိုဘာ ၂၉ ရက် ကားဗုံးပေါက်ကွဲမှုများအနက် ပထမဆုံးကားဗုံးပေါက်ကွဲမှုမှာ ပညာရေးဝန်ကြီးဌာနရုံးအနီးရှိ လူသွားလူလာစည်ကားသည့် လမ်းဆုံတစ်ခု၌ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယင်းဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများအတွက် လူနာတင်ယာဉ်များရောက်လာချိန်၊ လူများစုရုံးမိချိန်တွင် ဒုတိယမြောက် ကားဗုံးပေါက်ကွဲမှုထပ်မံဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း ဆိုမာလီယာအစိုးရတာဝန်ရှိသူများက ပြောကြားခဲ့သည်။


အဆိုပါကားဗုံးခွဲတိုက်ခိုက်မှုများနှင့်ပတ်သက်၍ တာဝန်ရှိကြောင်း မည်သည့်စစ်သွေးကြွလက်နက်ကိုင်အုပ်စုကမျှ ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

သို့သော် အောက်တိုဘာ ၂၉ ရက် ကားဗုံးခွဲ တိုက်ခိုက်မှုများကို အယ်လ်ရှာဘတ် စစ်သွေးကြွအုပ်စုက ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုမာလီယာသမ္မတ ဟက်ဆန်ရှိတ်ခ်မိုဟာမက်က စွပ်စွဲထားကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## လွန်ခဲ့သောနှစ် ၅၀၀၀၀ ခန့်ထိ အင်္ဂါဂြိုဟ်မျက်နှာပြင်အောက်၌ ချော်ရည်များစီးဆင်းခဲ့ဖွယ်ရှိ



**ဘန်း အောက်တိုဘာ ၃၀**

လွန်ခဲ့သောနှစ်ပေါင်း ၅၀၀၀၀ ခန့်ထိ အင်္ဂါဂြိုဟ်မျက်နှာပြင်အောက်၌ ချော်ရည်များလှုပ်ရှားစီးဆင်းနိုင်ခဲ့ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက အောက်တိုဘာ ၂၉ ရက်က ရေးသားတင်ပြထားသည်။

ဆွစ်ဇာလန်နိုင်ငံ အီးတီအိတ်ချ် ဇူးရစ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များ ဦးဆောင်သော နိုင်ငံတကာ သိပ္ပံပညာရှင်များသည် အင်္ဂါဂြိုဟ် မြေငလျင်လှုပ်ခတ်မှုများနှင့် အင်္ဂါဂြိုဟ် မီးတောင်နယ်မြေတစ်ခု၏ မြေအောက်အနက် ၁၈ ပေကျော်တွင်တည်ရှိသော အနက်ရောင် ဖုန်မှုန့် အနည်ကျလွှာများကို လေ့လာခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ အင်္ဂါဂြိုဟ်မြေအောက်၌ လွန်ခဲ့သော နှစ်ပေါင်း ၅၀၀၀၀ ခန့်ထိတိုင် ချော်ရည်များလှုပ်ရှားစီးဆင်းနေနိုင်ဆဲဖြစ်သည်ကို တွေ့ရသည်ဟု သိပ္ပံပညာရှင်များက ပြောကြားခဲ့ကြောင်း သိရသည်။

ဆာဘားရပ်စ်ဖော့ဘေးအမည်ရှိ မီးတောင်နယ်မြေ မြေအောက်ရှိ ဖုန်မှုန့်အနည်ကျလွှာများသည် လွန်ခဲ့သောနှစ်ပေါင်း ၅၀၀၀၀ ခန့်က ဖြစ်ပွားသည့် မီးတောင်လှုပ်ရှားမှုများ၏ အကြွင်းအကျန်များဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

အင်္ဂါဂြိုဟ်၏ နောက်ဆုံး မီးတောင်လှုပ်ရှားမှုမှာ လွန်ခဲ့သောနှစ်ပေါင်း လေးဘီလီယံကဖြစ်ပွားခဲ့ကြောင်း သိပ္ပံပညာရှင်များက ယခင်က ယူဆထားသည်။

သို့ရာတွင် အင်္ဂါဂြိုဟ်မြေငလျင်လှုပ်ခတ်မှုများအနက် အချို့မှာ အပူဓာတ်ရှိသည့် အရင်းအမြစ်များမှ ပေါ်ထွက်လာခြင်းဖြစ်ရာ အင်္ဂါဂြိုဟ်ပေါ်၌ မကြာသေးမီအချိန်များထိ မီးတောင်လှုပ်ရှားမှုများရှိခဲ့သော လက္ခဏာဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။ KKO


## ကမ္ဘာမြေနှင့်အနီးဆုံး အာကာသတွင်းနက်တစ်ခု သိပ္ပံပညာရှင်များရှာဖွေတွေ့ရှိ

**ဝါရှင်တန် အောက်တိုဘာ ၃၀**

ကမ္ဘာမြေနှင့်အနီးဆုံးအာကာသတွင်းနက်အဖြစ် ယူဆနိုင်သည့် အာကာသတွင်းနက်တစ်ခုကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း MSN သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၂၉ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါ အာကာသတွင်းနက်သည် ကမ္ဘာမြေနှင့်အလင်းနှစ် ၁၅၅၀ ခန့်အကွာတွင်သာရှိရာ နက္ခတ္တရူပဗေဒသဘောအရ ကမ္ဘာ၏ အိမ်နီးချင်းအာကာသတွင်းနက်အဖြစ် သတ်မှတ်နိုင်ကြောင်း အမေရိကန်နိုင်ငံ အလာဘားမားတက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

ဒြပ်ထုအားဖြင့် နေ၏ဒြပ်ထုထက် ၁၂ ဆ ပိုကြီးမားသော ၎င်းအာကာသတွင်းနက်ကို ဥရောပအာကာသအေဂျင်စီ၏ ဂိုင်ယာဂြိုဟ်တု၏ အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။



အဆိုပါ အာကာသတွင်းနက်၏ ဒြပ်ထုနှင့်တည်ရှိရာနေရာ အကွာအဝေးကြောင့် ၎င်းတွင်းနက်သည် သိပ္ပံပညာရှင်များအတွက် စူးစမ်းလေ့လာရေးလုပ်ဆောင်ရန် အခွင့်အလမ်းသာသည့် အာကာသတွင်းနက်ဖြစ်သည်ဟု အမေရိကန် သိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

အာကာသတွင်းနက်များမှာ အရွယ်အစားအမျိုးမျိုးရှိတတ်ပြီး ကြယ်များဒြပ်ဆွဲအားကြောင့် ပြိုကွဲချိန်တွင်ဖြစ်ပေါ်လာသည့် အာကာသတွင်းနက်များမှာ ဒြပ်ထုအားဖြင့် နေဒြပ်ထုထက် အဆအတန်ငယ်မျှသာ ပို၍ကြီးမားကြောင်း သိရသည်။

သို့ရာတွင် ကြယ်စုများ၏ဗဟိုချက်၌ရှိတတ်သော မဟာအာကာသတွင်းနက်ကြီးများမှာမူ ဒြပ်ထုအားဖြင့် နေဒြပ်ထုထက် အဆပေါင်းသန်းနှင့်ချီ ကြီးမားတတ်ကြောင်း သိရသည်။ KKO

## အာကာသယာဉ်များဆင်းသက်ရာတွင် အထောက်အကူပေးမည့်နည်းပညာတစ်ရပ်ကို သိပ္ပံပညာရှင်များက အာကာသဟင်းလင်းပြင်၌ စမ်းသပ်မည်

**ဝါရှင်တန် အောက်တိုဘာ ၃၀**

အင်္ဂါဂြိုဟ်ပေါ်သို့ အာကာသယာဉ်များ ဆင်းသက်ရာတွင် အထောက်အကူပေးမည့် နည်းပညာတစ်ရပ်ကို အမေရိကန်သိပ္ပံပညာရှင်များက လာမည့်သီတင်းပတ်အတွင်း အာကာသဟင်းလင်းပြင်၌ စမ်းသပ်မည်ဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၂၉ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန် သိပ္ပံပညာရှင်များသည် အာကာသယာဉ်များ လေအိတ်ဖြင့်အရှိန်သတ်မှုနည်းပညာကို စမ်းသပ်ရေးအတွက်LOFTID အမည်ရှိ အာကာသယာဉ်တစ်စင်းကို United Launch Alliance ကုမ္ပဏီ၏ အက်တလပ်စ်-၅ ဒုံးပျံဖြင့် နိုဝင်ဘာ ၁ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

LOFTID အာကာသယာဉ်သည် အပူဒဏ်ခံလေအိတ်တပ်ဆင်ထားသော အာကာသယာဉ်ဖြစ်ပြီး ၎င်းလေအိတ်အကူအညီဖြင့် အရှိန်သတ်မှုနည်းပညာကို အာကာသဟင်းလင်းပြင်အတွင်း လက်တွေ့စမ်းသပ်မည်ဖြစ်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

အမေရိကန် သိပ္ပံပညာရှင်များသည် အင်္ဂါဂြိုဟ်ပေါ်သို့ အာကာသယာဉ်များ ဆင်းသက်ရာတွင် ပို၍ အဆင်ပြေနိုင်ရေးအတွက် အပူခံလေအိတ်ဖြင့် အရှိန်သတ်မှုနည်းပညာကို စမ်းသပ်ရန်စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

အင်္ဂါဂြိုဟ်၏ လေထုလွှာသည် လွန်စွာပါးလွှာပြီး ပွတ်ဆွဲအားနည်းမှုကြောင့် အဆိုပါဂြိုဟ်ပေါ်သို့ ဘေးကင်းလုံခြုံစွာ ဆင်းသက်နိုင်ရေးအတွက် အာကာသယာဉ်များမှာ လေထီးနှင့် လေအိတ်များ၏ အကူအညီများကို ရယူကြရကြောင်း သိရသည်။

အပူခံလေအိတ်ကို ဖြန့်ထုတ်၍ အရှိန်သတ်မှု နည်းပညာသည် အာကာသယာဉ်များ အင်္ဂါဂြိုဟ်ပေါ်သို့ ဘေးကင်းစွာဆင်းသက်ရေးအတွက် အဖြေတစ်ရပ်ဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ယုံကြည်ထားသည်။

KKO

# HEALTH

## ကိုယ်ဝန်ဆောင်ကာလ မေ့ဆေးသုံးစွဲခဲ့ရမှုက သန္ဓေသားဖွံ့ဖြိုးမှုပြဿနာများနှင့်ဆက်စပ်မှုမရှိ

**ဘာရပ်ဆဲလ် အောက်တိုဘာ ၃၀**

ကိုယ်ဝန်ဆောင်ကာလ အရေးပေါ် ခွဲစိတ်မှုတစ်ရပ်အတွက် မေ့ဆေးသုံးစွဲခဲ့ရမှုသည် သန္ဓေသားဖွံ့ဖြိုးမှုဆိုင်ရာ ပြဿနာများနှင့် ဆက်စပ်မှုမရှိကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၂၉ ရက်က ရေးသားတင်ပြထားသည်။

ကိုယ်ဝန်ဆောင်ကာလအတွင်း ဆေးပညာရှင်များသည် မိခင်လောင်းများကို ခွဲစိတ်မှုပြုလုပ်ခြင်း၊ မေ့ဆေးပေးခြင်းများကို ပုံမှန်အားဖြင့် ရှောင်ရှားလေ့ရှိသော်လည်း မိခင်လောင်း တစ်ရာခိုင်နှုန်းခန့်မှာ မမျှော်လင့်သည့် ကျန်းမာရေးပြဿနာများကြောင့် မေ့ဆေးသုံးစွဲ၍ ခွဲစိတ်ကုသမှုခံယူကြရသည်။

ဘယ်လ်ဂျီယံသုတေသနပညာရှင်များသည် သန္ဓေသားဘဝက မေ့ဆေးနှင့် ထိတွေ့ဖူးသူကလေးများနှင့် မထိတွေ့ဖူးသူ ကလေးများကြား အာရုံနှာဗ်ဆဲလ်စနစ် ဖွံ့ဖြိုးမှုပုံစံများကို နှိုင်းယှဉ်လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက် ရလဒ်များအရ အထက်ပါ ကလေးအုပ်စုနှစ်စုကြား အာရုံနှာဗ်ဆဲလ်စနစ်ဖွံ့ဖြိုးမှုပုံစံများမှာ သိသိသာသာ ခြားနားမှုမရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ ကိုယ်ဝန်ဆောင်ကာလအတွင်း အရေးပေါ်ခွဲစိတ်မှုအတွက် မိခင်လောင်းများကို မေ့ဆေးပေးရမှုသည် သန္ဓေသား၏ ဖွံ့ဖြိုးမှုအပေါ် အကျိုးသက်ရောက်မှုမရှိနိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

သို့ရာတွင် ကိုယ်ဝန်ဆောင်မိခင်လောင်းများအနေဖြင့် ကိုယ်ဝန်ဆောင်ကာလ၌ အရေးပေါ်၊ မဖြစ်မနေ ပြုလုပ်ရန်လိုသောခွဲစိတ်မှုများသာ ပြုလုပ်သင့်ကြောင်း သုတေသနပညာရှင်များက အကြံပြုထားသည်။

KKO

## အချဉ်တည်အစားအစာနှင့် အမျှင်ဓာတ်ပါအစာများ စားသုံးပါက စိတ်ဖိအားဝင်ရောက်မှုကို လျှော့ချပေးနိုင်

**ဒပ်ဘ်လင် အောက်တိုဘာ ၃၀**

အချဉ်တည်ထားသော အစားအစာများနှင့် အမျှင်ဓာတ်ပါသည့် အစားအစာများသည် စိတ်ဖိအားအဆင့်ကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၂၉ ရက်က ရေးသားတင်ပြထားသည်။

စိတ်ဖိစီးမှုပြဿနာကိုရင်ဆိုင်ရာတွင် အထိရောက်ဆုံးနည်းလမ်းတစ်ရပ်မှာ စားသုံးသည့်အစားအစာကို ရွေးချယ်စားသုံးမှုဖြစ်နိုင်ကြောင်း အိုင်ယာလန် သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အချဉ်တည်ထားသော အစားအစာများနှင့် အမျှင်ဓာတ်ပါသော အစားအစာများသည် စိတ်ဖိအားဝင်ရောက်မှုကို လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သုတေသန ပညာရှင်များ၏ လက်တွေ့စမ်းသပ်မှုများမှ ထွက်ပေါ်လာသည့်ရလဒ်များအရအချဉ်တည် အစားအစာများနှင့်အမျှင်ဓာတ်ပါ အစားအစာများကို ရက်သတ္တလေးပတ်ကြာ ပုံမှန်ထက်ပို၍ စားသုံးပေးပါက စိတ်ဖိအားဝင်ရောက်မှုအဆင့် သိသိသာသာကျဆင်းလာကြောင်း သိရသည်။

သို့ရာတွင် အထက်ပါအစားအစာများ စားသောက်မှုနှင့် စိတ်ဖိစီးမှုလျော့ပါးမှုတို့ကြား မည်သို့မည်ပုံဆက်စပ်နေသည်ကို သုတေသနပညာရှင်များက ရှင်းပြနိုင်မှု မရှိသေးကြောင်း သိရသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

# တိုက်စစ်မှူးဟာလန်း ဆီဗီလာအသင်းနှင့် ပွဲစဉ်ကို လွဲချော်မည်ဟု နည်းပြဂွါဒီယိုလာပြောကြား

**မန်ချက်စတာ အောက်တိုဘာ ၃၀**

ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဒေါ့မွန်အသင်းကို သရေရလဒ်ထွက်ပေါ်ခဲ့သည့်ပွဲစဉ်တွင် ခြေဖဝါးဒဏ်ရာ ရရှိခဲ့သည့် တိုက်စစ်မှူး ဟာလန်း အနေဖြင့် လာမည့် ဆီဗီလာ အသင်းနှင့် ပွဲစဉ်တွင် ပါဝင်နိုင်မည် မဟုတ်ကြောင်း နည်းပြဂွါဒီယိုလာက အတည်ပြုပြောကြားခဲ့သည်ဟု 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

တိုက်စစ်မှူး ဟာလန်းသည် ဒေါ့မွန်အသင်းနှင့် ပွဲစဉ် ပထမပိုင်း ပွဲချိန်အတွင်း ခြေဖဝါးဒဏ်ရာရရှိခဲ့သဖြင့် လူစားလဲခဲ့ရပြီးနောက် ၎င်း၏ဒဏ်ရာအခြေအနေမှာ အရွတ်ထိခိုက်မှုရှိနေသဖြင့် လာမည့် နိုဝင်ဘာ ၃ ရက်တွင် ကစားရမည့် ဆီဗီလာအသင်းနှင့်ပွဲစဉ်ကို လွဲချော်မည်ဖြစ်ကာ နိုဝင်ဘာ ၅ ရက် ဖူလ်ဟမ်အသင်းနှင့် ကစားရမည့် ပရီးမီးယားလိဂ် ပွဲစဉ်တို့ကိုလည်း လွဲချော်နိုင်ကြောင်း နည်းပြဂွါဒီယိုလာက ပြောကြားခဲ့သည်။

နည်းပြဂွါဒီယိုလာက "ဟာလန်း ရရှိခဲ့တဲ့ ဒဏ်ရာဟာ အရွတ်ထိခိုက်မှုရှိသွားတာ မသိလိုက်ပါဘူး။ သူ့ကိုကြည့်ရတာ ပုံမှန်အခြေအနေပဲလို့မြင်ပါတယ်။ ဒါကြောင့် သူပြန်လာဖို့ ရက်သတ္တပတ်လောက် စောင့်ဆိုင်းရမှာပါ။ သေချာတာကတော့ ဆီဗီလာနဲ့ပွဲစဉ်ကို လွဲချော်မှာဖြစ်ပါတယ်။ ကျွန်တော်ကတော့ ဖူလ်ဟမ်နဲ့ပွဲစဉ်ကို ပြန်ကစားနိုင်ဖို့ မျှော်လင့်ထားပါတယ်။ ဒါမှမဟုတ်ရင်တော့ ချဲလ်ဆီးနဲ့ ကစားမယ့် ကွာရာဘောင်းပွဲစဉ်မှာတော့ ပြန်လည်ပါဝင်နိုင်မှာပါ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ML



# ဥရောပထိပ်တန်းလိဂ်ငါးခုတွင် ပြိုင်ပွဲစုံရှုံးပွဲမရှိသေးသည့်အသင်းများအဖြစ် နာပိုလီအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ ဆက်လက်ရပ်တည်



**ပဲရစ် အောက်တိုဘာ ၃၀**

ယခုနှစ်ဘောလုံးရာသီ ဥရောပထိပ်တန်းလိဂ်ငါးခုတွင် ပြိုင်ပွဲစုံရှုံးပွဲမရှိသေးသည့် အသင်းများအဖြစ် စီးရီးအေကလပ် နာပိုလီအသင်းနှင့် ပြင်သစ်လီဂူးကလပ် ပီအက်စ်ဂျီအသင်းတို့က ဆက်လက်ရပ်တည်လျက်ရှိနေသည်ဟု The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ယခုနှစ် ဘောလုံးရာသီတွင် အစောပိုင်းက ဥရောပထိပ်တန်းလိဂ် ငါးခုတွင် ရှုံးပွဲမရှိသေးသည့် အသင်း သုံးသင်းရှိနေခဲ့သော်လည်း ရီးရဲလ်မက်ဒရစ်အသင်းက ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ရှုံးပွဲကြုံခဲ့ရပြီးနောက် နာပိုလီအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့သာ ဆက်လက်ရပ်တည်လျက်ရှိနေပြီး ယခုရက်သတ္တပတ်အတွင်း ကစားခဲ့သည့်ပွဲစဉ်များတွင် နာပိုလီအသင်းနှင့်ပီအက်စ်ဂျီအသင်းတို့အနေဖြင့် ပြိုင်ဘက်များကို ကိုယ်စီအနိုင်ရရှိခဲ့ကြပြီး ရှုံးပွဲမရှိ စံချိန်များကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

နာပိုလီအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် အကောင်းဆုံးခြေစွမ်းပြသလျက်ရှိနေပြီး အသင်းသမိုင်းတစ်လျှောက် အကောင်းဆုံးရာသီအစ စံချိန်မှတ်တမ်းကောင်းတစ်ရပ်ရရှိထားပြီး စီးရီးအေပြိုင်ပွဲပွဲစဉ် (၁၂) အဖြစ် ကစားခဲ့သည့် ဆက်ဆူအိုလိုအသင်းနှင့် ပွဲစဉ်တွင်လည်း လေးဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီးနောက် စီးရီးအေပြိုင်ပွဲတွင် ၁၂ ပွဲကစားပြီး ၁၀ ပွဲနိုင် နှစ်ပွဲသရေရလဒ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးတွင် ရပ်တည်လျက်ရှိနေသည်။

ထို့အတူ ပီအက်စ်ဂျီအသင်းသည်လည်း ပြင်သစ်လီဂူးပွဲစဉ်(၁၃) အဖြစ် ကစားခဲ့သည့်ပွဲစဉ်တွင် ထရွိုင်းယက်စ်အသင်းကို လေးဂိုး သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ၁၃ ပွဲကစားအပြီးတွင် ၁၁ ပွဲနိုင် နှစ်ပွဲသရေ ပေးဂိုး ရှစ်ဂိုးသာရှိခဲ့ပြီး ၃၆ ဂိုးထိ ရရှိအောင်စွမ်းဆောင်နိုင်ခဲ့ကာ ဥရောပထိပ်တန်းလိဂ် ငါးခုတွင် တိုက်စစ်အကောင်းဆုံးအသင်းအဖြစ် ရပ်တည်နေကြောင်း သိရသည်။

STA

# Bermuda Championship ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ဆီးမက်ပါဝါနှင့် ဂရစ်ဖင်တို့ ပူးတွဲဦးဆောင်

**ဆောက်သမ်တန် အောက်တိုဘာ ၃၀**

ဘာမြူဒါနိုင်ငံ ဆောက်သမ်တန်တွင် ကျင်းပနေသည့် Bermuda Championship ဂေါက်သီးရိုက်ပြိုင်ပွဲတတိယနေ့အပြီးတွင် အိုင်ယာလန် ဂေါက်သီးရိုက်ကစားသမား ဆီးမက်ပါဝါနှင့် အမေရိကန် ဂေါက်သီးရိုက်ကစားသမားဂရစ်ဖင်တို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၈ ချက် လျှော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း Skysports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဩစတြေးလျ ဂေါက်သီးရိုက်ကစားသမား ဘက်ဒယ်လေနှင့် ထိုင်ဝမ်ဂေါက်သီးရိုက်ကစားသမား ချန်အန်ယူတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၆ ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာ၌ ပူးတွဲရပ်တည်လျက်ရှိသည်။

ဘာမြူဒါနိုင်ငံသည် လေတိုက်နှုန်းမြင့်မားသည့် နိုင်ငံဖြစ်သည့်အတွက် ပြိုင်ပွဲဝင်များအနေဖြင့် လေတိုက်နှုန်းကြောင့် ကစားရခက်သည့် အခြေအနေဖြင့် ရင်ဆိုင်ခဲ့ရသည်။

ဆီးမက်ပါဝါက "ပထမနေ့နဲ့ ဒုတိယနေ့က ရလဒ်တွေကကျေနပ်စရာကောင်းတဲ့ ရလဒ်တော့မဟုတ်ပါဘူး။ အဆိုးကြီးလဲ မဟုတ်ခဲ့ပါဘူး။ တတိယနေ့မှာ ရလဒ်ကောင်းရယူနိုင်ဖို့ လိုအပ်နေတဲ့အတွက် တတ်နိုင်သမျှရလဒ်ကောင်းအောင် ကြိုးစားခဲ့တယ်။ ကျင်းနံပါတ် (၁၁) မှာ Birdies ရမှဖြစ်မယ်ဆိုတဲ့ စိတ်နဲ့အာရုံစိုက်ပြီး ကစားခဲ့တာ လေးကျင်းဆက်တိုက် Birdies ရခဲ့တဲ့အတွက် အမှတ်ပေးဇယားထိပ်ကို တက်ရောက်နိုင်ခဲ့တယ်။ တတိယနေ့မှာကစားနိုင်ခဲ့တဲ့ပုံစံက ကျွန်တော်လိုချင်တဲ့ပုံစံပါ။ ကစားရတာလဲ အရမ်းပျော်ပါးတယ်လို့ ခံစားမိတယ်" ဟု ပြောကြားခဲ့သည်။

ဂရစ်ဖင်က "ပြီးခဲ့တဲ့ ၁၄ လ အတွင်းမှာ လက်စွမ်းပိုင်းကသိသိသာသာတိုးတက်လာတယ်လို့ ခံစားရတယ်။ ကစားရတာ အရမ်းအဆင်ပြေတယ်။ ရလဒ်တွေလဲ တိုးတက်လာတယ်။ နောက်ဆုံးနေ့ထိ ဒီပုံစံကို ဆက်ထိန်းသိမ်းနိုင်မယ်လို့ မျှော်လင့်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# လိုက်ဝိတ်တန်းယာယီချန်ပီယံ လိုမာချန်ကိုက အော့တစ်ဇ်ကို ဒိုင်အမှတ်ဖြင့် အနိုင်ရရှိ

**နယူးယောက် အောက်တိုဘာ ၃၀**

လိုက်ဝိတ်တန်း စိန်ခေါ်ပွဲစဉ်တစ်ပွဲအဖြစ် WBA (Super)၊ WBO လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဟောင်း လက်ရှိ WBO Inter-Continental လိုက်ဝိတ်တန်း ယာယီချန်ပီယံလိုမာချန်ကိုက အမေရိကန် လက်ဝှေ့သမား အော့တစ်ဇ်နှင့်ယနေ့တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ လိုမာချန်ကိုက ဒိုင်အမှတ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း Boxing Scene သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရုရှား-ယူကရိန်းအရေးကြောင့် လိုက်ဝိတ်တန်း ပြိုင်ဘက်ကင်းချန်ပီယံစိန်ခေါ်ပွဲစဉ်ဖြင့် လွဲချော်ခဲ့ရသည့် ယူကရိန်းလက်ဝှေ့သမား လိုမာချန်ကိုသည် ပြိုင်ဘက်ကင်းချန်ပီယံဘွဲ့အတွက် အော့တစ်ဇ်နှင့် စိန်ခေါ်ထိုးသတ်ခဲ့ခြင်းဖြစ်ပြီး အနိုင်ရလဒ်ကို ထိုက်ထိုက်တန်တန်ရရှိခဲ့ပြီးနောက် လိုက်ဝိတ်တန်း ပြိုင်ဘက်ကင်းချန်ပီယံကို စိန်ခေါ်ခွင့်ရရှိခဲ့သည်။

လိုမာချန်ကိုသည် ပထမအချီကတည်းက အော့တစ်ဇ်အားဖိအားပေးထိုးသတ်ခဲ့ပြီး အော့တစ်ဇ်သည် ပထမအချီမှာတင် မျက်ခုံးကွဲသွားခဲ့သည်။

သို့သော်လည်း အော့တစ်ဇ်သည် ကမ္ဘာ့ချန်ပီယံကိုစိန်ခေါ်ခွင့်ရရှိရေးအတွက် အရေးပါသည့် စိန်ခေါ်ပွဲဖြစ်သည့်အတွက် အားနည်းချက်များကို ပြန်လည်ပြင်ဆင်ကာ လိုမာချန်ကိုအား အကောင်းဆုံးတုံ့ပြန်နိုင်ခဲ့သည်။

အကြိတ်အနယ်ရှိသည့် စိန်ခေါ်ပွဲတစ်ပွဲဖြစ်ခဲ့ပြီး ဒိုင်သုံးဦးရှိသည့်အနက် အမှတ် (၁) ဒိုင်က (၁၁၅-၁၁၃) ရမှတ်ဖြင့် လည်းကောင်း၊ အမှတ် (၂) ဒိုင်က (၁၁၅-၁၁၃) ရမှတ်ဖြင့် လည်းကောင်း၊ အမှတ် (၃) ဒိုင်က (၁၁၇-၁၁၁) ရမှတ်ဖြင့် လည်းကောင်း လိုမာချန်ကိုအား အနိုင်ပေးခဲ့သည်။

အော့တစ်ဇ်ကို အနိုင်ထိုးသတ်ခဲ့ပြီးနောက် လိုမာချန်ကိုသည် လိုက်ဝိတ်တန်း၏ ပြိုင်ဘက်ကင်းချန်ပီယံအဖြစ် ရပ်တည်နေသည့်



အမေရိကန်လက်ဝှေ့သမား ဒါဝင်ဟန်နေကို စိန်ခေါ်ထိုးသတ်သွားမည်ဖြစ်ကြောင်း သိရသည်။

လိုမာချန်ကိုက "ဒီစိန်ခေါ်ပွဲမှာ ကျွန်တော့်ကို အနိုင်ရရှိစေခဲ့တဲ့ အဓိကအချက်က လိုက်ဝိတ်တန်းရဲ့ ချန်ပီယံခါးပတ်လေးခုပါပဲ။ ဒီပွဲနိုင်ရင် လိုက်ဝိတ်တန်းရဲ့ ပြိုင်ဘက်ကင်းချန်ပီယံဘွဲ့ကို ရယူနိုင်ဖို့အခွင့်အရေးရမယ်။ ဒါကြောင့် ကျွန်တော် အကောင်းဆုံးကြိုးစားခဲ့တယ်။ ပြိုင်ဘက်ကင်းကမ္ဘာ့ချန်ပီယံကိုစိန်ခေါ်သွားဖို့ ကျွန်တော့်ဘက်ကတော့ အဆင်သင့်ဖြစ်နေပါပြီ။ ဆွေးနွေးမှုတွေပြုလုပ်ပြီးတော့ ကျွန်တော့်ဘက်ကလဲ ပိုကောင်းတဲ့လေ့ကျင့်ပြင်ဆင်မှုတွေ ပြုလုပ်သွားမယ်။ ပြိုင်ဘက်ကင်း ချန်ပီယံအဖြစ် ရပ်တည်ခွင့်ရဖို့ မစောင့်နိုင်အောင်ဖြစ်နေပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ် ပွဲကြိုသုံးသပ်ချက်

STA

**မာဆေး Vs စပါး**

**ကစားမည့်ရက်/အချိန် ၂-၁၁-၂၀၂၂ (နံနက် ၀၂:၃၀နာရီ)**

**ပထမအကျော့ရလဒ်**

**စပါး ၂ – ၀ မာဆေး**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| မာဆေး | – | အိမ်(ရှုံး) | ဝေး(ရှုံး) | ဝေး(သရေ) |
| စပါး | – | အိမ်(ရှုံး) | အိမ်(သရေ) | ဝေး(နိုင်) |

နှစ်သင်းစလုံးမဖြစ်မနေအနိုင်ရလဒ်ရရှိမှသာ နောက်တစ်ဆင့်တက်ရောက်နိုင်မှာဖြစ်လို့ အမှားခံမှာမဟုတ်ပါဘူး။ သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေတဲ့ မာဆေးအသင်းကတော့ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိဘဲ ရုန်းကန်နေရပါတယ်။ လက်ရှိစပါးအသင်းရဲ့ အဝေးကွင်းတိုက်စစ်ပိုင်းကလဲ ကောင်းမွန်နေလို့ စပါးကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – စပါး ၂ – ၁ မာဆေး**

## အားကစားသတင်း အတိုအထွာများ

- ဘာရိုက်တန်အသင်းကို လေးဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ချဲလ်ဆီးအသင်း နည်းပြသစ် ဂရာဟမ်ပေါ်တာအနေဖြင့် ပထမဆုံးရှုံးပွဲကြုံတွေ့ခဲ့ကြောင်း သိရသည်။
- ဘာစီလိုနာအသင်းအနေဖြင့် လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် တိုက်စစ်မှူး မက်ဆီကို ပြန်လည်ခေါ်ယူနိုင်မည်ဟုယုံကြည်ကြောင်း အသင်းဥက္ကဋ္ဌ လာပေါ်တာက ထုတ်ဖော်ပြောကြားခဲ့သည်။
- နည်းပြလက်မဲ့ဖြစ်နေသည့် ဝုဗ်အသင်းက ဆီဗီလာအသင်း နည်းပြဟောင်း လိုပက်တီဂူကို ဒုတိယအကြိမ် ထပ်မံကမ်းလှမ်းမှုပြုလုပ်ခဲ့သည်။

ML

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၈)တွင် မြဝတီအက်ဖ်စီအသင်း အနိုင်ရရှိ

**ရန်ကုန် အောက်တိုဘာ ၃၀**

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၈)အဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းတွင် မြဝတီ အက်ဖ်စီအသင်းနှင့် ရောဝတီ ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင် ကစားခဲ့ရာ မြဝတီအက်ဖ်စီအသင်း က နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ ကြောင်း သိရသည်။



အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းစလုံး အပြန်အလှန်ဖိအား ပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန်ကြာလာသည်နှင့် ရောဝတီ ယူနိုက်တက်အသင်းက ဘောလုံး ပိုင်ဆိုင်မှုအသာစီးဖြင့် ပိုမိုဖိအား ပေးကစားနိုင်ခဲ့ကာ ပွဲချိန် မိနစ် ၂၀ တွင် ညီညီအောင်က ရောဝတီ ယူနိုက်တက် အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

ဦးဆောင်ဂိုးပေးခဲ့ရပြီးနောက် မြဝတီအက်ဖ်စီ အသင်းကလည်း တန်ပြန်တိုက်စစ်များမှ တစ်ဆင့် အကောင်းဆုံး ပြန်လည်ဖိအားပေး ကစားနိုင်ခဲ့ကာ ပွဲချိန် မိနစ် ၃၀ တွင် သက်ပိုင်ကိုက ချေပဂိုး ပြန်လည်သွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေ ရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် ပွဲချိန် ဒုတိယပိုင်း တွင် ပထမပိုင်းကထက် ပိုမို တိုက် စစ်ဆင် ဖိအားပေးမှုများရှိခဲ့ပြီး ပိုမိုအကြိတ်အနယ်ရှိခဲ့ကာ ရောဝတီ ယူနိုက်တက်အသင်းက ဘောလုံး ပိုင်ဆိုင်မှုအသာစီးဖြင့် ဖိအားပေး ကစားနိုင်ခဲ့သည်။

သို့သော် မြဝတီအက်ဖ်စီ အသင်း ခံစစ်ပိုင်းကလည်း အမှား အယွင်းမရှိ အကောင်းဆုံး တုံ့ပြန် ကစားနိုင်ခဲ့ပြီး ပွဲချိန် ၇၄ မိနစ်တွင် အောင်ထွန်းက မြဝတီအက်ဖ်စီ အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သည်။

လက်ကျန်ပွဲချိန်များတွင် ရောဝတီယူနိုက်တက်အသင်းက ချေပ ဂိုးအတွက် တိုက်စစ်ဆင်ဖိအားပေး ကစားခဲ့သော်လည်း အဆုံးသတ်ပိုင်း အားနည်းမှုများကြောင့် ပွဲပြီးဆုံး ချိန်တွင် မြဝတီအက်ဖ်စီအသင်း က ရောဝတီယူနိုက်တက်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ ကြောင်း သိရသည်။

STA

# Vienna Open ပြိုင်ပွဲဗိုလ်လုပွဲစဉ်သို့ ရှာပိုဗာလော့နှင့် မျက်ဒဗျက်တို့ တက်ရောက်

**ဗီယင်နာ အောက်တိုဘာ ၃၀**

သြစတြီးယားနိုင်ငံ ဗီယင်နာ မြို့တွင် ကျင်းပနေသည့် Vienna Open တင်းနစ်ပြိုင်ပွဲဆီမီးဖိုင်နယ် ပွဲစဉ်များအဖြစ် ရုရှားတင်းနစ် ကစားသမားမျက်ဒဗျက်သည် ဘူလ် ဂေးရီးယား တင်းနစ်ကစားသမား ဒီမီထရော့ဗ်နှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး မျက်ဒဗျက်က (၆-၄၊ ၆-၂) ရလဒ် ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲစဉ် သို့ တက်ရောက်ခဲ့ကြောင်း JP Times သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အခြားသော ဆီမီးဖိုင်နယ်ပွဲစဉ် တစ်ပွဲအဖြစ် ကနေဒါတင်းနစ် ကစားသမားရှာပိုဗာလော့နှင့် ခရို အေးရှား တင်းနစ်ကစားသမား ဆိုရစ်တို့ ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်တွင် ရှာပိုဗာလော့က (၇-၆၊ ၆-၀) ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည့် အတွက် ဗိုလ်လုပွဲစဉ်တွင် မျက်ဒဗျက်နှင့် ရှာပိုဗာလော့တို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

မျက်ဒဗျက်က "ဆီမီးဖိုင်နယ် အဆင့်မှာရလဒ်ကောင်းနဲ့ အနိုင် ရရှိခဲ့တယ်ဆိုပေမဲ့လဲ ကျွန်တော့် အနေနဲ့ ဒီထက်ပိုကောင်းအောင် ကစားနိုင်ခဲ့သင့်တယ်။ ဒီမီထရော့ဗ် လို ကစားသမားမျိုးကို အနိုင်ရခဲ့တဲ့ အတွက် ဝမ်းသာဂုဏ်ယူပေမဲ့လဲ အမှားအယွင်းတွေရှိနေတာကိုတော့ သဘောမကျပါဘူး။ ကျွန်တော့် အနေနဲ့ ပွဲတစ်ပွဲကစားတဲ့အခါမှာ ပြိုင်ဘက်ကစားသမားကို အစော ပိုင်းကတည်းက ဖိအားပေးကစား နိုင်ဖို့ လိုအပ်နေသေးတယ်။ ကျွန်တော့်ရဲ့ စွမ်းဆောင်ရည်ပိုင်းကို လဲ အဆင့်တစ်ဆင့် မြှင့်တင်နိုင်ဖို့ လိုအပ်နေသေးတယ်။ ဒီအဆင့် မျိုးနဲ့ အောင်မြင်မှုတွေ ဆွတ်ခူးနိုင် ဖို့ဆိုတာ မဖြစ်နိုင်သေးဘူး" ဟု ပြောကြားခဲ့သည်။

AZL

# ခံစစ်ကစားသမား လူးကပ်ဟာနန်ဒက်ကို သက်တမ်းတိုးရန် ဘိုင်ယန်မြူးနစ်အသင်း သဘောတူညီမှုရရှိ

**မြူးနစ် အောက်တိုဘာ ၃၀**

ဘိုင်ယန်မြူးနစ် အသင်းသည် ခံစစ်ကစားသမား လူးကပ်ဟာနန် ဒက်ကို အနာဂတ်စီမံကိန်းတွင် ထည့်သွင်းထားသောကြောင့် ကာလ ရှည်စာချုပ်ဖြင့် သက်တမ်းတိုးရန် ကမ်းလှမ်းခဲ့ရာ သဘောတူညီမှုရရှိ ခဲ့ကြောင်း Goal.com က ယနေ့ တွင် ဖော်ပြခဲ့သည်။



အသက် ၂၆ နှစ်ရှိ ခံစစ်ကစား သမားသည် လာမည့် ၂၀၂၄ ခုနှစ် မှာ ဘိုင်ယန်မြူးနစ်အသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ် ပြီး ၎င်းအနေဖြင့် ပုံမှန်ပွဲကစားခွင့် ရရှိရန် ချွန်းကန်နေရသဖြင့် စာချုပ် ကုန်ဆုံးချိန်တွင် အသင်းမှထွက်ခွာ ရန် ဆန္ဒရှိခဲ့သော်လည်း ယခုအခါ အသင်းတာဝန်ရှိသူများက ကာလ ရှည်စာချုပ်ဖြင့် ကမ်းလှမ်းခဲ့သော ကြောင့် သက်တမ်းတိုးရန် သဘော တူညီခဲ့ကြောင်း သိရသည်။

ဘိုင်ယန်မြူးနစ် ဘုတ်အဖွဲ့ အနေဖြင့် ခံစစ်ပိုင်းတွင် အုပါမီကာနို၊ ဒီလိုက်တို့ရှိသော်လည်း လူးကပ် ဟာနန်ဒက်၏ ခြေစွမ်းပိုင်းကို သဘောကျနှစ်သက်သဖြင့် အနာဂတ် စီမံကိန်းတွင် ထည့်သွင်းထားပြီး စာချုပ်သက်တမ်းတိုးရန် ဆွေးနွေး ခဲ့ရာသဘောတူညီမှုရရှိခဲ့ပြီး ကစား သမားအနေဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲ ပြီးမှသာ အတည်ပြုလက်မှတ်ရေး ထိုးမည်ဖြစ်ကြောင်း သိရသည်။

လူးကပ်ဟာနန်ဒက်သည် ယခု နှစ်ဘောလုံးရာသီတွင် ပေါင်ကြွက် သားဒဏ်ရာကြောင့် ပြိုင်ပွဲစုံ ခြောက်ပွဲသာ ပါဝင်ကစားခွင့်ရရှိခဲ့ ကြောင်း သိရသည်။

ML

# အာဆင်နယ်ကစားသမား လိုကွန်ဂါကို မက်ကင်နီနှင့် အလဲအထပ်ပြုလုပ်ရန် ဂျူဗင်တပ်အသင်းပြင်ဆင်

**ရောမ အောက်တိုဘာ ၃၀**

ဂျူဗင်တပ်အသင်းသည် လုပ်ခ လစာမြင့်မားသည့် ကွင်းလယ် ကစားသမား မက်ကင်နီကို အသင်း မှ ထွက်ခွာခွင့်ပြုထားသော်လည်း တရားဝင် ကမ်းလှမ်းမှုမရှိသဖြင့် အာဆင်နယ်ကွင်းလယ်ကစားသမား လိုကွန်ဂါနှင့် အလဲအထပ်ပြုလုပ် ရန် ဆန္ဒရှိနေသည်ဟု Goal.com က ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။


လက်ရှိတွင် ကွင်းလယ်ကစား သမား မက်ကင်နီကို စပိန်အသင်း နှင့် အာဆင်နယ်အသင်းတို့ အပါ အဝင် ပရီးမီးယားလိဂ်ကလပ် အသင်းများက စိတ်ဝင်စားနေသော ကြောင့် နည်းပြပယ်လီဂရီက ၎င်း ၏ကစားကွက်နှင့် ကိုက်ညီမှုရှိသည့် အာဆင်နယ်ကစားသမား လိုကွန်ဂါ ကို ခေါ်ယူလိုသဖြင့် အာဆင်နယ် အသင်းက စိတ်ဝင်စားနေသည့် မက်ကင်နီနှင့် အလဲအထပ်ပြုလုပ် ရန် စီစဉ်နေခြင်းဖြစ်သည်။

မက်ကင်နီသည် ကြံ့ခိုင်မှုပိုင်း အားနည်းသော်လည်း ကွင်းလယ် ပိုင်းတွင် ခြေစွမ်းပြသနိုင်ခဲ့ကာ ပြိုင်ပွဲစုံတွင် သွင်းဂိုး သုံးဂိုးနှင့် ဂိုးဖန်တီးမှုတစ်ကြိမ် ပြုလုပ်နိုင်ခဲ့ သော်လည်း နည်းပြပယ်လီဂရီက ၎င်း၏ကစားကွက်နှင့် ကိုက်ညီမှု မရှိသဖြင့် အနာဂတ်အစီအစဉ်တွင် ထည့်သွင်းမထားဘဲ ရောင်းချရန် သာ ဆုံးဖြတ်ထားကြောင်း သိရသည်။

နည်းပြပယ်လီဂရီ၏ဂျူဗင်တပ် အသင်းသည် ယခုနှစ်ဘောလုံးရာသီ တွင် ရလဒ်များ ကျဆင်းခဲ့ပြီး အမှတ်ပေးပြိုင်ပွဲ ၁၂ ပွဲကစားအပြီး တွင် ခြောက်ပွဲနိုင်၊ လေးပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ဖြင့် အဆင့် (၇) နေရာတွင် ရောက်ရှိနေသည့်အပြင် ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ငါးပွဲ ကစားအပြီးတွင် တစ်ပွဲသာအနိုင် ရရှိခဲ့သောကြောင့် အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရကြောင်း သိရသည်။

ML





# အသက် ၁၆ နှစ်အောက် ဘောလုံးပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးအသင်း ဗိုလ်လုပွဲတက်ရောက်

**နေပြည်တော် အောက်တိုဘာ ၃၀**

၂၀၂၂ ခုနှစ် ပြည်နယ်နှင့်တိုင်း ဒေသကြီး အသက် ၁၆ နှစ်အောက် ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်အဖြစ် ယနေ့ညနေ ၃ နာရီက နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစား ကွင်းတွင် မကွေးတိုင်းဒေသကြီး အသင်းနှင့် တနင်္သာရီတိုင်းဒေသ ကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မကွေးတိုင်းဒေသကြီး အသင်းက အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

ယနေ့ ဆီမီးဖိုင်နယ်ပွဲစဉ် အဖြစ် တနင်္သာရီတိုင်းဒေသကြီး အသင်းနှင့် မကွေးတိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ မကွေးတိုင်းဒေသကြီး အသင်းမှ တနင်္သာရီတိုင်းဒေသကြီးအသင်းကို ခြောက်ဂိုး နှစ်ဂိုးဖြင့် အနိုင်ရှိခဲ့ပြီး ဗိုလ်လုပွဲအဆင့်သို့တက်ရောက်နိုင် ခဲ့သည်။

၂၀၂၂ ခုနှစ် ပြည်နယ်နှင့်တိုင်း ဒေသကြီး အသက် ၁၆ နှစ်အောက် ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ် အဆင့် ပွဲစဉ်များကို အောက်တိုဘာ ၃၁ ရက် ညနေ ၃ နာရီခွဲတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစား ကွင်း၌ ကချင်ပြည်နယ်အသင်း နှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း တို့ ဆက်လက်ယှဉ်ပြိုင်ကစားသွား မည်ဖြစ်ကြောင်း သိရသည်။

ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်များ နှင့် ဗိုလ်လုပွဲစဉ်ကို ကွင်းအတွင်း အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ် သည့်အပြင် မြန်မာ့အသံနှင့်ရုပ်မြင် သံကြား MRTV HD Channel နှင့် MRTV Sport Channel တို့ မှလည်း တိုက်ရိုက်ထုတ်လွှင့်ပြသ သွားမည်ဖြစ်ကြောင်း သိရသည်။

STA

**စပိန်လာလီဂါ ပွဲစဉ် (၁၂) ရလဒ်**

| | | | |
|---|---|---|---|
| အိုဆာဆူနာ | ၂ - ၀ | ဗယ်လာဒိုးလစ် | |
| ရီးရဲလ်မက်ဒရစ် | ၁ - ၁ | ဂျီရိုနာ | |

**ပရီးမီးယားလိဂ် ပွဲစဉ် (၁၄) ရလဒ်**

| | | | |
|---|---|---|---|
| အာဆင်နယ် | ၅ - ၀ | နော်တင်ဟမ် | |
| မန်ယူ | ၁ - ၀ | ဝက်စ်ဟမ်း | |

**ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၁၂) ရလဒ်**

| | | | |
|---|---|---|---|
| ယူနီယံဘာလင် | ၂ - ၁ | ဂလာဘတ် | (ဝ၄ဝ) |

**ပြင်သစ်လီဂူး ပွဲစဉ် (၁၃) ရလဒ်**

| | | | |
|---|---|---|---|
| အော်ဇေး | ၁ - ၀ | အေဂျက်စီယို | |
| ဘရက် | ၀ - ၀ | ရိမ်း | |
| မိုနာကို | ၂ - ၀ | အန်ဂါ | |
| နန့်တက် | ၁ - ၁ | ကလဲယားမောင့် | |
| ရင်းနက် | ၃ - ၀ | မောင့်ပယ်လီယာ | |

**အီတလီစီးရီးအေ ပွဲစဉ် (၁၂) ရလဒ်**

| | | | |
|---|---|---|---|
| အမ်ပိုလီ | ၀ - ၂ | အတ္တလန်တာ | |
| ခရီမိုနန်စီ | ၀ - ၀ | အူဒီးနီးစ် | (ဝ၄ဝ) |

# အခြေခံစားသောက်ကုန်များအတွက် အရေးပါသော လူတစ်ဦးချင်းစားသုံးနှုန်း

## မျိုးသူ(ကုန်သွယ်မြှင့်)

မြန်မာနိုင်ငံအတွက် အဓိကကျသော အခြေခံစားသောက်ကုန်များကို အဓိကအားဖြင့် အောက်ပါအတိုင်း ခွဲခြားထားပါသည်။ ဆန်အုပ်စု၊ စားသုံးဆီအုပ်စု၊ ဆား၊ ငရုတ်၊ ကြက်သွန်နီနှင့်ကြက်သွန်ဖြူအုပ်စု၊ ချင်းနှင့် နနွင်းမှုန့်အုပ်စု၊ အသား၊ ငါးအုပ်စု၊ ကြက်ဥ၊ ဘဲဥအုပ်စု၊ ဟင်းသီးဟင်းရွက် အုပ်စုနှင့် ပဲအုပ်စုတို့ဖြစ်သည်။ ထိုအထဲတွင် အရေးကြီးသော စားသောက်ကုန်များမှာ ဆန်နှင့်ဆီဖြစ်သည်။ မြန်မာလူမျိုးများအတွက် ဆန်နှင့်ဆီသည် နေ့စဉ်ချက်ပြုတ်စားသောက်ရာတွင် မရှိမဖြစ်လိုအပ်သော စားသောက်ကုန်ဖြစ်သည်။ ထို့ကြောင့် ဆန်နှင့်ဆီတို့၏ဈေးနှုန်းများကို စားသုံးသူပြည်သူများက အမြဲထိတွေ့သိလိုကြသည်။ အိမ်ထောင်စုများ၊ မိသားစုများအတွက် ဆန်နှင့်ဆီသည် စားရေးကိစ္စအတွက် အရေးပါသဖြင့် ဆန်၊ ဆီနှင့်ပတ်သက်သည့်အချက်များ၊ ထုတ်လုပ်မှုများ၊ စားသုံးမှုများ၊ နေ့စဉ်ဈေးနှုန်းများ၊ သယ်ယူပို့ဆောင်မှုများ၊သိုလှောင်မှုများ စသည့် Supply Chain ဆိုင်ရာ အချက်များသည်လည်း အရေးကြီးသော သတင်းအချက်အလက်များ ဖြစ်လာသည်။

**စားရေဆန်**

ဆန်သည် ကမ္ဘာ့အရေးကြီးဆုံးသီးနှံ ၁၀ မျိုးတွင် နံပါတ်သုံးချိတ်သော အရေးကြီးသီးနှံဖြစ်သည်။ ဆန်ကို ကမ္ဘာတွင် လူဦးရေများပြားစွာ စားသုံးကြသဖြင့် ၂၀၂၁-၂၀၂၂ သီးနှံနှစ်တွင် ဆန်တန်ချိန် ၅၀၉ ဒသမ ၈၇ သန်း စားသုံးကြသည်ဟု သိရသည်။ အဆိုပါပမာဏသည် ၂၀၀၈-၂၀၀၉ သီးနှံနှစ်တွင် စားသုံးသော ဆန်တန်ချိန် ၄၃၇ ဒသမ ၁၈ သန်းထက် ၁၇ ရာခိုင်နှုန်းထက် ပိုမိုနေသည်။ ဆန်စားသုံးသောနိုင်ငံများမှာ ကမ္ဘာတွင် လူဦးရေအများဆုံးနိုင်ငံများဖြစ်သော တရုတ်နှင့် အိန္ဒိယနိုင်ငံတို့ ပါဝင်နေသဖြင့် ဆန်စားသုံးမှုသည်လည်း ကမ္ဘာတွင် များပြားသည်ကို တွေ့နိုင်သည်။ ပြည်တွင်းတွင် နွေ၊ မိုးစပါးစိုက်ဧကမှာ တစ်နှစ်လျှင် ၁၇ သန်းကျော်ရှိသဖြင့် ပျမ်းမျှအထွက်နှုန်း တင်း ၇၀ မှ ၇၅ တင်းကျော်ဖြင့်ဆိုပါက တင်းသန်းပေါင်း ၁၃၀၀ ခန့် (ဆန်တန်ချိန် ၁၃ သန်းခန့်) ထွက်ရှိသည်။ မျိုး၊ ဝမ်းစာ၊ အလေအလွင့်နှင့်လမ်းပန်းဆက်သွယ်ရေးအရ ပြည်ပတင်ပို့နိုင်ခြင်းမရှိသည့်ဆန်များကို ဖယ်ကြည့်ပါက ဆန်ပိုလျှံမှုမှာ တန်ချိန် နှစ်သန်း၊ သုံးသန်းခန့် ရှိသဖြင့် ပိုလျှံသည်မှ တန်ချိန် နှစ်သန်းခန့်ကိုနှစ်စဉ် ပြည်ပတင်ပို့လျက်ရှိသည်။ ထိုအရေအတွက်ထက် ပိုမိုတင်ပို့ နိုင်ရေးမှာ Supply Chain တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်နေရန် လိုအပ်သည်။

**စားသုံးဆီ**

မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားများအတွက် အခြေခံစားကုန်များတွင် ဆန်ပြီးလျှင် စားသုံးဆီသည် အဓိကကျသည်ဟုဆိုသည်။ စားသုံးဆီလိုအပ်ချက်ကို ကြည့်လျှင် မြန်မာနိုင်ငံတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ၂၀၂၁ ခုနှစ်လေ့လာချက်အရ မိသားစုများ အသုံးသည် လူတစ်ဦးလျှင် စားသုံးဆီ ၉ ဒသမ ၃၉ ပိဿာ (၁၅ ဒသမ ၃၇ ကီလို) လိုအပ်သည်ဟု သိရသည်။ လူဦးရေ ၅၅ ဒသမ ၃ သန်းအတွက်ဆိုပါက တန်ချိန် ၈ ဒသမ ၃ သိန်း လိုအပ်မည်ဖြစ်သည်။ ယခင်က လူတစ်ဦးလျှင် တစ်နှစ်လိုအပ်ချက်ခြောက်ပိဿာ (၉ ဒသမ ၈၂ကီလိုဖြင့် တွက်ချက်ခဲ့သဖြင့် လူဦးရေ ၅၅ ဒသမ ၃ သန်းအတွက် စားသုံးဆီလိုအပ်ချက်မှာ တန်ချိန် ၅ ဒသမ ၃ သိန်းခန့်သာ ရှိခဲ့သည်။ ယခုအခါ စားသုံးဆီစားသုံးသည့်နှုန်းမှာ များစွာတိုးတက်လာသည်ဟု ဆိုနိုင်သည်။ အဆိုပါ လိုအပ်ချက်သည် မိသားစုများ အိမ်၌ချက်ပြုတ်စားသုံးရာတွင် သုံးစွဲမှုအတွက် လိုအပ်ချက်သာဖြစ်ပြီး စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များ၊ လမ်းဘေး Street Food ဆိုင်များအတွက် လိုအပ်ချက်များ၊ ဟိုတယ်၊ မိုတယ်ကြီးများမှ လိုအပ်ချက်များ၊ မုန့်အမျိုးမျိုးထုတ်လုပ်မှုများအတွက် လိုအပ်ချက်များ မပါဝင်သေးသည်ကို တွေ့နိုင်သည်။ အဆိုပါ လုပ်ငန်းသုံးနှင့် စားသောက်ဆိုင်များအတွက် တစ်နှစ်လျှင် တန်ချိန် လေးသိန်းမှငါးသိန်းခန့်ထိ လိုအပ်နိုင်သည်ဟု ခန့်မှန်းနိုင်သည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် စားသုံးဆီလိုအပ်ချက်စုစုပေါင်းမှာ တန်ချိန် ၁ ဒသမ ၂ သန်း မှ ၁ ဒသမ ၃ သန်းထိရှိသည်။ ပြည်တွင်းတွင် စားသုံးဆီကြိတ်ခွဲထုတ်လုပ်နိုင်မှုမှာ ဆီစက်ပေါင်း ၃၀၀၀ ကျော်မှ တစ်နှစ်လုံး စွမ်းအား

❖ ဆန်သည် ကမ္ဘာ့အရေးကြီးဆုံးသီးနှံ ၁၀ မျိုးတွင် နံပါတ်သုံး ချိတ်သော အရေးကြီးသီးနှံဖြစ်သည်။ ဆန်ကို ကမ္ဘာတွင် လူဦးရေများပြားစွာ စားသုံးကြသဖြင့် ၂၀၂၁-၂၀၂၂ သီးနှံနှစ်တွင် ဆန်တန်ချိန် ၅၀၉ ဒသမ ၈၇ သန်း စားသုံးကြသည်ဟု သိရသည်။ အဆိုပါပမာဏသည် ၂၀၀၈-၂၀၀၉ သီးနှံနှစ်တွင် စားသုံးသော ဆန်တန်ချိန် ၄၃၇ ဒသမ ၁၈ သန်းထက် ၁၇ ရာခိုင်နှုန်းထက် ပိုမိုနေသည်။ ဆန်စားသုံးသောနိုင်ငံများမှာ ကမ္ဘာတွင် လူဦးရေအများဆုံးနိုင်ငံများဖြစ်သော တရုတ်နှင့် အိန္ဒိယနိုင်ငံတို့ပါဝင်နေသဖြင့် ဆန်စားသုံးမှုသည်လည်း ကမ္ဘာတွင် များပြားသည်ကို တွေ့နိုင်သည်။ ❖

ပြည့်လည်ပတ်နိုင်လျှင် တန်ချိန် လေးသိန်းခန့်သာ လည်ပတ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ထပ်မံလိုအပ်သောစားသုံးဆီကို ပြည်ပမှတင်သွင်းခြင်း သို့မဟုတ် ပြည်တွင်းမှ ပိုမိုကြိတ်ခွဲထုတ်လုပ်ခြင်းများ ဆောင်ရွက်သွားရမည်ဖြစ်သည်။ ပြည်ပမှတင်သွင်းခြင်းသည် နိုင်ငံခြားငွေကို များစွာသုံးစွဲရသဖြင့် သွင်းကုန်အစားထိုးအနေဖြင့်ပြည်တွင်း၌ ပိုမိုကြိတ်ခွဲထုတ်လုပ်ခြင်းကို အားပေးသွားရမည်ဖြစ်သည်။

**မရှိမဖြစ်ဆား**

လူ့ခန္ဓာကိုယ်သည် ဆားလိုအပ်သည်။ ထို့ကြောင့် ဆားကို နည်းအမျိုးမျိုးနှင့် စားသုံးကြသော်လည်း ကျန်းမာရေးအတွက် ဆားကိုအများအပြားစားသုံးရန်လည်း မသင့်တော်ပါ။ ဆားကိုလူတစ်ဦးတစ်နေ့လျှင် ငါးဂရမ်(တီးစပွန်းတစ်ခုစာ) ခန့်သာ စားသုံးသင့်သည်ဟု သိရသည်။ တစ်နည်းအားဖြင့် ဆိုဒီယမ် ၁ ဒသမ ၅ ဂရမ်ခန့်သာ စားသုံးသင့်သည်ဟုဆိုသဖြင့် ဆိုဒီယမ်သည် ဆားထဲတွင် ၄၀ ရာခိုင်နှုန်းခန့် ပါဝင်သဖြင့် ဆား ငါးဂရမ်ခန့်စားနိုင်သည်ဟု ပြောခြင်းဖြစ်သည်။ ထို့ကြောင့် တစ်နှစ်လျှင် လူတစ်ဦးအတွက် လိုအပ်သော ဆားမှာ ၁၈၀၀ ဂရမ်ခန့်သာရှိသည်။ သို့ရာတွင် မြန်မာတို့၏ စားသောက်မှုဓလေ့အရ ဆားသည် ပြင်ဆင်ထားသောအစားအစာများ၊ သဘာဝ အစားအသောက်များတွင် ပါဝင်နေသဖြင့် ကျန်းမာရေးအတွက် ဆားစားသုံးမှုကိုနည်းနိုင်သမျှ နည်းနည်းသာ သတိထားစားသင့်သည်။ သို့ရာတွင် ဆားကိုတစ်ကမ္ဘာလုံး၌ ခန္ဓာကိုယ်မှလိုအပ်သည်ထက် ပိုမိုစားသုံးနေကြသည်ဟုဆိုသည်။ ကမ္ဘာပေါ်တွင် ဆားအများဆုံးထုတ်လုပ်သောနိုင်ငံများမှာ ဩစတြေးလျ၊ ကနေဒါ၊ တရုတ်၊ ဂျာမနီ၊ အိန္ဒိယနှင့် အမေရိကန်နိုင်ငံတို့ဖြစ်သည်ဟု သိရသည်။ မြန်မာနိုင်ငံတွင် ဆားထုတ်လုပ်မှုကိုကြည့်လျှင် ၂၀၁၈ ခုနှစ်က ဆားချောတန်ချိန် ၉၄၀၀၀ ခန့် ထုတ်လုပ်ကြောင်း သိရသည်။ ဆားကို နေ့စဉ်ချက်ပြုတ်သည့် ဟင်းလျာများအတွက်သုံးသကဲ့သို့ ငါးခြောက်ကဲ့သို့ အစားအသောက်များကို ဆားဖြင့် ကြာရှည်ခံအောင်လည်း ပြုပြင်ထုတ်လုပ်ထားကြသည်။ ထို့ကြောင့် ဆားဈေးကွက်သည် မြန်မာနိုင်ငံအတွက် ဈေးကွက်မသေးလှသည်ကို တွေ့နိုင်သည်။ လေ့လာတွေ့ရှိချက်များအရ တရုတ်နိုင်ငံတွင် အရွယ်ရောက်သူတစ်ဦးသည် တစ်နေ့လျှင် ဆားကို ၁၀ ဒသမ ၉ ဂရမ်ထက် စားသုံးသည်ဟုသိရသည်။ အမေရိကန်နိုင်ငံတွင် ကိုးဂရမ် စားသုံးကြသည်ဟုသိရသည်။ မြန်မာများ၏ ဆားစားသုံးမှုသည်လည်း တရုတ်နိုင်ငံနီးပါးရှိနိုင်သည်ဟု စဉ်းစားမိသည်။ မည်သို့ဆိုစေကာမူ ကျန်းမာရေးအတွက် ဆားကိုလျှော့စားရမည်ဖြစ်သည်။ ဆားကိုလျှော့စားနိုင်သည်နှင့်အမျှ ကျန်းမာရေးတိုးတက်လာမည်ဖြစ်သည်။ လူတစ်ဦး တစ်နေ့လိုအပ်သည့်ဆားပမာဏထက် လျှော့နည်းစားသုံးနိုင်သည့်နိုင်ငံများမှာကမ္ဘာပေါ်တွင် အနည်းငယ်သာ အာဖရိကတိုက်တွင်ရှိသည်ဟု သိရသည်။

**ငရုတ်၊ ကြက်သွန်နီနှင့်ကြက်သွန်ဖြူ**

မြန်မာ့စားဖိုဆောင်တွင် မရှိမဖြစ် သုံးမျိုးဖြစ်ပြီး အဆိုပါ ငရုတ်၊ ကြက်သွန်နီနှင့် ကြက်သွန်ဖြူတို့၏ ကုန်သွယ်မှုသည် မနည်းလှသည်ကို တွေ့နိုင်သည်။ ငရုတ်နှင့် ကြက်သွန်နီကို မြန်မာနိုင်ငံ အထက်ပိုင်းတွင် အများအပြားစိုက်ပျိုးကြပြီး ကြက်သွန်ဖြူကို များသောအားဖြင့် ရှမ်းပြည်နယ်တွင် စိုက်ပျိုးထုတ်လုပ်ကြသည်။ သို့ရာတွင် တရုတ်နိုင်ငံဘက်မှ ကြက်သွန်ဖြူများသည် နယ်စပ်မှတစ်ဆင့် ဝင်ရောက်သဖြင့် ပြည်တွင်းကြက်သွန်ဖြူ စိုက်ပျိုးထုတ်လုပ်မှုကို ခြိမ်းခြောက်လျက်ရှိသည်။ ငရုတ်၊ ကြက်သွန်နီနှင့် ကြက်သွန်ဖြူတို့ကို စားသုံးသူများက ဈေးနှုန်းကိုလိုက်ပြီး စားသုံးနှုန်းပြောင်းလဲရှိသည်ဟု ဆိုနိုင်သည်။ ဈေးပေါလျှင် များများစားသုံးတတ်ကြပြီး ဈေးကြီးမြင့်လာပါက စားသုံးသည့်နှုန်းကို လျှော့ချစားသုံးတတ်ကြသဖြင့် မှန်းဆရခက်ခဲသော အစားအသောက်များဖြစ်သည်။ နိုင်ငံအလိုက် ကြက်သွန်နီစားသုံးမှုတွင် တာဂျစ်ကစ္စတန်က လူတစ်ဦးသည် တစ်နှစ်လျှင် ၅၇ ဒသမ ၇ ကီလို စားသုံးခြင်းဖြင့် အများဆုံးဖြစ်သည်ဟုသိရသည်။ ထို့နောက်တွင် နိုင်ဂျာနှင့် ဆူဒန်နိုင်ငံတို့ရှိသည်။ အခြားတစ်ဖက်တွင် ကမ္ဘောဒီးယားနှင့် ဘူရွန်ဒီနိုင်ငံတို့သည် စားသုံးမှုအလွန်နည်းပါးကြသည်။ မြန်မာနိုင်ငံကို ၁၆ ဒသမ ၉ ကီလိုထိ စားသုံးသည်ဟု ဖော်ပြထားသည်ကို တွေ့ရသည်။ ငရုတ်နှင့် ကြက်သွန်ဖြူတို့မှာလည်း စားသုံးမှုများတိုးတက်လျက်ရှိသည်ကို တွေ့ရသည်။

**အသား၊ ငါး၊ ဥနှင့် ဟင်းသီးဟင်းရွက်**

အသားစားသုံးမှုသည် အစားအစာအုပ်စုတွင် ကမ္ဘာ့လူထုကြား၌ အထင်ရှားဆုံးဖြစ်သည်။ ကမ္ဘာ့လူဦးရေ၏ ၈၆ ရာခိုင်နှုန်းသည် သူတို့စားသုံးသော အစားအစာများတွင် အသားပါဝင်သည်ဟု ဆိုကြသည်။ အထူးသဖြင့် အမဲသား၊ ကြက်သား၊ သိုးသား၊ ငါးနှင့်အမျိုးမျိုးသော အသားများကို လူယဉ်ကျေးမှုအမျိုးမျိုးတွင် စားသုံးကြသည်ကိုတွေ့နိုင်သည်။ အမဲသားကို အာဂျင်တီးနားနိုင်ငံတွင် အများဆုံးစားသုံးကြပြီး လူတစ်ဦးသည် တစ်နှစ်လျှင် ၅၅ ဒသမ ၄၄ ကီလိုထိ စားကြသည်ဟုဆိုသည်။ ဘရာဇီးနိုင်ငံသည် ၃၇ ဒသမ ၄၇ ကီလို ထိစားသုံးသည်။ အမေရိကန်နိုင်ငံသည် ၃၇ ဒသမ ၁၆ ကီလိုထိ စားသုံးကြသည်။ သိုးသား၊ ဆိတ်သားကို အများဆုံးစားသောနိုင်ငံမှာ မွန်ဂိုလီးယားနိုင်ငံဖြစ်ပြီး လူတစ်ဦးသည် တစ်နှစ်လျှင် ၄၉ ဒသမ ၅၃ ကီလိုထိ စားသုံးကြသည်။ တာ့ခ်မန်နစ္စတန်နိုင်ငံသည် ၂၃ ဒသမ ၇၆ကီလို၊ အိုက်စလန်နိုင်ငံသည် ၂၂ ကီလိုထိစားသုံးကြသည်ဟု သိရသည်။ ဝက်သားကို ပိုလန်နိုင်ငံတွင် လူတစ်ဦးသည် တစ်နှစ် လျှင် ၅၇ ဒသမ ၆၁ ကီလို၊ ဟောင်ကောင်တွင် ၅၆ ဒသမ ၉၆ကီလို၊ မကာအိုတွင် ၅၅ ဒသမ ၂၁ ကီလို စားသုံးကြသည်ဟု သိရသည်။ ကြက်သားကို စိန့်ဗင်းဆင့်နှင့် ဂရီနာဒင်းစ်နိုင်ငံသည် ၇၃ ဒသမ ၄၁ ကီလိုထိ စားသုံးကြသည်ဟုသိရသည်။ အစ္စရေးနိုင်ငံတွင် ၆၇ ဒသမ ၅၄ ကီလိုနှင့် ဆာမိုအာနိုင်ငံတွင် ၆၃ ဒသမ ၄၉ ကီလို စားသုံးကြသည်ဟု သိရသည်။ ငါးနှင့်ပင်လယ်စာစားသုံးမှုတွင် အိုင်ယာလန်နိုင်ငံသည် လူတစ်ဦးသည် တစ်နှစ်လျှင် ၉၁ ဒသမ ၇၀ ကီလိုထိ စားသုံးကြသည်ဟု သိရသည်။ ဒုတိယမှာမော်လ်ဒိုက်နိုင်ငံဖြစ်ပြီး ၈၆ ဒသမ ၉၈ ကီလို စားသုံးပြီး တတိယကေရီဘာတီနိုင်ငံမှာ ၇၅ ဒသမ ၄၇ကီလို စားသုံးကြသည်ဟု သိရသည်။ မြန်မာနိုင်ငံတွင် အသားစားသုံးမှုမှာ ကြက်သားနှင့် ဝက်သားကို အများဆုံးစားသုံးကြသည်ကို တွေ့နိုင်သည်။ အမဲသားစားသုံးမှုလည်း များပြားသည်ကိုတွေ့ရသည်။ ငါးကိုမူ မြစ်ချောင်း၊ ပင်လယ်နီးသော ဒေသများတွင် ပိုမိုစားသုံးတတ်သည်ကို တွေ့ရသည်။ စားသုံးမှုများသည် ဈေးနှုန်းနှင့် ပြောင်းပြန်အချိုးဖြစ်သည်ဟု ဆိုနိုင်သည်။ ဈေးကြီးလာသည်နှင့်အမျှ စားသုံးမှုလျော့ကျလာတတ်သည်။ လူတစ်ဦးစားသုံးနှုန်းများမှာလည်း များစွာနည်းပါးသည်ကို တွေ့ရသည်ဟုဆိုသည်။ ဟင်းသီးဟင်းရွက်ကို စားသုံးမှုများပြားသော်လည်း မြို့ပြများတွင် စားသုံးနိုင်ရန်အတွက် ကျေးလက်ဒေသများနှင့် ဆင်ခြေဖုံးဒေသများမှ စိုက်ပျိုးထုတ်လုပ်ပြီး ဟင်းသီးဟင်းရွက်များကို ပေးပို့ရောင်းချကြသည်ကို တွေ့ရသည်။ ရန်ကုန်၊ မန္တလေး စသော မြို့ကြီးများသည် ဟင်းသီးဟင်းရွက် ဈေးကွက်အကြီးဆုံးဖြစ်ပြီး အခြားမြို့ကြီးများသည် ဒုတိယတန်းဈေးကွက်ကြီးများဖြစ်ကြသည်။ ဟင်းသီးဟင်းရွက်ကို နေ့စဉ် လတ်လတ်ဆတ်ဆတ် ရောင်းချသည့်ပုံစံဖြင့်သာ ရောင်းချသည်ကို တွေ့ရသည်။ ရှမ်းပြည်နယ်နှင့် အချို့အညာဒေသများတွင် ငါးရက်ဈေးများရှိပြီး ကျန်အချိန်များတွင် အသားငါးနှင့် ဟင်းသီးဟင်းရွက်များကို ဈေးများတွင်သာ ရောင်းချကြသည်ကို တွေ့ရသည်။

**ပဲမျိုးစုံ**

မြန်မာနိုင်ငံတွင် ပဲမျိုးစုံကို မျိုးစုံစိုက်ပျိုးသကဲ့သို့ ပဲအမျိုးမျိုးကိုလည်း ချက်ပြုတ်စားသောက်ကြသည်။

စာမျက်နှာ ၁၁ သို့ ➤

# လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် သဘာဝတရားရိပ်သာတွင် သရုပ်ဆောင် ခန့်စည်သူနှင့် စေတနာရှင်များက ကထိန်အလှူနှင့် စတုဒိသာလှူဒါန်း



**ရန်ကုန် အောက်တိုဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ သရက်တောကျောင်းတိုက် သဘာဝတရားရိပ်သာတွင် အောက်တိုဘာ ၂၉ ရက်က သရုပ်ဆောင် ခန့်စည်သူနှင့် စေတနာရှင်များက ကထိန်အလှူနှင့် စတုဒိသာကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

သရုပ်ဆောင် ခန့်စည်သူနှင့် စေတနာရှင်များက လမ်းမတော်မြို့နယ် ဗိုလ်ချုပ်လမ်းမကြီးပေါ်ရှိ သရက်တောကျောင်းတိုက် သဘာဝတရားရိပ်သာတွင် ကထိန်အလှူတော်ပြုလုပ်ခဲ့ပြီး သရက်တောကျောင်းတိုက်အနီး ပတ်ဝန်းကျင်ရပ်ကွက်များ၌ နေထိုင်သူများကို ထမင်း၊ ကြက်သားဟင်းနှင့် ပဲဟင်းရည်တို့ကို လူဦးရေ ၆၀၀ အတွက် စတုဒိသာကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

"သရက်တောကျောင်းတိုက် သဘာဝတရားရိပ်သာဆရာတော်ထံ သံဃာ့ဝတ်ကိုရည်မှန်းပြီး ကထိန်လျာသင်္ကန်း၊ နဝကမ္မအလှူငွေနဲ့ နေ့ဆွမ်းတို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါတယ်။ ကျောင်းတိုက်ပတ်ဝန်းကျင် ရပ်ကွက်တွေမှာ နေထိုင်တဲ့ လူအယောက် ၆၀၀ အတွက်ကိုလဲ ထမင်း၊ ကြက်သားဟင်းနဲ့ ပဲဟင်းရည်တို့ကို ဝေငှလှူဒါန်းခဲ့ပါတယ်"ဟု သရုပ်ဆောင် ခန့်စည်သူက ပြောပြသည်။

သရုပ်ဆောင် ခန့်စည်သူနှင့် စေတနာရှင်၊ အလှူရှင်များသည် အောက်တိုဘာ ၂၄ ရက်က ပြည်မြို့နယ်အတွင်းရှိ ကြို့ရသာကျေးရွာ၊ ဇလေ့တင်ကျေးရွာတို့ရှိ အိမ်ထောင်စု ၁၅၄ စု၊ ပြည်ရွှေဆံတော်ဘုရားကြီး ဝန်ထမ်းမိသားစု ၆၃ စုကို တစ်အိမ်ထောင်လျှင် ဆန်ခြောက်ပြည်နှုန်း လှူဒါန်းခဲ့ကြောင်း၊ အောက်တိုဘာ ၂၇ ရက်ကလည်း တောင်တွင်းကြီးမြို့နယ် ကုက္ကိုလ်ဂွကျေးရွာတွင် အမိုက်ပုံး ၁၀ ပုံး၊ ကိုဗစ်ကာကွယ်ဆေးများအပြင် ဗိသနိုးရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ကိုလည်း ငွေကျပ်နှစ်သိန်း လှူဒါန်းခဲ့ကြောင်း သိရသည်။

ASH

# The Fox ဟာသဇာတ်ကားတွင် မောဖက်ကလပ်နှင့် ဂျိုင်းကုတ္တနေးတို့ ပါဝင်မည်

**နယူးယောက် အောက်တိုဘာ ၃၀**

Causeway ရုပ်ရှင်ကုမ္ပဏီ၏ The Fox အမည်ရှိ ဟာသဇာတ်ကားတွင် မင်းသမီး မောဖက်ကလပ်နှင့် မင်းသား ဂျိုင်းကုတ္တနေးတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၂၉ ရက်တွင် ရေးသားတင်ပြထားသည်။

အိပ်ရာဝင်ကလေးပုံပြင်ပုံစံမျိုးဖြင့် ရိုက်ကူးမည့် The Fox ဇာတ်ကားသည် ချစ်သူ၏သစ္စာမဲ့မှုကို တွေ့ရှိခဲ့ရသော စပျစ်ခြံအမွေခံတစ်ဦးက မြေခွေးတစ်ကောင်၏ အကြံဉာဏ်ဖြင့် အခြေအနေကို ပြောင်းလဲရန် ကြိုးပမ်းခဲ့ပုံကို ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

The Fox ဇာတ်ကားကို ဩစတြေးလျမင်းသား ဒါရီယိုရပ်ဆိုးက ဒါရိုက်တာအဖြစ် တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

အဆိုပါဇာတ်ကားကို ၂၀၂၃ ခုနှစ် နှစ်လယ်ပိုင်းတွင် ဩစတြေးလျနိုင်ငံ၌ စတင်ရိုက်ကူးရန် စီစဉ်ထားသည်။

မင်းသမီး မောဖက်ကလပ်သည် Saint Maud ဇာတ်ကားဖြင့် ထင်ရှားလာသူဖြစ်ပြီး မင်းသား ဂျိုင်းကုတ္တနေးမှာ Suicide Squad ဇာတ်ကားများဖြင့် ထင်ရှားသူဖြစ်သည်။

The Fox ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

KKO





# သဃ်န်းကျွန်းမြို့နယ် ကျွန်းရွှေဝါ Art Gallery တွင် Art for U အွန်လိုင်းပန်းချီပြပွဲ ပြသသွားမည်

**ရန်ကုန် အောက်တိုဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ ကျွန်းရွှေဝါ Art Gallery တွင် Art for U အွန်လိုင်းပန်းချီပြပွဲကို နိုဝင်ဘာ ၁ ရက်မှ နိုဝင်ဘာ ၁၀ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း ကျွန်းရွှေဝါ Art Gallery မန်နေဂျာ မမြဖြူပြာမြင့်က ပြောပြ၍ သိရသည်။

အဆိုပါ Art for U အွန်လိုင်းပန်းချီပြပွဲတွင် နာမည်ရပန်းချီဆရာမများဖြစ်သည့် ပန်းချီ မဥမ္မာ၊ ပန်းချီ နှင်းဒါလီအောင်၊ ပန်းချီ ယုသီတာနှင့် ပန်းချီဟယ်ရီခင်တို့၏ ရေဆေး၊ ဆီဆေးအပါအဝင် လက်ရာစုံဖြင့် ဖန်တီးထားသည့် ပန်းချီကား ၄၀ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။



"ဒီပွဲမှာတော့ ပန်းချီဆရာမလေးယောက်ရဲ့ ပန်းချီကား ၄၀ ကို ပြသသွားမှာဖြစ်ပါတယ်။ ဟောင်ကောင်၊ တရုတ်၊ စင်ကာပူနိုင်ငံတွေထိ ပျံ့နှံ့အားကောင်းတဲ့ ပန်းချီဆရာမတွေရဲ့ လက်ရှိကာလမှာ ရေးဆွဲထားတဲ့ အနုပညာအသစ်တွေကို မြင်တွေ့ရမှာပါ"ဟု မမြဖြူပြာမြင့်က ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသထားမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၄×၃) ပေ၊ (၃၀×၄၀) လက်မ၊ (၁၈×၂၄) လက်မ၊ (၃×၂) ပေ၊ (၄×၂)ပေ စသည့် အရွယ်အစားအစုံပန်းချီကားများ ပါဝင်ပြီး ဈေးနှုန်းအနေဖြင့် ငွေကျပ် ခုနစ်သိန်းမှ ငွေကျပ်သိန်း ၃၀ ထိရှိကြောင်း သိရသည်။ ASH

# A Spy By Nature ဇာတ်ကား၌ မင်းသား ပေါမက်စကယ် ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် အောက်တိုဘာ ၃၀**

A Spy By Nature အမည်ရှိ လျှို့ဝှက်သည်းဖိုရုပ်ရှင်ဇာတ်ကား၌ တက်သစ်စ ဟောလိဝုဒ်လူငယ်သရုပ်ဆောင်တစ်ဦးဖြစ်သည့် မင်းသား ပေါမက်စကယ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၂၉ ရက်တွင် ရေးသားတင်ပြထားသည်။

A Spy By Nature ဇာတ်ကားကို စာရေးဆရာ ချားကမ်းမင်း၏ခေါင်းစဉ်တူ သူလျှိုဝတ္ထုကို အခြေခံရိုက်ကူးမည်ဖြစ်သည်။

အဆိုပါဇာတ်ကားသည် လူတကာကို လှည့်ပတ်ဉာဏ်များရာတွင် ကျွမ်းကျင်မှုကြောင့် ဗြိတိန်ထောက်လှမ်းရေးအဖွဲ့၏ သူလျှိုတစ်ဦးဖြစ်လာသော အသက် ၂၀ ခန့်အရွယ် အဲလက်ဖီးလီးယပ် အမည်ရှိ လူငယ်တစ်ဦးအဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည်ဖြစ်သည်။

မင်းသား ပေါမက်စကယ်သည် A Spy By Nature ဇာတ်ကား၏ အဓိကသရုပ်ဆောင်ဖြစ်သည့် အဲလက်ဖီးလီးယပ်အဖြစ် သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါဇာတ်ကားကို The Last King of Scotland ဒါရိုက်တာ ကီဗင်မက်ဒေါ်နယ်က ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

KKO



➤စာမျက်နှာ ၁၀ မှအဆက်

ပဲကိုအစိုအဖြစ် စားတတ်သော်လည်း ပဲအခြောက်အနေဖြင့် ကုလားပဲနှင့် ပဲရာဇ(ပဲနီလေး)တို့ကို ဟင်းရည်သောက်အဖြစ် အဓိကစားသောက်တတ်ကြသည်။ ကုလားပဲကို ဗယာကြော်အဖြစ် နေ့စဉ်ကြော်လှော် ရောင်းချစားသုံးကြသကဲ့သို့ လက်ဖက်နှင့်တွဲ၍လည်း ပဲကြော်၊ ပဲလှော်အဖြစ် စားသုံးကြသည်။ ကမ္ဘာတွင် ပဲအများဆုံးစားသုံးသောနိုင်ငံမှာ အိန္ဒိယနိုင်ငံဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် ပဲစားသုံးမှုသည် အများဆုံးဖြစ်သည်ကို တွေ့ရသည်။ လူတစ်ဦးတစ်နှစ် စားသုံးမှုမှာ ကီလို ၁၄၀၀၀ ခန့်ထိရှိသည်။ အခြားနိုင်ငံများထက် အဆများစွာ စားသောက်သည်ကို တွေ့ရသည်။ အိန္ဒိယနိုင်ငံနောက်တွင် နိုင်ဂျီးရီးယားနိုင်ငံသည် ကီလို ၂၀၀၀ ခန့် စားသုံးနှုန်းရှိပြီး ထိုနိုင်ငံများနောက်တွင် အီသီယိုးပီးယား၊ တရုတ်၊ တူရကီ၊ ပါကစ္စတန်၊ နိုင်ဂျာ၊ ဘင်္ဂလားဒေ့ရှ်၊ မြန်မာ (လူတစ်ဦးတစ်နှစ်စားသုံးမှုမှာ ကီလို ၃၀၀ မှ ၄၀၀ ခန့်)၊ ဆူဒန်၊ တန်ဇန်းနီးယား၊ အီဂျစ်၊ အီရန်စသည့် နိုင်ငံများဖြစ်သည်။ မြန်မာနိုင်ငံသည် ပဲစိုက်ပျိုးထုတ်လုပ်မှုတွင် များပြားသော်လည်း ပြည်တွင်းစားသုံးမှုနည်းပါးပြီး ပြည်ပတင်ပို့ရန် စိုက်ပျိုးခြင်းက ပိုမိုများပြားသည်။ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံတို့ကို အများ အပြားစိုက်ပျိုးသော်လည်း ပြည်တွင်းစားသုံးမှု မရှိသလောက်ဖြစ်သည်။ မြန်မာများအဓိကစားသုံးသည်မှာ ကုလားပဲ၊ ပဲကြီး၊ စားတော်ပဲ၊ ပဲနီလေးတို့ အများဆုံးစားကြသည်ကို တွေ့ရသည်။

မြန်မာလူမျိုးများအတွက် အထက်ဖော်ပြပါ အခြေခံစားသောက်ကုန်များသည် စားရေးအတွက် အရေးအကြီးဆုံးဖြစ်သဖြင့် ပြည်တွင်းထုတ်လုပ်မှုတိုးတက်ရေးသည် လူဦးရေတိုးလာသည်နှင့်အမျှ များစွာအရေးကြီးလာသည်။ ထို့ပြင် ယခုထုတ်လုပ်ရမည့် စားသောက်ကုန်များကို ပြည်ပတင်ပို့ခြင်းဖြင့်လည်း နိုင်ငံခြားငွေပိုမိုရရှိနိုင်သဖြင့် များစွာအရေးပါသည်။ ပြည်တွင်း၊ ပြည်ပဈေးကွက်တွင် အဆိုပါ စားသောက်ကုန်များကို ပြည်တွင်းဖူလုံစေရန်သာမက ပြည်ပတင်ပို့နိုင်ရေးအတွက်ပါ ဆောင်ရွက်မည်ဆိုလျှင် အဓိကသိရှိရမည်မှာ ပြည်တွင်းဖူလုံမှု အတိုင်းအတာအတွက် လိုအပ်သည့်ပမာဏဖြစ်သည်။ ထိုပမာဏကို သိရှိနိုင်ရန်မှာ လူတစ်ဦးချင်းစားသုံးမှု ပမာဏကို သိထားရန်လိုအပ်သည်။ ထို့ကြောင့် မိမိနိုင်ငံ၏ လူတစ်ဦးချင်းစားသုံးမှုများကို သေချာစွာ စိစစ်ထားနိုင်မည်ဆိုပါက ပြည်တွင်းဖူလုံမှုသိနိုင်မည်ဖြစ်၍ ဖူလုံမှုကိုကျော်လွန်သည်နှင့် ပြည်ပတင်ပို့ရေးကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်သည်။ သို့မဟုတ် ပြည်တွင်းဖူလုံမှုမရှိသောကြောင့် တင်သွင်းရမည့်ပမာဏကို သေချာစွာသိရှိနိုင်မည်ဖြစ်သည်။ ထို့ကြောင့် လူတစ်ဦးချင်းစားသုံးမှုကိုသိရှိရေးသည် များစွာအရေးပါသည်ဟု တင်ပြရခြင်းဖြစ်ပါသည်။

# Naming and house-warming ceremony of baby white elephant born in 2022 held



Senior General Min Aung Hlaing views the baby white elephant and his mother.

**Nay Pyi Taw October 30**

Naming and house-warming ceremony of a baby white elephant born at 6.30 am on 23 July 2022 of 33-year old Zarnan Hla, a female elephant, from an elephant camp of Myanmar Timer Enterprise in Taungup Township, Rakhine State, was held at the Yadana White Elephant Hall in the compound of Uppatasandi Pagoda, Nay Pyi Taw, this morning.

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla, SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win and wife Daw Than Than Nwe, SAC members and their wives, the Secretary and wife, the Joint Secretary and wife, Union ministers and their wives, Union level officials, the Nay Pyi Taw Council chairman, senior military officers and their wives, the Nay Pyi Taw Command commander and officials were present.

The baby white elephant walked around the pagoda clockwise at the ceremony to protect the baby from all dangers. The Senior General and the Vice-Senior General sprinkled scented water on the white elephant and the alternate chair of Pagoda Board of Trustees spread popcorns on the calf.

At the house-warming ceremony, the officials placed the little white elephant at the auspicious location in the White Elephant Hall. The Senior General and wife and the Vice-Senior General and wife sprinkled scented water on the calf and fed the baby.



Senior General Min Aung Hlaing touches the baby white elephant.

After performing the sun and moon showing ceremony, the name of the baby white elephant facing the pagoda was proclaimed.

Senior General Min Aung Hlaing, Vice-Senior General Soe Win and SAC member General Mya Tun Oo officially declared the title and name of the elephant **"Rathanadaka"** (Ratha = country, nandaka = love, pleasantness). Hence, the name means "Our beloved white elephant that will bring prosperity to the nation". Officials placed the name band on his forehead.

The Senior General then presented gifts to the calf through his keeper.

The master of ceremonies prayed for health, happiness and longevity of the baby and peace, prosperity and progress for the Union. The ceremony then came to an end.

The Senior General and wife, the Vice-Senior General and wife and attendees fed the baby white elephant, other white elephants and their companions at the Yaydana White Elephant Hall.

At the time of his birth, the height of the baby white elephant was 2 feet 5 inches, width 3 feet 1 inch, and weight 180 pounds. Of the eight unique features – pearl-coloured eyes, plantain branch-shaped back, white hair, a distinctive tail, auspicious plot signs on the skin, soft pink-coloured skin,

*See Page 13*



Senior General Min Aung Hlaing feeds the mother of the baby white elephant.



Senior General Min Aung Hlaing feeds a white elephant.



Daw Kyu Kyu Hla feeds the mother of the baby white elephant.



The naming and housewarming ceremony of baby white elephant in progress.



Officials place the name band on the forehead of the baby white elephant.

*From Page 12*

each front limb having five claws and each back limb having four claws, and big ears – of a white elephant, the baby has seven. The baby is now three months and seven days old, and the baby's height is 2 feet 10 inches, width 4 feet 2 inches and weight 265 pounds. The baby arrived in Nay Pyi Taw together with his mother on 27 October. The white elephant is happily staying at the While Elephant Hall and the baby is fit and healthy. The baby is the tenth white elephant. 100

# Myanmar rejects reports and dialogues which failed its neutral and professional characters of the United Nations

The Interactive Dialogues with Noeleen Heyzer, Special Envoy of the Secretary-General of the United Nations on Myanmar and with Thomas Andrews, Special Rapporteur on the situation of Human Rights in Myanmar were organized at the Third Committee (Social, Humanitarian and Cultural Affairs Committee) of the 77th United Nations General Assembly on 25 and 26 October 2022 respectively.

The whole content of the report of the Special Envoy, Noeleen Heyzer, reflects the sweeping allegations made by other mandate holders for human rights in Myanmar under the name of the United Nations.

Similarly, the report of the Special Rapporteur, Thomas Andrews, on the situation of human rights in Myanmar also does not include any constructive indication. It is exaggerated with full description of invented negativity. Myanmar has consistently opposed country-specific resolutions and has never accepted the mandates which were created by country-specific resolutions. Against this backdrop, Myanmar has not recognized Thomas Andrews as the Special Rapporteur on the situation of human rights in Myanmar and has never permitted him to enter Myanmar.

Their reports and presentations are based on the narratives coming from misinformation of terrorist groups; so-called civil society organizations and armed organizations which are supporting those terrorist groups. Indeed, it is found that the afore-said groups and organizations have been receiving assistance by some external elements illegally. The so-called UN experts on Myanmar highlighted the incident in A Nan Pa, Kachin State on 23 October 2022 based on one sided distorted information and allegations. However, they had kept silence on deadly attacks against pilgrims in Kyaikhtiyo Pagoda by the KNLA Brigade 1 and the so-called PDF terrorists under the instruction of NUG and CRPH on 12 October 2022 and causalities of innocent civilians due to the attacks against local residences in an attempt to raid a town namely Kawkareik by battalions under KNU/ KNLA Brigade 6, KKO (Split) group and PDF terrorists under the instruction of NUG and CRPH on 21 October 2022. Moreover, they have neglected the terrorist attacks of the NUG and PDF terrorist groups which claimed the lives of 4,073 innocent civilians. Accordingly, the actions of the UN's so-called Special Envoy and Special Rapporteur are found to be biased and partial and in non-objective manner.

The afore-said interactive dialogues on 25 and 26 October 2022 at the Third Committee which are based on misinformation and exaggeration to draw the international attention are dishonorable acts to damage its own neutral and professional characters of the United Nations.

Myanmar wishes to express its appreciation to the countries which uphold the United Nations' principle of equality, and which is entrusted to the United Nations by all its members. Meanwhile, Myanmar strongly condemns and categorically rejects the above-mentioned flawed reports, their Interactive Dialogues without participation of lawful representatives of Myanmar and intrusive statements made by certain countries on the internal affairs of Myanmar.

**Ministry of Foreign Affairs**
**Nay Pyi Taw**
**30 October 2022**

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ပိုလန်နိုင်ငံက ပထမဆုံး Bayraktar TB2 မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်(UCAV) ခြောက်စင်း လက်ခံရရှိခဲ့



ပိုလန်တပ်မတော်သည် ပထမဆုံး Bayraktar TB2 မောင်းသူမဲ့တိုက်ခိုက် ရေးလေယာဉ် (UCAV) ခြောက်စင်းကို ယခုနှစ် အောက်တိုဘာ ၂၈ ရက်တွင် Polish MoD က ထုတ်ဝေသော Tweet တစ်ခုအရ လက်ခံရရှိခဲ့ကြောင်း သိရသည်။

Bayraktar TB2 သည် အလယ်အလတ်အမြင့်ပျံလေထဲတွင် ကြာရှည်ပျံသန်းနိုင်စွမ်းရှိသော (MALE) အမျိုးအစား မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ် (UCAV) အမျိုးအစားဖြစ်ပြီး အဝေးမှထိန်းချုပ်လုပ်ဆောင်နိုင်သလို စစ်ဆင်ရေးများကို အလိုအလျောက်ပျံသန်းလုပ်ဆောင်နိုင်စွမ်းရှိသည်။

Baykar Makina Sanayive Ticaret A.S. က ထုတ်လုပ်ပြီး အဓိကအားဖြင့် တူရကီစစ်ဘက်အတွက် ရည်ရွယ်ထုတ်လုပ်ထားခြင်းလည်းဖြစ်သည်။ အဆိုပါ မောင်းသူမဲ့လေယာဉ်ကို လက်နက်များ တပ်ဆင်အသုံးပြု၊ တိုက်ခိုက်ခြင်းအပါအဝင် မြေပြင်ထိန်းချုပ်ရေးစခန်းရှိ တပ်ဖွဲ့ဝင်များက စောင့်ကြည့်၊ ထိန်းချုပ် လုပ်ဆောင်ခြင်းဖြစ်သည်။

Bayraktar TB2 ဒရုန်းတွင် ပြောင်းပြန် V-ပုံစံအမြီးဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော တောင်ပံကိုယ်ထည်ဒီဇိုင်းပါရှိသည်။ Pusher Configuration တွင် ပြောင်းလဲနိုင်သော Pitch Two-Blade Propeller ဒလက်လည်အားဖြင့် ပင့်တင်အားကို ထုတ်လုပ်ပေးသည်။

ပန်ကာကို အမြီးပိုင်းအပေါက်များကြားတွင် တပ်ဆင်ထားပြီး ကိုယ်ထည်အတွင်း Internal Combustion Engine အင်ဂျင်ဖြင့်မောင်းနှင်ထားသည်။

လေယာဉ်ကိုယ်ထည်အပိုင်းများကို အဆက်များတွင် အလူမီနီယမ်အစိတ်အပိုင်းများနှင့်အတူ ကာဗွန်ဖိုက်ဘာအများစုဖြင့် ပြုလုပ်ထားသည်။ လောင်စာဆီသည် Bladder Tanks ကန်များဖြင့် ထည့်သွင်းထားပြီး လောင်စာသုံးစွဲမှုသည် ဆိုလီနွိုက် အဆို့ရှင်များနှင့် ထိန်းညှိလုပ်ဆောင်ပေးထားသည်။

မြေပြင်ထိန်းချုပ်ရေးစခန်း (GCS) သည် NATO စံနှုန်းကြီးကြပ်ကွပ်ကဲရေးစနစ်များပါရှိသော NATO Spec Shelter Unit အမိုးအကာဖြင့် အလွယ်တကူ ရွှေ့ပြောင်း၊ တပ်ဖြုန်၊ တပ်ရုပ်နိုင်သောစနစ်အပေါ် အခြေခံတည်ဆောက်ထားသည်။ အဆိုပါ မိုဘိုင်းလ်ထိန်းချုပ်ရေးစခန်းတွင် အဖွဲ့ခေါင်းဆောင်၊ လေယာဉ်မောင်းနှင့် Payload အော်ပရေတာဟူ၍ တပ်ဖွဲ့ဝင်သုံးဦးတာဝန်ထမ်းဆောင်နိုင်သည်။

**Poland receives its first six Bayraktar TB2 UCAVs ကို ဘာသာပြန်ဆိုပါသည်။**

## အမေရိကန်ထုတ် Tomahawk ခရုဇ်ဒုံးကျည်ဝယ်ယူရန် ဂျပန်နိုင်ငံက လေ့လာနေ

ဂျပန်နိုင်ငံသည် မြောက်ကိုရီးယား၏ ကြီးထွားလာသော ဒေသတွင်းခြိမ်းခြောက်မှုများကို တန်ပြန်ရန်ကြိုးပမ်းနေသောကြောင့် အမေရိကန်က ထုတ်လုပ်သော Tomahawk ခရုဇ်ဒုံးကျည်များဝယ်ယူရန် လေ့လာနေကြောင်း ဂျပန်နိုင်ငံ ထိပ်တန်းအစိုးရပြောရေးဆိုခွင့်ရှိသူ Hirokazu Matsuno က အောက်တိုဘာ ၂၈ ရက်တွင် ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံသည် ပင်လယ်ပြင်မှပစ်လွှတ်သည့် တာလတ်ပစ်ဒုံးကျည်များဝယ်ယူခြင်းနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံအစိုးရနှင့် လေ့လာဆွေးနွေးမှု၏ နောက်ဆုံးအဆင့်တွင် ရောက်ရှိနေပြီဖြစ်ကြောင်း Yomiuri Shimbun နေ့စဉ်က ဖော်ပြခဲ့သည်။

မြောက်ကိုရီးယားကျွန်းဆွယ်က ဒုံးကျည်များပစ်လွှတ်သည့် ဧရိယာပေါ် မူတည်၍ အကွာအဝေးအတွင်းတွင် ရှိနေမည်ဖြစ်ကြောင်း အမည်မသိအစိုးရသတင်းရင်းမြစ်များကို ကိုးကား၍ သတင်းစာကဆိုသည်။

အခြား ဂျပန်မီဒီယာများကလည်း ဂျပန်နိုင်ငံအစိုးရသည် Tomahawk ခရုဇ်ဒုံးကျည်ဝယ်ယူရန် လေ့လာနေသည်ဟု ရေးသားဖော်ပြခဲ့ကြသည်။

နိုင်ငံအစိုးရဝန်ကြီးများသည် ဖြစ်နိုင်ခြေကို လေ့လာနေကြသော်လည်း တစ်စုံတစ်ရာမဆုံးဖြတ်ရသေးကြောင်း ဂျပန်နိုင်ငံ ထိပ်တန်းအစိုးရပြောရေးဆိုခွင့်ရှိသူ Hirokazu Matsuno က ပြောကြားခဲ့သည်။

Matsuno ၏မှတ်ချက်ပြုပြီး နာရီပိုင်းအကြာတွင် မြောက်ကိုရီးယားသည် နောက်ထပ် အမျိုးအစားမသိ ပဲ့ထိန်းဒုံးကျည်ကို ပစ်လွှတ်ခဲ့ကြောင်း တောင်ကိုရီးယားစစ်ဘက်က ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံက ပဲ့ထိန်းဒုံးကျည်များပစ်လွှတ်ခဲ့ပြီးနောက် ဂျပန်၊ တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံ၏ ဒုတိယနိုင်ငံခြားရေးဝန်ကြီးများက မြောက်ကိုရီးယားနျူကလီးယားစမ်းသပ်မှုသည် မကြုံစဖူးပြင်းထန်သော တုံ့ပြန်မှုကို ရင်ဆိုင်ရလိမ့်မည်ဖြစ်ကြောင်း ယခုသီတင်းပတ်အစောပိုင်းတွင် သတိပေးခဲ့သည်။

ပြီးခဲ့သည့် ဆယ်စုနှစ်များအတွင်း ဂျပန်၏ ကာကွယ်ရေးအသုံးစရိတ်သည် နှစ်စဉ်နီးပါး မြင့်တက်လာသော်လည်း ရုရှား-ယူကရိန်းပဋိပက္ခနှင့် တရုတ် (တိုင်ပေ)အပေါ် တရုတ်၏ဖိအားများ တိုးလာပြီးနောက် ရန်ပုံငွေပိုမိုရရှိရန် အတွက် ဖိအားများတိုးလာခဲ့သည်။




ဂျပန်အစိုးရသည် ယခုနှစ်ကုန်တွင် အရေးကြီးသော ရေရှည်လုံခြုံရေးလမ်းညွှန်ချက်ကို ပြင်ဆင်တည်းဖြတ်မှုများပြုလုပ်ချိန်တွင် တန်ပြန်တိုက်ခိုက်နိုင်စွမ်းပိုင်ဆိုင်ထားကြောင်း ကြေညာရန် မျှော်မှန်းထားသည်။

**Japan 'Studying' US Tomahawk Cruise Missile Purchase ကို ဘာသာပြန်ဆိုပါသည်။**

## ရုရှားရေတပ်က ၂၀၂၄ ခုနှစ်တွင် နောက်ထပ် Project 636.3 ရေငုပ်သင်္ဘောခြောက်စီး ပိုင်ဆိုင်လာနိုင်တော့မည်

ရုရှားရေတပ်သည် Project 636.3 ဒီဇယ်-လျှပ်စစ်စွမ်းအင်သုံးရေငုပ်သင်္ဘောခြောက်စီး (NATO အမည်- Improved Kilo) ကို ၂၀၂၄ ခုနှစ်တွင် ရုရှားရေတပ်သို့ရောက်ရှိလာပြီး ပိုင်ဆိုင်တော့မည်ဖြစ်ကြောင်း ယခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် Tass က ထုတ်ပြန်သည့် အချက်အလက်များအရ ရုရှားရေတပ်ဦးစီးချုပ် ရေတပ်ဗိုလ်ချုပ်ကြီး Nikolai Yevmenov က ပြောကြားခဲ့ကြောင်း သိရသည်။




ရုရှားရေတပ်ဦးစီးချုပ် ရေတပ်ဗိုလ်ချုပ်ကြီး Nikolai Yevmenov ၏အဆိုအရ ၎င်းအမျိုးအစား ရေငုပ်သင်္ဘောများသည် အလွန်ကောင်းမွန်သော ကိုယ်ပျောက်စွမ်းရည်များပါဝင်ပြီး မစ်ရှင်များကို ထိထိရောက်ရောက်ပြီးမြောက်စေရန် တိကျသော လမ်းညွှန်လက်နက်များ တပ်ဆင်ထားကြောင်း သိရသည်။

Project 636.3 ကို Varshavyanka Class ဟုလည်း ခေါ်လေ့ရှိပြီး ၂၀၁၄ ခုနှစ် ဇွန်လက ရုရှားရေတပ်သို့ တာဝန်ထမ်းဆောင်ခဲ့သော Kilo-Class ရေငုပ်သင်္ဘောများ၏ အဆင့်မြှင့်တင်ထားသော အမျိုးအစားလည်းဖြစ်သည်။

ရေငုပ်သင်္ဘောအသစ်တွင် ကိုယ်ပျောက်နည်းပညာအပြင် အဆင့်မြှင့်တင်ထားသော စစ်ဆင်ရေးခုတ်မောင်းနိုင်မှုအကွာအဝေးနှင့် မြေပြင်၊ ရေပြင်နှင့် ရေအောက်ပစ်မှတ်များကို တိုက်ခိုက်နိုင်စွမ်းလည်းပါဝင်လာမည်ဖြစ်သည်။ ၎င်းတို့ကို ရေငုပ်သင်္ဘောအဖွဲ့သား ၅၂ ဦးဖြင့် တာဝန်ထမ်းဆောင်နိုင်ပြီး ရေအောက်အမြန်နှုန်း 20 Knots နှင့် ခရီးမိုင် ၄၀၀ အကွာအဝေးသို့ ၄၅ ရက်ကြာ ကင်းလှည့်စစ်ဆင်နိုင်စွမ်းရှိသည်။

Project 636.3 ရေငုပ်သင်္ဘောအတန်းအစားများသည် အရှည် ၇၄ မီတာ၊ အများဆုံးအလေးချိန် တန် ၃၉၀၀၊ ရေအနက်မီတာ ၂၄၀၊ အမြင့်ဆုံးရေငုပ်စစ်ဆင်နိုင်မှုအနက် မီတာ ၃၀၀ နှင့် ခရီးအကွာအဝေး (Cruising Range) မိုင် ၇၅၀၀ ထိ ခုတ်မောင်းနိုင်သည်။

အဆိုပါ ရေငုပ်သင်္ဘောအမျိုးအစားကို ဆီးရီးယားနိုင်ငံတွင် အကြမ်းဖက်မှုနှိမ်နင်းရေးစစ်ဆင်ရေးအတွင်း အကြိမ်ကြိမ်အသုံးပြုခဲ့ပြီး ယူကရိန်းအထူးစစ်ဆင်ရေး၌လည်း အသုံးပြုခဲ့ကြသည်။ ၎င်းတွင် Kalibr-PL (SS-N-27 Sizzler) ခရုဇ်ဒုံးကျည်စနစ် တပ်ဆင်အသုံးပြုထားပြီး ရေအောက်ငုပ်လျှက်အနေအထားမှ တော်ပီဒိုဒုံးများ ပစ်လွှတ်နိုင်သည့် ခရုဇ်ဒုံးကျည်များ သယ်ဆောင်စစ်ဆင်နိုင်မည်ဖြစ်သည်။

Kalibr-PL ခရုဇ်ဒုံးကျည်အရှည်မှာ ၈ ဒသမ ၂၂ မီတာ (၂၇ ဒသမ သုညပေ) ရှိပြီး ကီလိုဂရမ် ၂၀၀ အလေးချိန်ရှိ ထိပ်ဖူးပါရှိသည်။ အကွာအဝေး မိုင် ၂၇၀-၄၁၀ ထိ တိုက်ခိုက်နိုင်စွမ်းရှိသည်။ ၎င်းသည် နောက်ဆုံးအဆင့်ပျံသန်းမှု အမြင့်ပေ ၄ ဒသမ ၆ မီတာနှင့် အသံထက်မြန်သော Supersonicterminal Speed တွင် အလျင်နှုန်း Mach 2.9 ဖြင့် ပင်လယ်ရေပြင်တွင် ရပ်ပြေးတိုက်ခိုက်နိုင်သော Sea-Skimmer ခရုဇ်ဒုံးကျည်အမျိုးအစားဖြစ်သည်။

**Russian Navy to get six more Project 636.3 submarines in 2024 ကို ဘာသာပြန်ဆိုပါသည်။**

**မင်းမျိုး**

# ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံပဲမျိုးစုံ ၃၀၄၁ ဧက စိုက်ပျိုးမည်



**ငပုတော အောက်တိုဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံ ၃၀၄၁ ဧက လျာထား စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၉၅ ဧက၊ မတ်ပဲ ၁၀၆၆ ဧက၊ ဘိုကိတ်ပဲဧက ၁၈၈၀ စုစုပေါင်း ပဲမျိုးစုံ ၃၀၄၁ ဧကကို လာမည့် ဒီဇင်ဘာလ ပထမပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆောင်းသီးနှံပဲများလျာထားချက်ပြည့်မီအောင် စိုက်ပျိုးရန်အတွက် ဒေသခံတောင်သူများနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ ပူးပေါင်း၍ဆောင်ရွက်နေကြောင်း သိရသည်။

"ဟိုင်းကြီးကျွန်းမြို့အတွင်း ဒီနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲမျိုးစုံသီးနှံ ၃၀၄၁ ဧက စိုက်ပျိုးမှာဖြစ်ပါတယ်။ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ လိုအပ်တာတွေ ပြင်ဆင်နေပါတယ်။ ပဲမျိုးစုံသီးနှံလျာထားချက်တွေ ပြည့်မီအောင် စိုက်ပျိုးဖို့ရာအတွက် ဌာနဆိုင်ရာတွေနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ပဲမျိုးစုံသီးနှံ ၃၀၄၁ ဧကမှာ ဘိုကိတ်ပဲ၊ မတ်ပဲ၊ ပဲတီစိမ်းတို့ကို စိုက်ပျိုးမှာဖြစ်ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ဟိုင်းကြီးကျွန်းမြို့တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေး သွင်းအားစုများ၊ စိုက်ပျိုးစရိတ်ချေးငွေများကို သတ်မှတ်ထားသည့် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ထုတ်ချေးပံ့ပိုးပေးထားကြောင်း၊ အဆိုပါ စိုက်ပျိုးမည့် ဆောင်းသီးနှံများ ဖျက်ပိုးမကျရောက်စေရန်နှင့် အထွက်နှုန်းကောင်းမွန်စေရန် တောင်သူများနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# သိန်းနီမြို့နယ် ပန်ဖတ်ကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**သိန်းနီ အောက်တိုဘာ ၃၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သိန်းနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သိန်းနီမြို့နယ် ပန်ဖတ်ကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်နေမှုများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သိန်းနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရာဇာအောင်နှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၇၆ ဒသမ ၂၄၀ သန်းဖြင့် မြန်မာအမျိုးသားဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောင်ရွက်သည့် ပန်ဖတ်ကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးကြပြီး လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင်ဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးရာဇာအောင်က ပြောပြ၍ သိရသည်။



သိန်းနီမြို့နယ် ပန်ဖတ်ကျေးရွာတွင် အရှည် တစ်မိုင်လေးဖာလုံ၊ အကျယ် ၂၅ ပေရှိ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းကို ယခုနှစ် ဌန်လ တတိယပတ်က လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် ၇၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကျေးလက်ဒေသစိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများကို ကုန်ကျစရိတ်သက်သာစွာဖြင့် မြို့ပေါ်ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်ငန်းများကိုလည်း သယ်ယူစရိတ်သက်သာစွာ ဆောင်ရွက်နိုင်မည်ဖြစ်ရာ အချိန်နှင့်လုပ်အားခကို များစွာသက်သာစေမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် အကျိုးပြုစေမည်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ ကုန်ထုတ်စွမ်းအား တိုးတက်စေရေးအတွက် ကုန်ထုတ်လမ်းတံတား ဖောက်လုပ်ခြင်းလုပ်ငန်းများကို နှစ်စဉ်ဘဏ္ဍာနှစ်အလိုက် လျာထားဆောင်ရွက်ပေးလျက်ရှိကြောင်း သိန်းနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**

# တောင်တွင်းကြီးမြို့နယ် ရွာမနား(တ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**တောင်တွင်းကြီး အောက်တိုဘာ ၃၀**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်းဝင်ကျေးရွာဖြစ်သည့် ကံလှကန်ကျေးရွာအုပ်စု၊ ရွာမနား(တ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေ ပထမအကြိမ် ထုတ်ချေးပေးအပ်ခြင်းကို ယနေ့နံနက် ၁၀ နာရီက အဆိုပါကျေးရွာ၌ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ထုတ်ချေးပေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်က ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန်၊ နေကြာအပါအဝင် ဆီထွက်သီးနှံ စိုက်ပျိုးသောတောင်သူများ လိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များ ဝယ်ယူသုံးစွဲနိုင်ရန်၊ ချေးငွေများ အတိုးနှုန်းသက်သာစွာဖြင့် ပံ့ပိုးပေးနိုင်ရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များကို ရန်ပုံငွေများ စနစ်တကျလွှဲပြောင်းပေးအပ်ကြသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းပထမအကြိမ်အဖြစ် တောင်တွင်းကြီးမြို့နယ် ရွာမနား(တ)ကျေးရွာရှိ ဆီထွက်သီးနှံနေကြာစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မည့် အသင်းသူ၊ အသင်းသား ၇၉ ဦးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၂၀၀ ကို ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက ထုတ်ချေးပေးခဲ့ကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **သူသူ**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၃၀-၁၀-၂၀၂၂**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၃၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၄၃၅၀၀၀ |
| **(ခွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်းကြား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၉၀၀၀/၁၀၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၉၀၀၀/၁၀၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၈၄၀/၅၈၅၅ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၄၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၈၂၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၁၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၄၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၃၅ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# နိုင်ငံတော်၏ တိုးတက်သုံးစွဲလာသော လျှပ်စစ်ဓာတ်အားကို ပြည့်ဝစွာဖြည့်ဆည်းပေးနိုင်ရန်အတွက် နည်းလမ်းပေါင်းစုံဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၃၀**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ တိုးတက်သုံးစွဲလာသော လျှပ်စစ်ဓာတ်အားကို ပြည့်ဝစွာဖြည့်ဆည်းပေးနိုင်ရန်အတွက် လျှပ်စစ်ဓာတ်အားတိုးမြှင့်ထုတ်လုပ်နိုင်ရေး အစီအမံများကို နည်းလမ်းပေါင်းစုံဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်က ယနေ့နံနက်ပိုင်း၌ သံတွဲခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံးတွင် ကျင်းပသည့် ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားတိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေး၊ ဓာတ်အားပြတ်တောက်မှု လျော့နည်းကျဆင်းရေးနှင့် ဓာတ်အားစနစ် တည်ငြိမ်တိုးတက်ကောင်းမွန်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်အတွင်း ကျန်ရှိနေသေးသည့် ဓာတ်အားမရရှိသေးသည့် မြို့များနှင့် ကျေးရွာများသို့ ဓာတ်အားရောက်ရှိဖြန့်ဖြူးပေးနိုင်ရန်အတွက် ၃၃ ကေဗွီ ဓာတ်အားခွဲရုံများအပါအဝင် ဖြန့်ဖြူးပေးနိုင်ရေး ဓာတ်အားလိုင်းများကို ကြိုတင်တိုင်းတာတွက်ချက်မှုများဆောင်ရွက်ပြီး နှစ်အလိုက်ရန်ပုံငွေလျာထားနိုင်ရန် ပြည်နယ်အစိုးရသို့ တင်ပြ၍ ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြန်လည်ဝင်ရောက်လာမည့် နေရပ်စွန့်ခွာသူများအတွက် ပြန်လည်စိစစ်လက်ခံရေးစခန်း၊ ယာယီကြားစခန်းများနှင့် လျာထားကျေးရွာများသို့ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် စီမံချက်များဖြင့် စနစ်တကျဆောင်ရွက်ထားရန်နှင့် လုံခြုံရေးအထူးဂရုပြုဆောင်ရွက်သွားရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးတို့က ရခိုင်ပြည်နယ်အတွင်း နှစ်အလိုက်ဓာတ်အားတိုးတက်သုံးစွဲမှု၊ ဓာတ်အားပျောက်ဆုံးမှုလျော့နည်းကျဆင်းရေးအတွက် ဆောင်ရွက်ထားရှိမှု၊ ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြသည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် သံတွဲမြို့နှင့် အနီးပတ်ဝန်းကျင်ဒေသများသို့ ဓာတ်အားဖြန့်ဖြူးပေးနေသည့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ၆၆ ကေဗွီ သံတွဲ(နန်းချောင်း)ဓာတ်အားခွဲရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဓာတ်အားစနစ်ကြံ့ခိုင်ရေးအတွက် ပုံမှန်ထိန်းသိမ်းစစ်ဆေးဆောင်ရွက်ရန်၊ ဓာတ်အားခွဲရုံ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဓာတ်အားပြတ်တောက်မှု လျော့နည်းကျဆင်းစေရေးအတွက် ထရန်စဖော်မာများ၊ ဓာတ်အားခွဲရုံ သုံးပစ္စည်းများကို စဉ်ဆက်မပြတ်စစ်ဆေးဆောင်ရွက်သွားကြရန်၊ ဓာတ်အားပြတ်တောက်မှု Line Fault နှင့် Line Losses လျော့နည်းကျဆင်းရေး အလေးထားဆောင်ရွက်ရန်မှာကြားကာ ဓာတ်အားခွဲရုံ ထိန်းချုပ်ခန်းအတွင်း ဓာတ်အားဖြန့်ဖြူးပေးနေမှုနှင့် Switch Yard အတွင်း ဓာတ်အားဖြန့်ဖြူးပေးထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ကျိုင်းတုံမြို့ရှိ သီလဓမ္မကုန်းသာ(ဝစီပိတ်)ကျောင်းတိုက်တွင် (၂၇)ကြိမ်မြောက် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ



**ဆရာတော်ထံ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။**

**နေပြည်တော် အောက်တိုဘာ ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ရှိ သီလဓမ္မကုန်းသာ(ဝစီပိတ်)ကျောင်းတွင် (၂၇)ကြိမ်မြောက် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းတိုက်၌ပြုလုပ်ရာ ကျိုင်းတုံမြို့ ကျိုင်းယင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တခေမာစာရ အမှူးပြုသောသံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့်တာဝန်ရှိသူများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ကထိန်အလှူရှင်များ၊ ရပ်မိရပ်ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သာသနာ့ဝေပုလ္လပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိဇယထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီးသံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အလှူရှင်များက သံဃာတော်များအား ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြပြီး သာသနာ့ဝေပုလ္လပရိယတ္တိစာသင်တိုက်ဦးစီးပဓာနနာယက ဆရာတော်ထံမှ ကထိန်အနုမောဒနာတရား နာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အလှူရှင်များသည် ဆရာတော်၊ သံဃာတော်များကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

# ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် အမရပူရခရိုင်အတွင်းမှ ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုချီးမြှင့်

**မန္တလေး အောက်တိုဘာ ၃၀**

၂၀၂၂ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင်အတွင်းမှ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်မိသားစုက စက်ဘီးများလှူဒါန်းခြင်းအခမ်းအနားကို အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းက အမရပူရမြို့နယ်ရှိ ရတနာပုံတက္ကသိုလ်တွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး အခမ်းအနားကို ကျောင်းသား၊ ကျောင်းသူများက ဂုဏ်ပြုသီချင်းဖြင့် သီဆိုဖွင့်လှစ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက်(၉)ရပ်တို့ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ တစ်မျိုးသားလုံး၏ ကျန်းမာရေးနှင့် ပညာရည်မြင့်မားရေးကို အလေးထားဆောင်ရွက်နေကြောင်း၊ မန္တလေးတိုင်းဒေသကြီးတွင်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့က လိုအပ်သည်များ ဖြည့်ဆည်းပေးလျက်ရှိရာ ယခုကဲ့သို့ ဂုဏ်ပြုပွဲများ၊ ဆရာ၊ ဆရာမများကို ကျောင်းစိမ်းဝတ်စုံထောက်ပံ့ခြင်းများ၊ ဂုဏ်ထူးရအောင် ကြိုးစားသင်ယူကြသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းများကို ခရိုင်များအလိုက် ဆောင်ရွက်နေကြောင်း၊ အစိုးရ၊ ဌာနဆိုင်ရာ၊ ပြည်သူ လက်တွဲညီညီဆောင်ရွက်ခဲ့ကြသည့်အတွက် အောင်မြင်မှုများရရှိခဲ့ခြင်းဖြစ်ကြောင်း၊ မှန်ကန်တည်ကြည်ခိုင်မာသည့် ရည်မှန်းချက်များထားကာ အချိန်ကိုတန်ဖိုးထားပြီး အကျိုးရှိစွာ အသုံးချတတ်မှုများကြောင့် ထူးချွန်ထက်မြက်သူများ ပေါ်ထွန်းလာခြင်းဖြစ်ကြောင်း၊ မိမိတို့မိသားစုအနေဖြင့် ပညာသင်ကြားရာတွင် တန်ဖိုးရှိသည့်အချိန်များ မဆုံးရှုံးအောင် သွားလာရေးခက်ခဲ၍ အမှန်တကယ်လိုအပ်နေသည့် ကျောင်းသား၊ ကျောင်းသူများအတွက် ရည်ရွယ်ကာ တစ်မြို့နယ်လျှင် စက်ဘီးအစီး ၁၀၀ နှုန်းဖြင့် ၂၈ မြို့နယ်အတွက် စုစုပေါင်းအစီးရေ ၂၈၀၀ ထောက်ပံ့လှူဒါန်းသွားမည်ဖြစ်ကြောင်း၊ ရည်မှန်းချက်ပန်းတိုင်ရောက်သည်ထိ ဆက်လက်ကြိုးစားကြရမည်ဖြစ်ကြောင်း၊ မိဘနှင့် ဆရာတို့အကြား ပညာရေးအပြောင်းအလဲ၊ ပညာ၏တန်ဖိုးတို့ကို အပြန်အလှန်သဘောပေါက်ပြီး သင်ယူမှုပတ်ဝန်းကျင်ကောင်းဖြစ်ရန် လိုအပ်သည့်နည်းလမ်းများကို ပေါင်းစပ်မြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူ ၅၆ ဦးကို ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများအတွက် ကျောင်းစိမ်းဝတ်စုံများကို အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းမှ ကျောင်းအုပ်များထံ သို့လည်းကောင်း၊ စက်ဘီးအစီး ၁၀၀ ကို ကျောင်းသား၊ ကျောင်းသူ ဦးရေ ၁၀၀ ကိုယ်စား အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူများထံသို့လည်းကောင်း ပေးအပ်ကာ ပျော်ရွှင်ကြည်နူးစွာဖြင့် စက်ဘီးများကိုယ်စီ စီးနင်း၍ ထွက်ခွာသွားကြသည့် ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးအားပေးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**



# ဆင်ဖြူရတနာဆိုက်ရောက်လာ ဘေးရန်ကင်းရှင်း သာယာခြင်းနှင့် ကောင်းခြင်းစုံစွာ ပြည်မြန်မာ

အာကာမောင်မောင်

တိုင်းပြည်အုပ်ချုပ်သောအစိုးရမင်းများမှာ မင်းကျင့်တရားဆယ်ပါးနှင့်ညီညွတ်ပြည့်စုံသည့်ကာလများတွင် ဆင်ဖြူတော်များပေါ်ထွန်းလေ့ရှိပါသည်။ ဆင်ဖြူတော်ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၊ ခေတ်တစ်ခေတ်၊ သမိုင်းတစ်ကွေ့မှာ ဖြစ်ထွန်းပေါ်ပေါက်ဖို့ အင်မတန်ခဲယဉ်းလှသည့် ရတနာတစ်ပါးဖြစ်ပါသည်။ ဆင်အရေအတွက်တစ်ထောင်မှာဆင်ဖြူတစ်စီးတွေ့ရခဲလှပါသည်။

**ပုဂံခေတ်နောက်ပိုင်း မြန်မာ့သမိုင်းအဆက်ဆက်မှာလည်း ဆင်ဖြူရရှိဆက်သခံရသည့်ဘုရင်မင်းမြတ်တို့မှာဆင်ဖြူတော်ပိုင်ဆိုင်ခြင်းနှင့်အတူ ဩဇာတိက္ကမကျော်စောထင်ရှားခြင်း၊ တိုင်းသူပြည်သားများ စည်ပင်ဝပြောခြင်း၊ တိုင်းပြည်အေးချမ်းသာယာခြင်း စသည့်ကျက်သရေမင်္ဂလာအဖြာဖြာတို့နှင့်ပြည့်စုံကြောင်း သမိုင်းအထောက်အထားများအရ သိရှိရသည်။** ပုဂံခေတ် ပထမမြန်မာနိုင်ငံတော်ကို အောင်မြင်စွာ ထူထောင်နိုင်ခဲ့သော အနော်ရထာမင်းတရား၊ တောင်ငူခေတ် ဒုတိယမြန်မာနိုင်ငံတော်ကို အောင်မြင်စွာထူထောင်ခဲ့သော ဘုရင့်နောင်မင်းတရားနှင့် ကုန်းဘောင်ခေတ် တတိယမြန်မာနိုင်ငံတော်ကို အောင်မြင်စွာထူထောင်ခဲ့သော အလောင်းမင်းတရားတို့မှာလည်း ဆင်ဖြူများရှင်မင်းတရားကြီးများ ဖြစ်ခဲ့ကြသည်။

မြန်မာတို့၏ဆိုရိုးစကား ဆုံးမစာတို့တွင် "ရှေးထုံးလည်းမပယ်နှင့်၊ ဈေးသုံးလည်းမကြွယ်နှင့်၊ ရှေးထုံးပယ်က လွဲတတ်သည်၊ ဈေးသုံးကြွယ်ကမွဲတတ်သည်" ဟူ၍ရှိထားသည်။ ရှေးအစဉ်အဆက်မြန်မာဘုရင်တို့သည် **ဆင်ဖြူတော်နှင့်ပတ်သက်လျှင် အတိတ်ကောင်း နိမိတ်ကောင်းကောက်ယူကာ တယုတယပြုစုစောင့်ရှောက်လေ့ရှိကြသည်။ ဆင်ဖြူတော်တစ်စီးပေါ်လာပြီဆိုသော သတင်းသည် တိုင်းပြည်အတွက် ကောင်းသောအတိတ်၊ ကောင်းသောနိမိတ်ဖြစ်သည်။ ဆင်ဖြူတော်နှင့်ပတ်သက်လျှင် ရှေးအစဉ်အဆက်ကပင် အလေးထားတန်ဖိုးထားခဲ့ကြသည်။** ဗုဒ္ဓဘာသာဝင်အများသိရှိကြသော ဇာတ်တော်ကြီးဆယ်ဘွဲ့တွင် နောက်ဆုံးဇာတ်တော်မှာ ဝေဿန္တရာဇာတ်တော်ကြီးဖြစ်သည်။ ဘုရားဖြစ်တော်မူရန် ကျင့်ကြံအားထုတ်ပါရမီတော်များ ဖြည့်ကျင့်နေသော ဗုဒ္ဓလောင်းလျာ၏ဘဝဖြစ်စဉ်အစိတ်အပိုင်းအချို့လေ့လာသိရှိလိုလျှင် ဇာတ်တော်ကြီးဆယ်ဘွဲ့ကိုဖတ်မှတ်ရသည်။ ဝေဿန္တရာဇာတ်တော်ကြီးတွင် ဆင်ဖြူတော်အကြောင်း ဖော်ပြပါရှိသည်။

ဝေဿန္တရာမင်းဖွားမြင်သည့်နေ့တွင် ကောင်းကင်၌ သွားလာနေသော ဆင်ပုံမတစ်စီးသည် ဆင်ဖြူတော်ပေါက်ကလေးတစ်စီးကိုဆောင်ယူလာလျက် မင်းကြီး၏ဆင်တင်းကုပ်၌ထားခဲ့သည်။ ထိုဆင်ဖြူတော်လေးမှာ ဗုဒ္ဓလောင်းလျာအား အထောက်အပံ့ဖြစ်စေသောကြောင့် **ပစ္စယ** ဟုအမည်တွင်ပါသည်။ ဆင်ဖြူတော်ရောက်ရာအရပ်၌ မိုးရွာသည်။ စားရေရိက္ခာပြည့်စုံဖူလုံသည်။ တိုင်းပြည်သာယာဝပြောသည်။ မကောင်းသောဘေးရန်၊ အဖျက်ရန်အပေါင်း ကင်းစင်လွင့်ပျောက်သည်။ ဝေဿန္တရာမင်းကြီးသည် အလှူအတန်းတွင် လွန်စွာရက်ရောသည်။ အလှူမပြုသောနေ့ဟူ၍ မရှိသလို မလှူဘူးဟူ၍ဆုံးဖြတ်ထားသောအရာ လုံးဝမရှိပေ။



သိဝိတိုင်းစေတုတ္တရာပြည်တွင် ဆင်ဖြူတော်ရှိနေသည့်အတွက် ဆိုးကျိုးပျောက်၍ကောင်းကျိုးရောက်နေသော်လည်း အခြားသောတိုင်းပြည်ဖြစ်သော ကာလိင်္ဂရာဇ်တိုင်း၌ တစ်တိုင်းလုံးမိုးခေါင်၍အစာရေစာငတ်မွတ်ခေါင်းပါးသည့် ဒုဗ္ဘိက္ခန္တရကပ်ဆိုက်ရောက်နေသည်။ ပညာရှင်တို့က "ဆင်ဖြူတော်ရောက်ရာအရပ်၌ မိုးရွာသည်။ သိဝိတိုင်း စေတုတ္တရာပြည် ဝေဿန္တရာမင်းကြီးထံ၌ ဆင်ဖြူတော်ရှိသည်။ ဝေဿန္တရာမင်းကြီးသည် အလှူဒါန၌ အလွန်မွေ့လျော်သူဖြစ်၍ သူ့ထံမှ ဆင်ဖြူတော်ကိုအလှူခံသင့်ပါသည်" ဟု လျှောက်ထားကြသည်။

ကာလိင်္ဂရာဇ်တိုင်းသို့ ဆင်ဖြူတော်ရောက်ရှိသွားသောအခါ မိုးရွာသွန်းပြီး တောင်သူလယ်သမား လယ်ယာလုပ်ငန်းများကို ကောင်းမွန်စွာလုပ်ကိုင်နိုင်ကြသဖြင့် ငတ်မွတ်ခေါင်းပါးဘေးမှကင်းဝေးသွားသည်။ ဤသည်မှာ ဇာတ်တော်လာ ဆင်ဖြူတော်အကြောင်းဖြစ်ပါသည်။ **ဗုဒ္ဓဘာသာကိုသက်ဝင်ယုံကြည်ကြသော ရှေးမြန်မာဘုရင်အဆက်ဆက်တို့သည်လည်း ဆင်ဖြူတော်ရရှိခြင်းကိုလွန်စွာအလေးထားကြသည်။ ဆင်ဖြူတော်ရှိလျှင် တိုင်းပြည်သာယာဝပြောပြီး စားရေရိက္ခာပေါကြွယ်သည်ဟု ယုံကြည်စိတ်ရှိသည့်အတိုင်း လက်တွေ့တွင်လည်း ကောင်းကျိုးများဖြစ်ထွန်းပေါ်ပေါက်သည်။ ဤသည်မှာ ဗုဒ္ဓဘာသာတို့၏ အစဉ်အလာဆင်ဖြူတော်နှင့်ပတ်သက်မှုပင်ဖြစ်သည်။**

ဆက်လက်ဖော်ပြလိုသည်မှာ မြန်မာ့သမိုင်းတွင်ထင်ရှားခဲ့သော ငါးစီးရှင်ကျော်စွာနှင့်ဆင်ဖြူတော်များအကြောင်းဖြစ်သည်။ ငါးစီးရှင်ကျော်စွာဆိုသည်မှာ တစ်စီးရှင်သီဟသူ၏သားတော်ဖြစ်ပြီး သက္ကရာဇ် ၇၀၄ ခုနှစ်တွင် ဘုရင်အဖြစ်သို့ရောက်ရှိသည်။ ဆင်ဖြူငါးစီးပိုင်ဆိုင်ခြင်းကြောင့် ငါးစီးရှင်ဟု ကျော်ကြားခဲ့ခြင်းဖြစ်သည်။ တစ်ရံရောအခါ ဆင်ဖြူတွေ့သည်ဟူ၍ လျှောက်လာလျှင် အလုံးအရင်းနှင့်ကိုယ်တိုင်ကြွတော်မူ၍ အင်တွဲလွန်နှင့် ကျော့တော်မူသည်။ လှိုင်းတက်အရပ်၌ ဟိုင်းတစ်စီးရတော်မူသည်။ ထိုဆင်ဖြူကို **"ပုလဲတမူး"** ဟူသောအမည်ကို ဘွဲ့တပ်တော်မူသည်။ မုံတောမြောင်းကျပ်၌ဆင်ဖြူတစ်စီးရတော်မူသည်။ ထိုဆင်ဖြူကို **"မဟာကေသရ"** ဟူသောအမည်ကို ဘွဲ့တပ်တော်မူသည်။ ဖျက်စွယ်တောင်ခြေရင်းဝယ်တစ်စီးရတော်မူသည်။ ထိုဆင်ဖြူကို **"သန်မြင်စွာ"** ဟူသောအမည်ကို ဘွဲ့တပ်တော်မူသည်။

စာမျက်နှာ ၂၂ သို့

> **ပုဂံခေတ်နောက်ပိုင်း မြန်မာ့သမိုင်းအဆက်ဆက်မှာလည်း ဆင်ဖြူရရှိဆက်သခံရသည့် ဘုရင်မင်းမြတ်တို့မှာ ဆင်ဖြူတော်ပိုင်ဆိုင်ခြင်းနှင့်အတူ ဩဇာတိက္ကမကျော်စောထင်ရှားခြင်း၊ တိုင်းသူပြည်သားများ စည်ပင်ဝပြောခြင်း၊ တိုင်းပြည်အေးချမ်းသာယာခြင်း စသည့်ကျက်သရေမင်္ဂလာအဖြာဖြာတို့နှင့်ပြည့်စုံကြောင်း သမိုင်းအထောက်အထားများအရ သိရှိရ . . .**

> **ဗုဒ္ဓဘာသာကိုသက်ဝင်ယုံကြည်ကြသော ရှေးမြန်မာဘုရင်အဆက်ဆက်တို့သည်လည်း ဆင်ဖြူတော်ရရှိခြင်းကို လွန်စွာအလေးထားကြသည်။ ဆင်ဖြူတော်ရှိလျှင် တိုင်းပြည်သာယာဝပြောပြီး စားရေရိက္ခာပေါကြွယ်သည်ဟု ယုံကြည်စိတ်ရှိသည့်အတိုင်း လက်တွေ့တွင်လည်း ကောင်းကျိုးများဖြစ်ထွန်းပေါ်ပေါက်သည်။ ဤသည်မှာ ဗုဒ္ဓဘာသာတို့၏အစဉ်အလာ ဆင်ဖြူတော်နှင့်ပတ်သက်မှုပင်ဖြစ် . . .**

**ဒသမမြောက်ဆင်ဖြူတော် ရဋ္ဌနန္ဒက (တိုင်းပြည်ကချစ်ခင်မြတ်နိုး၍ နိုင်ငံတော်၏ သာယာဝပြောပျော်ရွှင်ခြင်းကို ဆောင်ကြဉ်းပေးမည့် ဆင်ဖြူရတနာ) ထူးခြားစွာ ပေါ်ထွန်းလာခြင်းကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ တိုင်းကျိုးပြည်ပြုလုပ်ငန်းများ အောင်မြင်ပြီးမြောက်၍ တိုင်းပြည်သာယာဝပြောစည်ပင်တော့မည်ဖြစ်သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဘေးဆိုးကပ်ဆိုးရောဂါဆိုးကွယ်ပျောက်ပြီး နိုင်ငံတော်၏ဂုဏ်သိက္ခာကျက်သရေမင်္ဂလာတို့ ပြည့်ဝလာတော့မည်မှာ အမှန်ပင်ဖြစ်. . .**

စာမျက်နှာ ၂၀ မှအဆက်

စမုံဖျားဝယ်ဟိုင်းတစ်စီး ရတော်မူသည်။ ထိုဆင်ဖြူကို **"ဥပေါသထ"**ဟူသော အမည်ကိုဘွဲ့တပ်တော်မူသည်။ သဘန်းကိုးရွာမြောက်လွန်တဲညွှန့်ကျုံးတွင်ရသော ဆင်ဖြူအား **"ချစ်စွာမရဲ"**ဟူသော အမည်ကိုဘွဲ့တပ်တော်မူသည်။ ဤသည်ကိုကြည့်ခြင်းအားဖြင့် ရှေးကဘုရင်မင်းမြတ်တို့သည်လည်း မိမိတို့ ဘုန်းကံအလျောက်ပေါ်ထွန်းလာသည့် ဆင်ဖြူတော်တိုင်းကို ဘွဲ့အမည်ပေးကြသည်ကိုတွေ့ရသည်။

ဘုရားအလောင်းတော်ဘဝမှအစပြုကာ ဗုဒ္ဓမြတ်စွာအဖြစ် ပေါ်ထွန်းသည်အထိ ဆင်ဖြူတော်နှင့်ပတ်သက်၍ အလေးထားမှုများမှာလည်း ရေးသား၍မကုန်နိုင်အောင်ဖြစ်သည်။ ထိုမှဆက်နွှယ်၍မြန်မာဘုရင်မင်းမြတ်တို့၏စာပေ၊ ဂီတများတွင်ဆင်ဖြူတော်နှင့်သက်ဆိုင်သော ရေးသားဖွဲ့ဆိုမှုများမှာလည်း ဖော်ပြ၍မဆုံးနိုင်အောင်ပင်ဖြစ်သည်။ "ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော ရေမြေ့အရှင် ဆဒ္ဒန်ဆင်မင်းသခင်၊ ဆင်ဖြူများရှင်" ဟူသောအသုံးအနှုန်းကို လေ့လာကြည့်ခြင်းအားဖြင့် ဘာသာသာသနာတော်စောင့်ရှောက်၍ တိုင်းပြည်သာယာဝပြောအောင် ဆောင်ရွက်နိုင်သည့်ဘုရင်မင်းမြတ်များလက်ထက်တွင် ဆင်ဖြူတော်ပေါ်ထွန်းကြောင်း မြန်မာရာဇဝင်တွင်တွေ့ရှိရသည်။

ကုန်းဘောင်ခေတ် မင်းတုန်းမင်းကြီးလက်ထက်တွင် အထက်မြန်မာနိုင်ငံ၌ သတင်းစာပေါ်ပေါက်နေပြီဖြစ်သည်။ ၁၈၇၂ ခုနှစ် ဇူလိုင်လ ၁၂ ရက် (မြန်မာသက္ကရာဇ် ၁၂၃၄ ခု၊ ဒုတိယဝါဆိုလဆန်း ၇ ရက် သောကြာနေ့ နံနက်) မြန်မာသတင်းစာတွင် **"ဆင်ဖြူတော်သတင်း (အရပ် ၂ တောင်ခန့်ရှိပြီး ဦးကင်းကျောကုန်းနှင့်မေးအောက် ရင်ဘတ်မွေးများပါဖြူခြင်း)"** ဟူ၍ သတင်းတစ်ပုဒ်ပါလာသည်။ ၎င်းမှာ ဆင်ဖြူတော်ကလေးကိုသွား၍ ကြည့်ကြရာ၊ ဆင်ဖြူတော်အရပ် ၂ တောင်ခန့်၊ ၃ ပေခန့်ရှိပါသည်။ ဦးကင်းမွေး၊ ကျောကုန်းမွေး၊ မေးအောက်ရင်ဘတ်မွေးများသည် ငွေရောင်ကဲ့သို့ဖြူပါသည်။ မျက်လုံးများလည်း လှပပါသည်။ အသားအရေမှာ ယခုဆင်ဖြူတော်သည် ထားဝယ်မြို့က ဆက်သောဆင်ဖြူမလောက်မရှိပါ။ အနားတွင်ကြည့်နေကြသောသူများကို မေးမြန်းရာ ကြီးလျှင်တစ်ပုံဖြစ်လေဦးမည်။ ထားဝယ်က ဆက်ရောက်လာသော ဆင်ဖြူမထက် ယခုဆင်ဖြူတော်မလေးက ကြန်အင်လက္ခဏာကောင်းသည်ဟုပြောကြပါသည်။ တောင်တွင်း ရမည်းသင်းဆီက ဆက်လာသော ဆင်ဖြူမဟု ပြောကြပါသည်။ ယခုနန်းတော်ထဲမှာ ကောင်းမွန်စွာထားပါသည်ဟူ၍ ဖော်ပြထားသည်။

ထို့အတူ **နေပြည်တော်သတင်း**ဟူသော ခေါင်းစဉ်ဖြင့် **(အထက်မှဆက်လာသော ဆင်ဖြူတော်ကို လမ်းဘက်ဝဲယာတူရိယာတီးမှုတ်၍ ရတနာတင်းကုပ်သို့သွင်းခြင်း)** "ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော သကျာဝတာ၊ အင္ဂပဝရ၊ မြက်မွှာနဝက တို့၏အသျှင်၊ မင်းတွင်မင်းခေါင်၊ လင်းပြောင်ချီရှိန်၊ သိရိဓမ္မ၊ ဖြိုးဝေမြင့်မား၊ မင်းတရားကြီးဘုရားသည် ဆယ်ပါးရာဇ၊ မြတ်ဓမ္မနှင့်၊ သင်္ဂဟလေး၊ နှောင့်နှေးမယွင်း၊ ဖြည့်တင်းဆောက်ဦ၊ ကျင့်တော်မူသောကြောင့်၊ ရာဇစက္ကရတ်၊ ဘေးလောင်းမြတ်ဝယ်၊ ဥဂ္ဂဠ်စကြာ၊ ဖူးဆိုက်လာသကဲ့သို့ ထက်ရွာမြို့နယ်၊ အောင်မယ်အောင်ချက်၊ ဘူမိနက်မှ၊ နှင်းဆက်ပဏ္ဏာ၊ သွင်းပို့လာသော၊ သာခွာငွေကျူ၊ ရေတူနှိုင်းလျော်၊ ဆင်ဖြူတော်ပေါက်လှကို ၁၂၃၈ ခု၊ ရတုဝသန္တ၊ လသီတင်းကျွတ်၊ ဝင်းလွတ်မြန်းတက်၊ ဆန်း ၆ ရက်နှိုက်၊ လမ်းဘက်ဝဲယာ၊ ပဥ္စင်ငြာ၍၊ ရတနာတင်းကုပ်သို့ သွင်းတော်မူကြောင်းများကို ကြားသိတွေ့မြင်ရလေသည်"ဟူ၍ဖော်ပြထားသည်။ ဤအထောက်အထားများကို ရေးသားဖော်ပြရခြင်းမှာ ရှေးမြန်မာမင်းများအဆက်ဆက် ဆင်ဖြူတော်ကို အလေးအနက်တန်ဖိုးထားသည်ကို စာဖတ်သူများသိစေလို၍ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေးတို့ကို အားသွန်ခွန်စိုက်ဆောင်ရွက်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကျင်းပပေးခြင်း၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ငြိမ်းချမ်းရေးဖိတ်ခေါ်ဆွေးနွေးခြင်း၊ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးထားဆောင်ရွက်ခြင်းစသည်တို့အပြင် ပြည်သူတစ်ရပ်လုံး၏ဆန္ဒဖြစ်သည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာအောင် တည်ဆောက်လျက်ရှိသည်။

**ဆင်ဖြူတော်ကလေးမှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့်ဆင်ဖြူတော်ကလေးဖြစ်ပြီး ဆင်ဖြူတော်၏ကြန်အင်လက္ခဏာများနှင့်အညီ ယဉ်ကျေးသိမ်မွေ့ကာ ချစ်ခင်နှစ်လိုဖွယ်ရာလည်းကောင်း. . .**

**ဆင်ဖြူတော်၏အမည်သည် ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့်အပြင် တိုင်းပြည်ငြိမ်းချမ်းသာယာဝပြောပျော်ရွှင်မှုကို ဖော်ဆောင်ပေးသော အတိတ်နိမိတ်ပင်ဖြစ်. . .**

နိုင်ငံတော်အတွက် ကောင်းသောအကြောင်းအရာများ စွမ်းဆောင်နေခြင်းကြောင့် ၂၀၂၂ ခုနှစ် ဇူလိုင်၂၃ ရက်နေ့တွင် ဒသမမြောက်ဆင်ဖြူတော်တစ်စီး ပေါ်ပေါက်လာခဲ့သည်။ ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မဇာနန်းလှ၊ အသက်(၃၃)နှစ်က ဆင်ဖြူတော်(အထီး) ကလေးတစ်စီးအား ၂၃-၇-၂၀၂၂ ရက်နေ့နံနက် မင်္ဂလာအချိန် ၀၆း၃၀ နာရီတွင်မွေးဖွားခဲ့ပြီး အဆိုပါဆင်ဖြူတော်ကလေးမှာ မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံးလုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန်ပေါင် ၁၈၀ ခန့်ရှိကြောင်း မင်္ဂလာသတင်းကို ပြည်သူများကြားမြင်သိရှိပြီးဖြစ်သည်။

အဆိုပါ ဆင်ဖြူတော်ကလေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ၅ ခုစီနှင့် နောက်ခြေသည်း ၄ ခုစီပါရှိခြင်း၊ နားကြီးခြင်းစသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင် လက္ခဏာ ၇ ချက်ကိုက်ညီသောဆင်ဖြူတော်ကလေးဖြစ်သည်။

အထက်ပါဆင်ဖြူတော်ကလေးမှာ အသက် ၃ လ ၇ ရက်သားအရွယ်တွင် အရပ်အမြင့် ၂ ပေ ၁၀ လက်မ၊ ကိုယ်လုံးလုံးပတ် ၄ ပေ ၂ လက်မ၊ ကိုယ်အလေးချိန် ၂၆၅ ပေါင်ရှိလာပြီး မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

**ယခုအခါ နေပြည်တော်ကောင်စီနယ်မြေသို့ရောက်ရှိနေပြီး ဥပ္ပါတသန္တိစေတီတော်၏ အရှေ့ဘက်မုခ်တွင် ဆင်ဖြူတော်ရတနာနားနေဆောင်များ ဆောက်လုပ်၍ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။ ဆင်ဖြူတော်များ သဘာဝအတိုင်း နေထိုင်ကျက်စားနိုင်စေရန် ဆင်ဖြူတော်ရတနာဉယျာဉ်ကို ဘုရားဝတ္ထုကံမြေအတွင်း ပြုပြင်ထားရှိပါသည်။**


**ဆင်ဖြူတော်ကလေးကို ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၀ ရက် (မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်) တနင်္ဂနွေနေ့၊ နံနက်ပိုင်းတွင် အမည်တော်ပေး မင်္ဂလာအခမ်းအနားကျင်းပသည်။ ဆင်ဖြူတော်၏ ဘွဲ့အမည်မှာ ရဋ္ဌနန္ဒက (ရဋ္ဌ=တိုင်းပြည်၊ နိုင်ငံ။ နန္ဒက=ချစ်ခင်မြတ်နိုးခြင်း၊ သာယာပျော်ရွှင်ခြင်း) (မြန်မာအဓိပ္ပာယ် အပြည့်အစုံမှာ - တိုင်းပြည်က ချစ်ခင်မြတ်နိုး၍ နိုင်ငံတော်၏ သာယာဝပြောပျော်ရွှင်ခြင်းကို ဆောင်ကြဉ်းပေးမည့် ဆင်ဖြူရတနာ) ဖြစ်ကြောင်း သိရှိရသည်။ အဆိုပါဒသမမြောက်ဆင်ဖြူတော် ရဋ္ဌနန္ဒက (တိုင်းပြည်က ချစ်ခင်မြတ်နိုး၍ နိုင်ငံတော်၏ သာယာဝပြောပျော်ရွှင်ခြင်းကို ဆောင်ကြဉ်းပေးမည့် ဆင်ဖြူရတနာ) ထူးခြားစွာ ပေါ်ထွန်းလာခြင်းကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ တိုင်းကျိုးပြည်ပြုလုပ်ငန်းများအောင်မြင်ပြီးမြောက်၍ တိုင်းပြည်သာယာဝပြောစည်ပင်တော့မည်ဖြစ်သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဘေးဆိုးကပ်ဆိုးရောဂါဆိုးကွယ်ပျောက်ပြီး နိုင်ငံတော်၏ ဂုဏ်သိက္ခာကျက်သရေမင်္ဂလာတို့ပြည့်ဝလာတော့မည်မှာ အမှန်ပင်ဖြစ်သည်။**

ဆင်ဖြူတော်ကလေးမှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်ကလေးဖြစ်ပြီး ဆင်ဖြူတော်၏ ကြန်အင်လက္ခဏာများနှင့်အညီ ယဉ်ကျေးသိမ်မွေ့ကာ ချစ်ခင်နှစ်လိုဖွယ်ရာလည်းကောင်းသည်။

**ဆင်ဖြူတော်၏ အမည်သည် ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့်အပြင် တိုင်းပြည်ငြိမ်းချမ်းသာယာဝပြောပျော်ရွှင်မှုကို ဖော်ဆောင်ပေးသော အတိတ်နိမိတ်ပင်ဖြစ်သည်။**

ထို့ကြောင့် **"ရဋ္ဌနန္ဒက" (တိုင်းပြည်က ချစ်ခင်မြတ်နိုး၍ နိုင်ငံတော်၏ သာယာဝပြောပျော်ရွှင်ခြင်းကို ဆောင်ကြဉ်းပေးမည့် ဆင်ဖြူရတနာ)** အမည်ရသည့် ရတနာဆင်ဖြူတော် ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ အနာရောဂါကင်းပါစေ၊ အသက်ရာကျော်ရှည်ပါစေ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည်လည်း ဘေးဘယာဝေးကွာ၍ သာယာဝပြောဖွံ့ဖြိုးတိုးတက်အောင်မြင်ပါစေ၊ တိုင်းသူပြည်သားများသည်လည်း ပျော်ရွှင်ချမ်းမြေ့ကြပါစေဟု ဆုမွန်ကောင်းတောင်းကာ ကြိုဆိုဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

# ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်လျက်ရှိသော Inya Urban Force - IUF အမည်ခံ အကြမ်းဖက်အဖွဲ့မှ တရားခံများကို ဖမ်းဆီးရမိ




**နေပြည်တော် အောက်တိုဘာ ၂၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊NUG နှင့် ယင်းတို့၏ လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် နိုင်ငံ့ဝန်ထမ်းများအပါအဝင် အပြစ်မဲ့ပြည်သူများကို အဓိကပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူပိုင် အဆောက်အအုံများကို မီးရှို့ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ငန်းများကို နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၄ ရက် နေ့လယ်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၁၂)ရပ်ကွက် အောင်ဇမ္ဗူရိပ်သာလမ်း အိမ်အမှတ်(၄/၂၈-က)နေ ဦးအုန်းသွင်နှင့် ၎င်း၏သားမက်ဖြစ်သူ ကိုရဲတေဇတို့သည် မြို့တွင်းမှနေအိမ်သို့ မော်တော်ယာဉ်ဖြင့် ပြန်လာစဉ် နေအိမ်ရှေ့သို့အရောက်၌ အကြမ်းဖက်သမားများက ပစ္စတိုဖြင့် ပစ်ခတ်၍ အကြောင်းမဲ့ လုပ်ကြံသတ်ဖြတ်ခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

အထက်ပါဖြစ်စဉ်နှင့်ပတ်သက်၍ တရားခံများကို ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်မှုကို မလိုလားသော ပြည်သူများ၏သတင်းပေးမှုများကြောင့် အပြစ်မဲ့ပြည်သူနှစ်ဦးအား လုပ်ကြံသတ်ဖြတ်ခဲ့သည့် တရားခံ **ကျော်ကောင်းထက် (ခ) ကောင်းထက် (ခ)အောင်နိုင်မိုး**ကို အောက်တိုဘာ ၁ ရက်တွင် ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်း ဖူဆန်တရုတ်ဘုံကျောင်းအနီး၌ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ကျော်ကောင်းထက်(ခ)ကောင်းထက်(ခ)အောင်နိုင်မိုး၏ ထွက်ဆိုချက်အရ ရန်ကုန်တိုင်းဒေသကြီးအတွင်း အပြစ်မဲ့ပြည်သူများကို လုပ်ကြံသတ်ဖြတ်မှုများတွင် ပါဝင်ခဲ့သည့် ဆက်စပ်တရားခံများဖြစ်သော **ဥက္ကာဖြိုး(ခ) ဖရန့်(ခ) အုပ်ကြီး၊ ဇင်မေလတ်(ခ)ရတီ(ခ) ပေရယ်၊ သန်းထက်ဇင်(ခ)မိုးဇက်၊ ညီညီချစ်ထူး(ခ)မိုင်း၊ ရွှန်းလဲ့ဝေ(ခ)ဟာနာ(ခ) နော်ဝိုင်**တို့ကို အောက်တိုဘာ ၂ ရက် နံနက်ပိုင်းတွင် ကမာရွတ်မြို့နယ် ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းရှိ တက္ကသိုလ်ရေကူးကန်၌လည်းကောင်း၊ ယင်းနေ့ နေ့လယ်ပိုင်းတွင် **နေရှိုင်း(ခ)ရှိုင်းထက်**ကို ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စက်မှုလယ်ယာ(၃)လမ်း အိမ်အမှတ်(၁၃၁၄)၌လည်းကောင်း၊ အောက်တိုဘာ ၃ ရက် နေ့လယ်ပိုင်းတွင် **သန်းထွဋ်ပိုက်(ခ) ကိုစိုင်း(ခ)ကျိုးမိုက်**နှင့် **ပန်းအိအိကျော်(ခ) အိဖြူ**တို့ကို **ကမာရွတ်မြို့နယ် အမှတ်(၂) ရပ်ကွက် ပြည်လမ်းရှိ သုစကမ္ဘာဆေးရုံအနီး၌လည်းကောင်း၊အောက်တိုဘာ ၆ရက် နေ့လည်ပိုင်းတွင် ဝေယျာလင်းထက်(ခ) ဟန်လင်းထက်ကို သာကေတမြို့နယ် အမှတ်(၂)တောင်ရပ်ကွက် စောတာရုံလမ်း၌လည်းကောင်း အသီးသီး ဖမ်းဆီးရမိခဲ့သည်။**

ဖြစ်စဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း အပြစ်မဲ့ပြည်သူများကို အကြောင်းမဲ့ လုပ်ကြံသတ်ဖြတ်ခဲ့သည့် **တရားခံ ကျား ခုနစ်ဦး၊ မ သုံးဦး၊စုစုပေါင်း ၁၀ ဦး**ကို ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ **ဥက္ကာဖြိုး(ခ)ဖရန့်(ခ)အုပ်ကြီး၊ သန်းထက်ဇင်(ခ)မိုးဇက်**နှင့် **ကျော်ကောင်းထက် (ခ)ကောင်းထက် (ခ)အောင်နိုင်မိုး**တို့သည် ၂၀၂၁ ခုနှစ် အောက်တိုဘာလ ပထမပတ်တွင် လှိုင်မြို့နယ် မာလာမြိုင်(၄)လမ်း၊ အိမ်အမှတ်(၉၆)၌ အကြမ်းဖက် ဖောက်ခွဲရေးသင်တန်း ၁၀ ရက် တက်ရောက်ခဲ့ကြောင်း၊ **နေရှိုင်း(ခ)ရှိုင်းထက်**သည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီမှစ၍ စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် လောင်းပြည့်ရွာအနီး၌ မင်းကင်း PDF အဖွဲ့ထံတွင် အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေးသင်တန်း လေးလ တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ထို့ပြင် အကြမ်းဖက်သင်တန်းများ အသီးသီးတက်ရောက်ခဲ့ပြီး ၂၀၂၁ ခုနှစ် ဇူလိုင်လတွင် ရန်ကုန်တိုင်းဒေသကြီး အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန် **Inya Urban Force-IUF အမည်ခံ အကြမ်းဖက်အဖွဲ့**ကို ဖမ်းဆီးရန်ကျန်တရားခံ **ကိုပိုင်(ခ)ခန့်နိုင်** ခေါင်းဆောင်၍ **ဥက္ကာဖြိုး(ခ)ဖရန့်(ခ) အုပ်ကြီး၊ သန်းထက်ဇင်(ခ)မိုးဇက်၊ ကျော်ကောင်းထက် (ခ)ကောင်းထက်(ခ) အောင်နိုင်မိုး၊ သန်းထွဋ်ပိုက် (ခ)ကိုစိုင်း (ခ)ကျိုးမိုက်၊ နေရှိုင်း(ခ)ရှိုင်းထက်၊ ဝေယျာလင်းထက် (ခ)ဟန်လင်းထက်၊ ညီညီချစ်ထူး(ခ)မိုင်း၊ ရွှန်းလဲ့ဝေ(ခ)ဟာနာ (ခ) နော်ဝိုင်၊ ဇင်မေလတ် (ခ)ရတီ(ခ)ပေရယ်၊ ပန်းအိအိကျော်(ခ)အိဖြူ**နှင့် ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သော **သီဟ(ခ) ကူးပါး၊ ကိုထက်(ခ)ကိုဇန်၊**

**စာမျက်နှာ ၂၃ သို့**





**၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းနှင့် အနော်ရထာလမ်းထောင့်ရှိ ယာဉ်ထိန်းရုံး၌ လက်လုပ်မိုင်းပေါက်ကွဲခဲ့မှု မှတ်တမ်းဓာတ်ပုံ။**

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ၄၂၂၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် အောက်တိုဘာ ၂၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန စားသုံးဆီတင်သွင်းသို လှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေး ကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိက ထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၇ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ၄၂၂၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**☆ ကျောဖုံးမှအဆက်**

G to G သဘောတူစာချုပ် ချုပ်ဆိုထားပြီး ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းမှ ဆန်တန်ချိန် သုံးသောင်းမှ ငါးသောင်းတင်ပို့ရန်လျာထားဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၈ ရက်မှစ၍ ဧည့်မထဆန်(၅မတ်) 50kg ဆန်အိတ်တန်ချိန် ၂၆၅၀ ကို စတင်၍ သင်္ဘောတင်နေခြင်းဖြစ်သည်။

"ပြည်ပကိုဆန်တင်ပို့မှုကနေ နိုင်ငံခြားဝင်ငွေရရှိစေတဲ့အပြင် နိုင်ငံတော်နဲ့ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ကနေ ပြည်ပကိုဆန်တိုက်ရိုက်တင်ပို့နိုင်တာဟာ တိုင်းဒေသကြီးရဲ့အောင်မြင်မှု ပထမလှေကားထစ်တစ်ခုပါ။ ဒုတိယလှေကားထစ်တစ်ခုက နိုင်ငံတော်ကမျှော်မှန်းထားတဲ့ ပုသိမ်စက်မှုမြို့တော်ကနေ ကုန်သွယ်မှုလုပ်ငန်းတွေ မြန်ဆန်သွက်လက်ဖို့အတွက် ခြေလှမ်းသစ်တစ်ခုလည်းဖြစ်လာပါတယ်။ ဆန်တင်ပို့နိုင်မှုဟာ တိုင်းဒေသကြီးအတွက်လည်း GDP တန်ဖိုးလည်း တက်လာစေပါတယ်။ မြန်မာနိုင်ငံရဲ့စပါးကျီဖြစ်တဲ့ ဧရာဝတီတိုင်းဒေသကြီးရဲ့ မြို့တော်ဖြစ်တဲ့ ပုသိမ်မြို့ကနေ ဆန်စပါးအပြင် ပဲ၊ ပြောင်း၊ နှမ်းကို တင်ပို့နိုင်ဖို့လည်း မျှော်မှန်းထားပါတယ်။ လာမယ့်နှစ်တွေမှာလည်း ဝန်ကြီးဌာနနဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့ ညွှန်ကြားမှုနဲ့ ဟန်ချက်ညီညီ ဆန်စပါးအသင်းအဖွဲ့တွေ လက်တွဲပူးပေါင်း ဆောင်ရွက်သွားမှာပါ" ဟု ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းထွန်းက ပြောပြသည်။

ပုသိမ်စက်မှုမြို့တော် ဆိပ်ကမ်း( Ayeyarwaddy International Industrial Port AIIP) မှ ဆန်တန်ချိန် ၂၆၅၀ ကို အောက်တိုဘာ ၃၁ ရက်အပြီး တင်ဆောင်ပြီးပါက ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ MV MCL-7 ကုန်တင်သင်္ဘော ထွက်ခွာမည်ဖြစ်ကာ သင်္ဘောများ တစ်စီးဝင် တစ်စီးထွက်စနစ်ဖြင့် ဆက်လက်ဝင်ရောက်နေမည်ဖြစ်သည်။

မြန်မာ့ဆန်ကို အိမ်နီးချင်းနိုင်ငံသို့ တင်ပို့နိုင်ခြင်းဖြင့် ဆန်စပါးနှင့်ဆက်စပ်သောလုပ်ငန်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ပေါ်ထွန်းလာလျက်ရှိရာ ပြည်ပပို့ကုန် တိုးမြှင့်နိုင်ရေးနှင့် ဈေးကွက်စဉ်ဆက်မပြတ်တည်ရှိရေးအတွက် နိုင်ငံတော်၊ စိုက်ပျိုးတောင်သူ၊ လုပ်ငန်းရှင်နှင့် ဌာနဆိုင်ရာများ ဟန်ချက်ညီညီဖြင့် ဆက်လက် လှမ်းချီသွားရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





**၂၀၂၂ ခုနှစ် ဇော်တင်ဘာ ၂၄ ရက်တွင် လှိုင်မြို့နယ် အမှတ်(၁၂)ရပ်ကွက် အောင်ဓမ္မရိပ်သာလမ်း အိမ်အမှတ်(၄/၂၈-က) ရှေ့၌ အပြစ်မဲ့ပြည်သူနှစ်ဦး လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည့် မှတ်တမ်းဓာတ်ပုံ။**

**စာမျက်နှာ ၂၃ မှအဆက်**

ဝိုင်းဝန်းကာကွယ် တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများကို အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများကို ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများအမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

## အောက်တိုဘာ ၃၀ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉၁ ဦး တွေ့ရှိပြီး ယနေ့တစ်ဦးသေဆုံး

**နေပြည်တော် အောက်တိုဘာ ၃၀**

အောက်တိုဘာ ၂၉ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၈၅၇၇ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ၉၁ ဦးတွေ့ရှိပြီး ယနေ့တွင် တစ်ဦးသေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၀၆၂၅ ဦး |
| သေဆုံးသူ | ၁၉၄၈၂ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၅၉၇ ဦး |

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၃၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက်နေ မျိုးမင်းသန့်နှင့် ၎င်း၏ဇနီးဖြစ်သူ ဆိုင်းပန်တို့သည် ၎င်းတို့အသုံးပြုသည့် "Myo Min Than" Facebook အကောင့်၊ "Sai Pann" Facebook အကောင့်တို့သည် အသိပေးသတင်း ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# အမေရိကန်လက်ဝှေ့နည်းပြကြီးကို ဗလာလက်သီးဖြင့် သဲအိတ်ငါးလုံးခွဲပြခြင်း

ရွှေဘိုဘာမထိခင်အောင်



ရွှေဘိုဘာမထိခင်အောင်

"ခင်အောင် မင်း သဲအိတ်တွေခွဲနိုင်သေးလား"

"ခွဲနိုင်သေးတယ်ဆရာ"

ကျွန်တော်က မဆိုင်းမတွဖြေလိုက်၏။ ဆရာကြီး ကျားဘညိမ်းက ခေါင်းကလေးတဆတ်ဆတ်နှင့် ပြုံးတေ့တေ့အမူအရာကလေးဖြင့်-

"အေး ဟုတ်ပြီ မနေ့ညက Mr. Wood Ward ကြီးကို ငါပြောပြတယ်။ ရွှေဘိုဘက်ဆီက တောသား လက်ဝှေ့သမားကလေးတစ်ယောက်က သဲအိတ်ကြီးတွေကို ဗလာလက်သီးနဲ့ထိုးခွဲနိုင်တယ်" လို့ပြောတော့ "မဖြစ်နိုင်တာပဲ။ မယုံပါဘူး။ ဘယ်တုန်းကမှ မကြားဖူးဘူး"တဲ့ကွ။ မင်းခွဲနိုင်တယ်ဆိုရင် သူ့ကို ပြောလိုက်ရမလား"

"ပြောလိုက်ပါ ဆရာ၊ အခုပဲခွဲပြမယ်"

ရန်ကုန်သန့်လျင်ရေတပ်လက်ဝှေ့လေ့ကျင့်ရေးစခန်းတွင် တစ်နိုင်ငံလုံးက လက်ရွေးစင်လက်ဝှေ့ကျော်ပေါင်း ၇၁ ဦး လက်ဝှေ့နည်းပြဆရာဖြစ်သင်တန်းတက်ရန် ရောက်ရှိနေ၏။ ကျွန်တော်က ရွှေဘိုခရိုင် ရှစ်မြို့နယ်ကို ကိုယ်စားပြု၍ နိုင်ငံတော်စရိတ်ဖြင့် သွားရောက်တက်ရ၏။

၁၉၆၁ ခုနှစ် ဇူလိုင် ၂၅ ရက်မှ စက်တင်ဘာ ၁၀ ရက်ထိ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌဖြစ်သူ ပြည်ထဲရေးဝန်ကြီး ဗိုလ်ခင်မောင်ကလေးက အမေရိကန်နိုင်ငံက နာမည်ကျော်လက်ဝှေ့နည်းပြဆရာကြီးတစ်ဦးကို လစာပေး၍ ငှားလိုက်ခြင်းဖြစ်၏။

Vernon.e Wood Ward

American Specialist

Coach Boxing Clpach Cultural

Exchange Program

U.S.A Department Of State က ကျွန်တော်တို့ ၇၁ ယောက်ကို သင်ပြ၊ လေ့ကျင့်ပေးခဲ့သည်။ ရေတပ်လက်ဝှေ့စခန်း (Camp) ၌ ကြိုးဝိုင်း Ring သဲအိတ်ကိုးလုံးချိတ်ဆွဲထား၏။ Stand Ball/ Punching Ball ခုန်ကြိုး ၃၀ ထက် ကြိုးခြောက်အောင်စ၊ ၁၄ အောင်စ၊ ရှစ်အောင်စ လက်ဝှေ့အိတ်တွေ၊ Pad တွေလိုလေသေးမရှိ။ ကျွန်တော်တောသား အံ့အားသင့်ရသည်။

၁၉၆၁ ခုနှစ် ဇူလိုင် ၃၀ ရက် ညနေ ၄ နာရီတွင် လက်ဝှေ့လေ့ကျင့်ရေးစခန်း၌ သင်တန်းသား ၇၁ ဦးသည် ကြိုးဝိုင်းအတွင်း လူချင်းပူးတွဲလုပ်ရသူတချို့၊ သဲအိတ်ထိုးရသူတချို့၊ ကြိုးခုန်ရသူတချို့၊ Pad ထိုးရသူတချို့၊ လေဘောလုံးလေ့ကျင့်နေရသူတချို့နှင့် လှုပ်လှုပ်ရှားရှားရှိနေကြတော့သည်။ ဆရာကြီး Mr. Wood Ward ၏ လက်ထောက်နည်းပြဆရာများဖြစ်သော ဆရာကျားဘညိမ်း၊ ဆရာဦးဘဝါ၊ ဆရာစတန်လေအဲဗားရတ်၊ ဆရာမြွေပွေးသိန်းမောင် (မြန်မာ့ရိုးရာလက်ဝှေ့ကျော် မြွေပွေးသိန်းမောင်မဟုတ်ပါ)၊ ဗိုလ်အေးကို၊ ဆရာသမန်းကျားမောင်မြင့်၊ ဗိုလ်မင်းကြွယ်တို့က သင်ပြလျက်ပါ။

၇၁ ယောက်လှုပ်ရှားနေကြစဉ်ဝယ် ဆရာကျားဘညိမ်းက Mr. Wood Ward ကို ခေါ်လိုက်သည်။ ကြိုးဝိုင်းပေါ်မှ ဆင်းချလာ၏။

"သူပဲ သဲအိတ်တွေကို ဗလာလက်သီးနဲ့ ထိုးခွဲနိုင်တဲ့ ရွှေဘိုတောဘက်က တောသား လက်ဝှေ့သမား"

"မင်းတကယ်ခွဲနိုင်ရင် အခုခွဲပြပါ"

"ခွဲပြပါမယ်ခင်ဗျ"

"ကဲ. . . ခင်အောင် ချပေတော့"

ဆရာကျားဘညိမ်းက အားပေးရှာသည်။

ကျွန်တော် ဘာမထိခင်အောင်သည် ဘုရားစာကို ရွတ်ဆိုရင်း သဲအိတ်ကြီးခွဲမည့်တည်နေရာကို စက္ကန့် ၃၀ မျှ မျက်တောင်မခတ်စိုက်ကြည့်ကာ Key သွင်းလိုက်ပြီး ဘယ်ပင့်လက်သီးတစ်လုံး၊ ညာပင့်လက်သီးတစ်လုံးဖြင့် သဲအိတ်ကြီး၏ တစ်နေရာကို ပခုံးအား၊ ခြေထောက်အားကိုသွင်း၍ အားစိုက်ပြီး ခြောက်လုံးထိုးသွင်းလိုက်ရာ ညာပင့်ခြောက်လုံးမြောက်မှ သဲအိတ်ကြီး သုံးလက်မမျှ ကွဲပြတ်သွားတော့သည်။

"ဟာ ဟာ ဟာ"

တဟားဟားနှင့် အားလုံးအံ့ဩကုန်ကြလေသည်။

"အလွန့် အလွန်ကို အံ့ဩစရာပါပဲ။ ထူးဆန်းလိုက်တာ ထူးပါပေ့ကွယ်။ ငါ ကမ္ဘာကိုလှည့်ပြီး လက်ဝှေ့နည်းပြလာခဲ့တာ ၃၅ နှစ်ရှိပြီ။ နိုင်ငံပေါင်း ၅၀ ကျော်ပြီ။ မင်းလိုသဲအိတ်ကြီးတွေကို ပုဆိန်နဲ့ပေါက်သလို ဗလာလက်သီးနဲ့ခွဲနိုင်ခဲ့တဲ့သူ တစ်ယောက်မှ မတွေ့ခဲ့ဘူး။ မြန်မာနိုင်ငံရောက်မှ ဒီနေ့မြင်ဖူးတာပါပဲကွယ်။ အံ့ဩစရာပါပဲ။ မြန်မာနိုင်ငံရဲ့ ဂုဏ်ကျက်သရေကို မင်းကမြှင့်တင်ပေးနိုင်ပါပြီ။ ငါ နိုင်ငံပြန်ရောက်ရင် မင်းနဲ့ မြန်မာနိုင်ငံအကြောင်း ငါဆောင်းပါးရေးပြီး ဂုဏ်ပြုပါ့မယ်။ ဓာတ်ပုံလဲ ရိုက်ရမယ်"

"ဆရာ ကျားဘညိမ်းကတစ်ဆင့် ကျွန်တော်က ဆရာကြီးခွဲစေချင်တဲ့ သဲအိတ်ကို လက်ညှိုးထိုးပြီး ပြပါ။ ကျွန်တော်ထပ်မံခွဲပြပါ့မယ်"ဟု စိန်ခေါ်လိုက်ရာ Mr. Wood Ward က အကြီးဆုံးသဲအိတ်ကြီးကို လက်ညှိုးထိုးပြ၏။

အလွန်မာသည့် သဲအိတ်ကြီးပါ။ မာလေခွဲရတာ လွယ်လေပါပဲ။ ကျွန်တော်က ဘုရားစာရွတ်ဆိုပြီး စက္ကန့် ၃၀ စိုက်ကြည့်ကာ Key သွင်းပြီးထိုးတော့ရာ လေးချက်နှင့် ကွဲစုတ်သွားလေသည်။ လက်ဝှေ့နည်းပြဆရာများနှင့် လက်ဝှေ့ကျော် ၇၁ ဦးစလုံး အံ့ဩနေကြလေသည်။

ဆရာကျားဘညိမ်းက ကျွန်တော့်ပခုံးကိုဖက်ကာ "ခင်အောင် မင်းလုပ်ပြလိုက်တာ တို့နိုင်ငံ ဂုဏ်တက်ပြီကွ။ ရွှေဘိုသားကြွားနိုင်ပြီကွ"တဲ့။ ကျွန်တော် ဘာမထိခင်အောင်တောသားဂုဏ်ဝင့်မိ၏။ အဘယ်ကြောင့်ဆိုသော် နိုင်ငံခြားသားများမလုပ်နိုင်သည်ကို ကျွန်တော်လုပ်ပြနိုင်ခဲ့သည်။ ကျွန်တော်ချစ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ဂုဏ်ကို မြှင့်ပေးရာရောက်၏။ နောက် ၁၉၆၁ ခုနှစ် ဇူလိုင် ၃၁ ရက် ညနေတွင် အားကစားသတင်းထောက်များ ရန်ကုန်သန့်လျင်ရေတပ်လက်ဝှေ့စခန်းသို့ ရောက်လာကြ၏။ ရွှေဘိုက လက်ဝှေ့သမားတစ်ဦး သဲအိတ်ကြီးများကို ဗလာလက်သီးနှင့် ထိုးခွဲပြနေကြောင်း သတင်းရသဖြင့် သတင်းယူလို၍ပါတဲ့။

**❖ ကျွန်တော် ဘာမထိခင်အောင်သည် ၁၉၅၁ ခုနှစ်မှ ၁၉၆၅ ခုနှစ်ထိ လက်ဝှေ့ထိုးခဲ့၏။ ၁၅ နှစ်အတွင်း ပွဲပေါင်း ၇၄ ပွဲ ထိုးသတ်ခဲ့ရာ ၆၃ ပွဲအနိုင်ရခဲ့ပြီး ၁၁ ပွဲရှုံး၏။ ၄၁ ပွဲအလဲထိုး (Knock Out) ချအနိုင်ရ၏။ ၁၉၅၆ ခုနှစ်မှ ၁၉၆၅ ခုနှစ်အတွင်း သဲအိတ်ကြီးပေါင်း ၆၂ လုံးကို ဗလာလက်သီးနှင့် ထိုးခွဲနိုင်ခဲ့သည်။ ထိုစံချိန်ကို ယနေ့ထိ ဘယ်သူမှမချိုးနိုင်ခဲ့ပါ။ ၁၉၆၁ ခုနှစ် ရေတပ်စခန်း၌ သင်တန်းတက်စဉ် သင်တန်းသားလက်ဝှေ့ကျော်များက အောက်ပါအတိုင်းဖြစ်ပေသည်။ ကျွန်တော် သဲအိတ်ငါးလုံးခွဲပြခဲ့စဉ် သူတို့ရှိနေ၊ ကြည့်နေကြသည်။ ❖**

မဂ္ဂဇိုင်သတင်းစာ၊ ရန်ကုန်သတင်းစာ၊ ဟံသာဝတီသတင်းစာ၊ မိုးကြိုးသတင်းစာ၊ ပြည်ထောင်စုသတင်းစာတို့မှ သတင်းလာယူကြ၏။

၁၉၆၁ ခုနှစ် ဩဂုတ် ၁ ရက်ထုတ်သတင်းစာများ၌ **"ရွှေဘိုက လက်ဝှေ့သမား သဲအိတ်ငါးလုံးကို ဗလာလက်သီးနဲ့ခွဲပြ"** ခေါင်းစဉ်နှင့် သတင်းပါလာ၏။ ကမ္ဘာ့လက်ဝှေ့ချန်ပီယံများ မလုပ်နိုင်သည့် သဲအိတ်ခွဲနိုင်သော မြန်မာနိုင်ငံသားဟု အမေရိကန်နည်းပြဆရာက အမွှမ်းတင် စသည်ဖြင့် သတင်းစုံရေးကြ၏။

ဆရာကျားဘညိမ်းပြောခဲ့သလို "ရွှေဘိုသားကြွားနိုင်ပြီ"ပေါ့။

ကျွန်တော် ဘာမထိခင်အောင်သည် ၁၉၅၁ ခုနှစ်မှ ၁၉၆၅ ခုနှစ်ထိ လက်ဝှေ့ထိုးခဲ့၏။ ၁၅ နှစ်အတွင်း ပွဲပေါင်း ၇၄ ပွဲ ထိုးသတ်ခဲ့ရာ ၆၃ ပွဲအနိုင်ရခဲ့ပြီး ၁၁ ပွဲရှုံး၏။ ၄၁ ပွဲအလဲထိုး (Knock Out) ချ အနိုင်ရ၏။ ၁၉၅၆ ခုနှစ်မှ ၁၉၆၅ ခုနှစ်အတွင်း သဲအိတ်ကြီးပေါင်း ၆၂ လုံးကို ဗလာလက်သီးနှင့် ထိုးခွဲနိုင်ခဲ့သည်။ ထိုစံချိန်ကို ယနေ့ထိ ဘယ်သူမှမချိုးနိုင်ခဲ့ပါ။ ၁၉၆၁ ခုနှစ် ရေတပ်စခန်း၌ သင်တန်းတက်စဉ် သင်တန်းသားလက်ဝှေ့ကျော်များက အောက်ပါအတိုင်းဖြစ်ပေသည်။ ကျွန်တော် သဲအိတ်ငါးလုံးခွဲပြခဲ့စဉ် သူတို့ရှိနေ၊ ကြည့်နေကြသည်။

မျိုးသန့် (လန်ဒန် အိုလံပစ်ပြန်)၊ သိန်းမြင့် (ကမ္ဘာ့အိုလံပစ် သုံးကြိမ် နေမဲလ်ကုန်း၊ ရောမ၊ တိုကျို)၊ တင်ထွန်း ကမ္ဘာ့အိုလံပစ် နှစ်ကြိမ်နေ (တိုကျို၊ မက္ကဆီကို)၊ မွန်တိုင်းရင်းသား လှညွန့် (ကမ္ဘာ့အိုလံပစ်ပြန် ရောမ)၊ သန်းထွန်း (ကမ္ဘာ့အိုလံပစ်ပြန် ရောမ)၊ မဂျစ် (ကမ္ဘာ့အိုလံပစ်နေမင်းလန်)၊ ဂျိတ်ဘာဝါး (ကမ္ဘာ့အိုလံပစ်ပြန် တိုကျို)၊ စံလှ (ကမ္ဘာ့အိုလံပစ်နေမင်းလန်)၊ မွန်တိုင်းရင်းသားကြီး အောင်ထွန်း (အရှေ့တောင်အာရှရွှေတံဆိပ်ရ ချန်ပီယံ (ပ)အကြိမ်)၊ လှရွှေ (အရှေ့တောင်အာရှ ရွှေတံဆိပ်ရချန်ပီယံ ဒု/ပဉ္စမ အကြိမ်)၊ ရဲတင့် (အရှေ့တောင်အာရှရွှေတံဆိပ်ရ ချန်ပီယံ ဒု-အကြိမ်)၊ တင်မောင် (အရှေ့တောင်အာရှရွှေတံဆိပ်ရချန်ပီယံ ဒု-အကြိမ်)၊ မောင်ညွန့် (အရှေ့တောင်အာရှရွှေတံဆိပ်ရချန်ပီယံ ဒု-အကြိမ်)၊ ခင်မောင်ဝင်း (အရှေ့တောင်အာရှရွှေတံဆိပ်ရချန်ပီယံ ဒု-အကြိမ်)၊ ကုမားရှိုင်း (အရှေ့တောင်အာရှရွှေတံဆိပ်ရချန်ပီယံ ဒု-အကြိမ်)၊ ကြီးမောင် (အစ္စရေးပြန်)၊ မောင်သိန်း(အရှေ့တောင်အာရှရွှေတံဆိပ်ရချန်ပီယံ ပဉ္စမအကြိမ်)၊ သိန်းလွင် (အရှေ့တောင်အာရှရွှေတံဆိပ်ရချန်ပီယံ ပဉ္စမအကြိမ်)၊ ကြူးဟန် (အရှေ့တောင်အာရှရွှေတံဆိပ်ရချန်ပီယံပဉ္စမအကြိမ်)၊ ရဲမြင့် (အရှေ့တောင်အာရှငွေတံဆိပ်ရ ပ-အကြိမ်)၊ ကျော်အေး (အရှေ့တောင်အာရှကြေးတံဆိပ်ရ)၊ အုံးရွှေ (အရှေ့တောင်အာရှကြေးတံဆိပ်ရ)၊ ဆန်နီကွှိုင်၊ တင်အောင်ကျော်၊ လှအောင်၊ ကိုကြီးအောင်မောင်း၊ မြမောင်၊ အလက်ဇင်းဒါး၊ ဝါးခယ်မကြီးရှိန်၊ ထွန်းရီ၊ ဒီဝေါလ်တန်း၊ ဂျေဂျိမ်း၊ ကျော်မြင့် (နည်းပြ)၊ မာမွတ်ဘာဝါး၊ သောင်းထွန်း၊ ချစ်စရာ၊ လှမောင်၊ မစ္စတာဟာမစ် (B.M.H.S) နည်းပြဆရာ၊ မနန်းမနော၊ မီးရထားနီနီ၊ သိန်းရွှေ၊ စောထွန်းလှ၊ စောဂျိုးဇက်၊ R. မြမောင်၊ မန်းနီ၊ ကျော်ရှိန် စသည်ဖြင့် ရှိနေကြပေသည်။

ထိုထိုသော ကမ္ဘာ့အိုလံပစ်ပြန်များ၊ အာရှချန်ပီယံများ၊ အရှေ့တောင်အာရှချန်ပီယံများ၊ မြန်မာ့လက်ရွေးစင်အားလုံး နှစ်ပေါင်း ၆၀ အတွင်း ကျွန်တော် ရွှေဘိုဘာမထိခင်အောင်လို သဲအိတ်ပေါင်း ၆၂ လုံးကို ဗလာလက်သီးသက်သက်ဖြင့် ပုဆိန်နှင့်ပေါက်သလိုထိုးခွဲနိုင်စွမ်း တစ်ဦးတစ်ယောက်မှ မပေါ်ပေါက်သေးပါချေ။

ဂျပန်လက်ဝှေ့ချန်ပီယံကို ၁၉၅၃ ခုနှစ် အနိုင်ထိုးခဲ့သူ အစ်ကိုကြီး မြွေပွေးသိန်းမောင်က ကျွန်တော့်ကို သဲအိတ်ခွဲနည်း ပြစမ်းညီလေးဆို၍ ၁၉၆၁ ခုနှစ် စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီက ရန်ကုန်ရေတပ်လက်ဝှေ့စခန်း၌ လက်တွေ့ပြခဲ့၏။ အစ်ကိုကြီး မြွေပွေးသိန်းမောင်က သဲအိတ်ကိုထိုးခဲ့ရာ သဲအိတ်မကွဲဘဲ သူလက်သာကွဲစုတ်သွားရသည်။

သဲအိတ်များခွဲရန် လက်နှစ်ဖက်လုံးက ကျွဲပခုံးကဲ့သို့ အရေပြားထူသည်ထိ လပေါင်းများစွာ ဗလာလက်သီးကျင့်ယူရမည်။ လက်သီးဆုပ်ကို ဓားနှင့်လှီးလျှင်ပင် သွေးတစ်စက်မှမထွက်ဘဲ အသားမာဖြူခနဲဖြစ်နေရမည်။ အရေးအပါဆုံးက စိတ်တန်ခိုးရှိရမည်။ ထိုသို့ စိတ်တန်ခိုးရှိလာစေရန် တရားကျင့်ရမည်။ စိတ်ကိုညှို့ပြီး Key သွင်းခြင်းသည် စိတ်တန်ခိုးအားကောင်းမှရသည်။ စိတ်ဓာတ်မပြင်းထန်လျှင် သဲအိတ်မကွဲ လက်ပဲကွဲမည်။

ကျွန်တော့်ညာခြေထောက်က အမေမွေးလာကတည်းက ကျိုးလာခဲ့သည်။ ငါးနှစ်သားအရွယ်တွင် ဒေါက်တာ ဦးဘသန်း (ရန်ကုန်ဂျင်မခါနာဆေးရုံ)က ခွဲစိတ်ရာ လမ်းလျှောက်၍ရခဲ့သည်။ သို့သော် တစ်လက်မနိမ့်သွားပြီး ထော့နဲ့ထော့နဲ့ လမ်းသွားရသည်။ ညာခြေသလုံးကြွက်သားခိုင်မာမှုမရှိတော့ပေ။ တကယ်တော့ ကျွန်တော်မသန်စွမ်းဘဝပါ။ သို့ရာတွင် လောကကို ဘယ်တော့မှအရှုံးမပေးခဲ့။ ဘာမထိခင်အောင်၏ဘဝမှာ အလံဖြူမရှိ။ လောကကြီးကို ဘယ်တော့မှအရှုံးမပေးသည့် ဘာမထိဖြစ်သည်။ လူငယ်များ အားကျနိုင်ကြပါစေ။

# အမေရိကန်နိုင်ငံရှိ မစ္စစ္စပီမြစ်ရေ သမိုင်းတစ်လျှောက် စံချိန်တင်ရေပမာဏကျဆင်းမှုဖြစ်ပေါ်



**ဝါရှင်တန် အောက်တိုဘာ ၃၀**

အမေရိကန်နိုင်ငံရှိ အဓိက မြစ်တစ်စင်းဖြစ်သော မစ္စစ္စပီမြစ်ရေသည် သမိုင်းတစ်လျှောက်စံချိန်တင် ရေပမာဏကျဆင်းမှု ဖြစ်ပေါ်နေသည့်အတွက် သောက်သုံးရေပြဿနာ ဖြစ်ပေါ်လာနိုင်သကဲ့သို့ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများ အခက်အခဲရှိလာနိုင်ကြောင်း အီလီနွိုက်အခြေစိုက် Illinois Farm Bureau အဖွဲ့အစည်းက သတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း AS သတင်းဌာနက ယနေ့ရေးသား ဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံ အနောက်အလယ်ပိုင်း ပြည်နယ်များတွင် မိုးခေါင်သည့်ပြဿနာဖြင့် ရင်ဆိုင်နေရပြီး အဆိုပါပြည်နယ်များသည် မစ္စစ္စပီမြစ်ရေကို အားကိုးအားထားပြုနေရသည့် ပြည်နယ်များလည်းဖြစ်ကြောင်း၊ မိုးခေါင်သည့်ပြဿနာကြောင့် မစ္စစ္စပီမြစ်ရေပမာဏကျဆင်းလာခြင်းသည် ဒေသခံများကို ကဏ္ဍပေါင်းစုံမှ အနုတ်လက္ခဏာ ဖြစ်ပေါ်စေကြောင်းလည်း Illinois Farm Bureau အဖွဲ့အစည်းမှ သုတေသီများက သတိပေးခဲ့သည်။

"မိုးခေါင်တဲ့ပြဿနာကြောင့် မစ္စစ္စပီမြစ်ရေဟာ စံချိန်တင်ရေပမာဏကျဆင်းမှုတွေ ဖြစ်ပေါ်လာတယ်။ ဒီလိုအခြေအနေမျိုးမှာ ပြည်သူတွေ ဝင်ငွေကျဆင်းလာနိုင်တယ်။ စီးပွားရေးလုပ်ငန်းတချို့လဲ လည်ပတ်ဖို့ အခက်အခဲရှိလာနိုင်တယ်။ ရာသီဥတုဖောက်ပြန်မှုရဲ့ နောက်ဆက်တွဲ ဆိုးကျိုးတွေက တော်တော်များပါတယ်"ဟု Illinois Farm Bureau အဖွဲ့အစည်းမှ စီးပွားရေးသုတေသီ မိုက်ဟိုဟာတီက ပြောကြားခဲ့ကြောင်း သိရသည်။

မိုးခေါင်သည့်ပြဿနာကြောင့် အနောက်အလယ်ပိုင်းပြည်နယ်များရှိ စက်မှုဇုန်များတွင်လည်း စက်ရုံလည်ပတ်ရန် အခက်အခဲများရှိလာနိုင်သည့်အခြေအနေဖြင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း၊ ကဏ္ဍပေါင်းစုံမှ ပြဿနာများဖြင့် ရင်ဆိုင်လာရနိုင်သည့်အခြေအနေကို ကျော်လွှားနိုင်ရေးအတွက် ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်သွားရန် လိုအပ်နေကြောင်း သိရသည်။

**ခိုင်းဆက်**

# ကင်ညာနိုင်ငံတွင် သဘာဝဘေးဖြင့်ရင်ဆိုင်နေရသည့် ကလေးငယ် ၁၆ သန်းကျော်ရှိ

**နိုင်ရိုဘီ အောက်တိုဘာ ၃၀**

အာဖရိကတိုက်မှ နိုင်ငံအမြောက်အမြားသည် ရာသီဥတုဖောက်ပြန်မှုကြောင့် သဘာဝဘေးအန္တရာယ်ဖြင့် အများဆုံးရင်ဆိုင်နေရပြီး ကင်ညာနိုင်ငံတွင် သဘာဝဘေးအန္တရာယ် ဒဏ်သင့်နေသည့် လူဦးရေ သန်းနှင့်ချီ၍ ရှိနေသကဲ့သို့ သဘာဝဘေးဒဏ်သင့်ပြည်သူများတွင် အရွယ်မရောက်သေးသည့် ကလေးငယ် ၁၆ သန်းကျော်ထိ ရှိနေကြောင်း မာဒါဂတ်စ်ကာ ကလေးသူငယ် စောင့်ရှောက်ရေးအဖွဲ့အစည်းက အောက်တိုဘာ ၂၉ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း The Star သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

သဘာဝဘေးဒဏ်သင့်နေသည့် ကလေးငယ် အရေအတွက်မှာ နိုင်ငံ့ကလေးငယ်လူဦးရေ၏ ၆၇ ရာခိုင်နှုန်းထိရှိနေကြောင်း၊ အဆိုပါ ကလေးငယ်များသည် သဘာဝဘေးအန္တရာယ်ကြောင့် စားနပ်ရိက္ခာ မလုံလောက်မှု၊ ဆင်းရဲမှုတို့ကြောင့် အစာအာဟာရချို့တဲ့သည့် ပြဿနာဖြင့်လည်း ရင်ဆိုင်နေရကြောင်း၊ အဆိုပါ ကလေးငယ်များအတွက် စားနပ်ရိက္ခာ လိုအပ်နေသကဲ့သို့ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုများလည်း လိုအပ်နေကြောင်း မာဒါဂတ်စ်ကာကလေးသူငယ်စောင့်ရှောက်ရေး အဖွဲ့အစည်း၏ ဒါရိုက်တာဖြစ်သူ အာရမ်ဂါက ပြောကြားခဲ့သည်။



"ရာသီဥတုဖောက်ပြန်မှုပြဿနာကြောင့် သဘာဝဘေးအန္တရာယ်တွေကျရောက်ပြီး အာဖရိကနိုင်ငံတော်တော်များများမှာ အခက်အခဲတွေနဲ့ရင်ဆိုင်နေရတယ်။ အာဖရိကအရှေ့ဘက်ပိုင်းနဲ့တောင်ဘက်ပိုင်း နိုင်ငံတွေမှာ သဘာဝဘေးဒဏ်သင့်ပြည်သူတွေ သန်းနဲ့ချီပြီး ရှိနေပါတယ်။ သဘာဝဘေးဒဏ်သင့်ပြည်သူတွေထဲမှာ အရွယ်မရောက်သေးတဲ့ကလေးငယ် သန်း ၁၅၀ လောက်ထိ ရှိနေပါတယ်။ ဒီနိုင်ငံတွေထဲမှာ ကင်ညာနိုင်ငံက အဆိုးရွားဆုံးပါပဲ။ ကင်ညာနိုင်ငံမှာ သဘာဝဘေးအန္တရာယ်နဲ့ ရင်ဆိုင်နေရတဲ့ကလေးငယ် ၁၆ သန်းကျော်ထိရှိနေပါတယ်။ လက်ရှိ အာဖရိကတိုက်မှာဖြစ်ပေါ်နေတဲ့ ရာသီဥတုဖောက်ပြန်မှုဟာ နှစ်ပေါင်း ၄၀ အတွင်း အဆိုးရွားဆုံးအခြေအနေကို ရောက်ရှိနေပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားကြောင်း သိရသည်။

**ခိုင်းဆက်**

# COP27 ညီလာခံသို့ ဗြိတိန်ဘုရင်တက်ရောက်ပေးရန် ဂျွန်ကာရီ တောင်းဆို

**ကိုင်ရို အောက်တိုဘာ ၃၀**

အီဂျစ်နိုင်ငံတွင် ကျင်းပသွားမည့် COP27 ညီလာခံကို နိုင်ငံပေါင်း ၁၉၇ နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်သွားမည်ဖြစ်ပြီး အဆိုပါညီလာခံတွင် ဗြိတိန်ဘုရင် ချားလ်ကို တက်ရောက်စေလိုကြောင်း အမေရိကန် ရာသီဥတုဖောက်ပြန်မှုဆိုင်ရာ အထူးသံတမန် ဂျွန်ကာရီက တောင်းဆိုခဲ့ကြောင်း US News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ဗြိတိန် ဝန်ကြီးချုပ်ဟောင်း ထရက်စ်က ချားလ်ဘုရင်ကို COP27 ညီလာခံတက်ရောက်ပေးရန်တောင်းဆိုခဲ့သော်လည်း ပြတ်သားသည့်တုံ့ပြန်မှုမရခဲ့ပေ။ ချားလ်ဘုရင်အနေဖြင့် COP27 ညီလာခံသို့ ကိုယ်တိုင်တက်ရောက်သွားရန် ဆန္ဒမရှိသည့်အတွက် ထရက်စ်ဦးဆောင်၍ ဗြိတိန်ကိုယ်စားလှယ်အနေဖြင့် တက်ရောက်စေလိုကြောင်း၊ သို့သော် ထရက်စ်သည် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်သွားခဲ့သလို ဝန်ကြီးချုပ်အသစ်ဖြစ်သူ ရီရှီဆူးနက်ခ်ကလည်း COP27 ညီလာခံသို့ တက်ရောက်မည်မဟုတ်ဘဲ ကိုယ်စားလှယ်အဖွဲ့ကိုသာ စေလွှတ်ပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

"COP27 ညီလာခံကိုကျင်းပတဲ့အခါမှာ အရှိန်အဝါကြီးမားတဲ့ ခေါင်းဆောင် ဒါမှမဟုတ် ဘုရင်တက်ရောက်ခဲ့မယ်ဆိုရင် ညီလာခံအတွက် အများကြီးအထောက်အကူပြုလိမ့်မယ်။ ညီလာခံကလဲ ပိုပြီးတော့ အကျိုးရှိမဲ့ညီလာခံဖြစ်လာလိမ့်မယ်လို့ယုံကြည်တယ်။ ချားလ်ဘုရင်ကို ညီလာခံတက်ရောက်စေချင်ပါတယ်။ ချားလ်ဘုရင်ဟာ အရှိန်အဝါကြီးတဲ့ ဘုရင်ဖြစ်တဲ့အတွက် သူကိုယ်တိုင်တက်ရောက်ခဲ့မယ်ဆိုရင် ညီလာခံအတွင်း ဆွေးနွေးမှုတွေကလဲ ပိုပြီးတော့ အပြုသဘော ဆောင်လာလိမ့်မယ်"ဟု ဂျွန်ကာရီက ပြောကြားခဲ့ကြောင်း သိရသည်။

အမေရိကန် ရာသီဥတုဖောက်ပြန်မှုဆိုင်ရာ အထူးသံတမန်ဖြစ်သူ ဂျွန်ကာရီက COP27 ညီလာခံသို့ ချားလ်ဘုရင် ကိုယ်တိုင်တက်ရောက်ပါက COP27 ညီလာခံကျင်းပမှု ပိုမို ထိရောက်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ခိုင်းဆက်**

# ရာသီဥတုဖောက်ပြန်မှုက အန္တာတိကတိုက်ရှိ ပင်ဂွင်ငှက်များ မျိုးသုဉ်းမည့်အန္တရာယ်ရှိ

**နယူးယောက် အောက်တိုဘာ ၃၀**

ရာသီဥတု ဖောက်ပြန်မှုက အန္တာတိကတိုက်ရှိ ပင်ဂွင်ငှက်များ၏ မျိုးသုဉ်းမည့်အန္တရာယ်ရှိသည်ဟု အမေရိကန်တောရိုင်းတိရစ္ဆာန်အေဂျင်စီက ကြေညာထားကြောင်း VOA သတင်းဌာနက ယနေ့တွင် ရေးသား ဖော်ပြထားသည်။

အမေရိကန် ငါးနှင့် တောရိုင်းတိရစ္ဆာန်ဝန်ဆောင်မှုဌာနက ပင်ဂွင်ငှက်များ၏ နေထိုင်ရှင်သန်ရေးနှင့် ပတ်သက်၍ ကာကွယ်ရန်နည်းလမ်းများမလုပ်ဆောင်ပါက ပင်ဂွင်ငှက်မျိုးစိတ်များ ပျောက်ကွယ်သွားမည့် အန္တရာယ် သို့မဟုတ် မျိုးသုဉ်းသွားမည့်အန္တရာယ်ရှိကြောင်း သတိပေးချက်ထုတ်ပြန်ထားခြင်းဖြစ်သည်။

အန္တာတိကတိုက်တွင် မွေးဖွားသောပင်ဂွင်ငှက်များအတွက် ရာသီဥတုပြောင်းလဲမှုနှင့် ဆက်စပ်သော သမုဒ္ဒရာပူနွေးလာမှုသည် ၎င်းတို့၏ နေထိုင်ရှင်သန်ရေးကို ခြိမ်းခြောက်လျက်ရှိပြီး မျိုးပွားရန်နှင့် အစာရှာရန်အတွက် အခြားတိရစ္ဆာန်များကို ရှောင်ရှားရာတွင် ပင်ဂွင်ငှက်များအတွက် ရေခဲမှာ အဓိက လိုအပ်ချက်ဖြစ်ကြောင်း အမေရိကန် ငါးနှင့် တောရိုင်းတိရစ္ဆာန်ဌာနမှ ဒါရိုက်တာ မာတာဝီလျံက ပြောကြားခဲ့သည်။

ရာသီဥတုပြောင်းလဲမှုကြောင့် အင်ပိုင်ယာ ပင်ဂွင်ငှက်များတွင် မျိုးပွားမှုနှုန်း လျော့ကျလာပြီး လေ့လာတွေ့ရှိမှုများအရ Weddell ပင်လယ်ဧရိယာတစ်ဝိုက်တွင် ရေခဲများ အရည်ပျော်မှုကြောင့် ၂၀၁၆ ခုနှစ်က မွေးဖွားခဲ့သော ပင်ဂွင်ငှက်အားလုံးနီးပါး အရွယ်မရောက်မီ ရေနစ်သေဆုံးခဲ့ကြရကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

အဆိုပါ ကြေညာချက်သည် မျိုးသုဉ်းလုနီးပါး ပင်ဂွင်ငှက်များကို ထိန်းသိမ်းကာကွယ်ရေးကြိုးပမ်းမှုတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်နှင့်ဘဏ္ဍာရေးဆိုင်ရာအကူအညီများ တိုးမြှင့်ရန် ရည်ရွယ်ကြောင်း သိရသည်။

ပင်ဂွင်ငှက်များ ရှင်သန်ရန်အတွက် ရာသီဥတုကို ပူပြင်းစေသော ရုပ်ကြွင်းလောင်စာသုံးစွဲမှုကို လျှော့ချရန်နှင့် ကာဗွန်ထုတ်လွှတ်မှု ဆက်လက်မြင့်တက်နေပါက အပူချိန်များပိုတိုးလာပြီး ပင်လယ်ရေခဲများကို ပိုမိုပျက်စီးစေသည်ဟု အဆိုပါအဖွဲ့က သတိပေးပြောကြားထားကြောင်း သိရသည်။

**AZH**

# လေထုညစ်ညမ်းမှုကြောင့် အာဖရိကတိုက်၌ အဆိုးရွားဆုံးကျန်းမာရေးထိခိုက်မှုနှင့် ရင်ဆိုင်နေရ

**နယူးယောက် အောက်တိုဘာ ၃၀**

အာဖရိကတိုက်ရှိ လူအားလုံးနီးပါးသည် လေထုညစ်ညမ်းမှုကြောင့် ကမ္ဘာပေါ်တွင် အဆိုးရွားဆုံး ကျန်းမာရေးထိခိုက်မှုများနှင့် ရင်ဆိုင်နေရပြီး ကမ္ဘာပေါ်တွင် လေထုညစ်ညမ်းမှု အမြင့်ဆုံးနိုင်ငံများမှာလည်း အာဖရိကတိုက်မှဖြစ်ကြောင်း အမေရိကန်အခြေစိုက် ကျန်းမာရေးအကျိုးသက်ရောက်မှုဌာန(HEI) က သုတေသနပြုလုပ်ထားသော အစီရင်ခံစာတစ်ရပ်အရ သိရကြောင်း News Medical သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ကျန်းမာရေးဆိုင်ရာအကျိုးသက်ရောက်မှုဌာနသည် အာဖရိကတိုက်ရှိ လူပေါင်း ၁ ဒသမ ၂ ဘီလီယံကျော်အပေါ် သက်ရောက်လျက်ရှိသော လေထုညစ်ညမ်းမှုအရင်းအမြစ်များနှင့်ဆက်စပ်သော ကျန်းမာရေးသက်ရောက်မှုများကို ကျယ်ကျယ်ပြန့်ပြန့်လေ့လာထားခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

ကမ္ဘာပေါ်ရှိ လေထုညစ်ညမ်းမှုအမြင့်ဆုံး ၁၀ နိုင်ငံအနက် ငါးနိုင်ငံမှာ အာဖရိကတိုက်မှဖြစ်ပြီး လေထုညစ်ညမ်းမှုကြောင့် လူသေဆုံးနိုင်ခြေဒုတိယအမြင့်ဆုံးမှာ အာဖရိကတိုက်ဖြစ်ကြောင်း အီဂျစ်တွင် ပြုလုပ်မည့် COP27 ရာသီဥတုပြောင်းလဲမှုဆိုင်ရာညီလာခံမတိုင်မီတွင် ထုတ်ပြန်ထားသည့် အဆိုပါ အစီရင်ခံစာအရ သိရသည်။

အာဖရိကအရှေ့၊ အနောက်၊ အလယ်ပိုင်းနှင့် တောင်ပိုင်းတစ်ဝန်းတွင် လူဦးရေ၏ ၇၅ ရာခိုင်နှုန်းခန့်သည် ချက်ပြုတ်ရန်အတွက် ကျောက်မီးသွေး၊ ထင်းနှင့် မီးသွေးကဲ့သို့သော အစိုင်အခဲလောင်စာများပေါ်တွင်မှီခိုနေရပြီး မွေးကင်းစကလေးနှင့် ငါးနှစ်အောက်ကလေးများသည် နေ့စဉ်အိမ်တွင်းလေထုညစ်ညမ်းစေသောအန္တရာယ် မြင့်မားလျက်ရှိကြောင်း သိရသည်။

ခန့်မှန်းချက်များအရ အာဖရိကတိုက်တွင် ၂၀၁၉ ခုနှစ်၌ လေထုညစ်ညမ်းမှုကြောင့် သေဆုံးသူ ၁ ဒသမ ၁ သန်းခန့်ရှိပြီး သေဆုံးမှုအားလုံး၏ ၆၃ ရာခိုင်နှုန်းသည် အိမ်သုံး လေထုညစ်ညမ်းမှုနှင့် ဆက်စပ်လျက်ရှိသည်ဟု အစီရင်ခံစာက ဖော်ပြထားကြောင်း သိရသည်။

**AZH**

# လှူကထိန်သင်္ကန်းနှင့် မင်္ဂလမ်းကို ရည်မှန်းကာ

**မောင်သောင်းဝင်း(တမန်ဟောင်း)**

ဗုဒ္ဓဘာသာမြန်မာတိုင်းရင်းသားများသည် အလှူအတန်းပြုရာတွင် ကမ္ဘာပေါ်ရှိမည်သည့်လူမျိုးနှင့်မျှ နှိုင်းယှဉ်မရလောက်အောင်ပင် စေတနာထက်သန်ပြီး ရက်ရောသူများဖြစ်ကြသည်။ ထိုသို့ သဒ္ဓါတရား ထက်သန်သော အလှူ့ဒါယကာ၊ အလှူ့ဒါယိကာမများ ရှိနေမှသာ မြတ်စွာဘုရား၏ သားတော်ရဟန်းတော်များသည် ပရိယတ်နှင့်ပဋိပတ်အလုပ်တို့ကို ကြောင့်ကြမဲ့စွာ၊ အဆင်ပြေချောမွေ့စွာ စဉ်ဆက်မပြတ်လေ့လာအားထုတ်နိုင်မည်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် သီလဂုဏ်၊ သမာဓိဂုဏ်နှင့်ပြည့်စုံတော်မူသော ထေရ်ကြီး၊ ဝါကြီး သံဃာတော်များရှိနေမှသာလျှင် မြတ်စွာဘုရားဟောကြားထားရှိခဲ့တော်မူသော တရားတော်များကို ရေရှည်ထိန်းသိမ်းထားနိုင်မည်ဖြစ်သလို ထေရဝါဒဗုဒ္ဓဘာသာသည်လည်း ကမ္ဘာတည်သရွေ့ အဓွန့်ရှည်တည်မြဲနေမည်သာဖြစ်သည်။

**ပီတိဖြစ်ဖွယ်မြင်ကွင်း**

စေတနာထက်သန်သည့် ဗုဒ္ဓဘာသာ မြန်မာတိုင်းရင်းသားများသည် သံဃာတော်များအား ကျောင်း၊သင်္ကန်း၊ ဆေး၊ ဆွမ်း စသည့်လှူဖွယ်ပစ္စည်းများကို လိုလေသေးမရှိ လှူဒါန်းလျက်ရှိသည်မှာ ပီတိဖြစ်ဖွယ်ရာပင်ဖြစ်သည်။ ထိုပစ္စည်းလေးပါးလှူဒါန်းမှုကြောင့် ရရှိသောအကျိုးပေးကလည်း များပြားလွန်းလှပေသည်။ စေတနာထက်သန်သောမြန်မာတိုင်းရင်းသားများသည် ကထိန်သင်္ကန်း၊ ဝါဆိုသင်္ကန်း၊ ရှင်ပြုနားသ၊ မွေးနေ့အလှူ၊ အိမ်တက်မင်္ဂလာ၊ မင်္ဂလာဆွမ်းကျွေး၊ ရေတွင်း၊ကျောင်း၊ ကန်၊ ဇရပ်၊ မွှာရုံနှင့် သိမ်များဆောက်လုပ်လှူဒါန်းပြီး ဘုရားတည်၊ ထီးတင်စသည်ဖြင့် အလှူရေစက် လက်နှင့်မကွာ လှူဒါန်းလျက်ရှိကြသည်မှာ ချစ်စရာ ကောင်းသောအလေ့အထပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ရှေးယခင်ကတည်းကပင် အလှူအတန်းကို ပဓာနထားသည့် ဘုရားပွဲတော်များ၊ အလှူပွဲများ ကျင်းပလေ့ရှိသည်။ ထိုအလှူအတန်း အခမ်းအနားများတွင် မြန်မာတို့၏ သဒ္ဓါတရား၊ ကူညီရိုင်းပင်းတတ်သောစိတ်ထား၊ ပူးပေါင်းဆောင်ရွက်တတ်မှုနှင့် စည်းလုံးညီညွတ်မှုတို့ကို တွေ့မြင်နိုင်သည်။ ဝမ်းမြောက်ဖွယ်ရာ မြင်ကွင်းများပင်ဖြစ်သည်။

**တန်ဖိုးမဖြတ်နိုင်**

အမှန်တော့ ဗုဒ္ဓဘာသာမြန်မာတိုင်းရင်းသားများသည် ဝါလကင်းလွတ်သီတင်းကျွတ်ပြီဆိုသည်နှင့် နိုင်ငံတစ်ဝန်းတွင် ဘုရားပွဲများ၊ တရားပွဲများ၊ အလှူမင်္ဂလာပွဲများကို ခြိမ့်ခြိမ့်သဲကျင်းပလေ့ရှိကြသည်။ အထူးသဖြင့် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှ တန်ဆောင်မုန်းလပြည့်နေ့ထိ တစ်လတာကာလအတွင်း ရပ်ကွက်၊ ကျေးရွာ၊ ရုံး၊ ဌာနအလိုက်ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲများကို နှစ်စဉ် ကျင်းပလျက်ရှိသည်။ အမြတ်ဆုံးကာလဒါနပြုခြင်းပင်ဖြစ်သည်။ ပီတိဖြစ်ဖွယ်ရာပင်ဖြစ်သည်။

ယခုလည်း ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းနိုင်ရေးအတွက် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေကြရသည်။ နည်းနည်းနှင့် ကျဲကျဲဝိုင်းနေရသည်။ အမှန်တော့ "အလှူရေစက်လက်နှင့်မကွာ" ဆိုသည့်စကားအတိုင်း ဗုဒ္ဓဘာသာမြန်မာတိုင်းရင်းသားများသည် မလှူရလျှင်မနေနိုင်ကြပေ။ သဒ္ဓါတရားရက်ရောသူများသည် ဈေးနဲ့စာလေးများကို စုဆောင်းကာ ကထိန်သင်္ကန်းကပ်လှူနေကြသည်။ ဝမ်းမြောက်ဖွယ်ရာပင်ဖြစ်သည်။ သာဓုအကြိမ်ကြိမ်လည်းခေါ်မိသည်။ စင်စစ်အားဖြင့် မြတ်ဗုဒ္ဓ၏တရားတော်များ ကမ္ဘာတည်သရွေ့ အရှည်တည်တံ့ပွားများအောင် ထိန်းသိမ်းစောင့်ရှောက်ကျင့်ကြံပွားများနေသည့် သံဃာတော်များအတွက် ဆွမ်း၊ ဆေး၊ သင်္ကန်း၊ ကျောင်းများ လှူဒါန်းခြင်းသည် တန်ဖိုးမဖြတ်နိုင်သော ကောင်းမှုကုသိုလ်များပင်ဖြစ်သည်။

**အမွန်မြတ်ဆုံးဒါန**

အထူးသဖြင့် "သင်္ကန်းမှာ ကထိန်၊ ကျောင်းမှာ သိမ်"ဆိုသောစကားသည် ဗုဒ္ဓဘာသာဝင်တို့အတွက် အလှူဒါနပြုရာတွင် အကျိုးဖြစ်ထွန်းစေရန်လမ်းပြပေးလျက်ရှိသည်။ ဆိုလိုသည်မှာ ကျောင်းလှူရာတွင် သိမ်ကျောင်းလှူဒါန်းခြင်းသည် အကျိုးများစွာဖြစ်ထွန်းသည်။ မြင့်မြတ်သောရဟန်းပြုခြင်း၊ ဥပုသ်သီတင်းသီလဆောက်တည်ခြင်းနှင့် အခြားသောသံဃာ့ကိစ္စအဝဝတို့ကို ထိုသိမ်ကျောင်းအတွင်း၌သာ ပြုလုပ်ကြသည်။ ထို့ကြောင့် သိမ်ကျောင်းသည် သာသနာ၏ ရေသောက်မြစ်ဟုပင်ဆိုနိုင်သည်။

ထိုနည်းတူစွာပင် ကထိန်သင်္ကန်းသည်လည်း ပုဂ္ဂိုလ်စွဲ၊ ဝိုဏ်းဂဏစွဲမထားဘဲ သံဃာကိုသာ ရည်မှန်းလှူဒါန်းရခြင်းဖြစ်သည်။ ကထိန်သင်္ကန်းသည် သံဃာများကိုသာ ရည်မှန်းလှူဒါန်းရသောကြောင့် သံဃိကဒါနမြောက်ခြင်း၊ နှစ်စဉ် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှစ၍ တန်ဆောင်မုန်းလပြည့်နေ့ထိသာ လှူဒါန်းရသဖြင့် ကာလဒါနမြောက်ခြင်း၊ သံဃာတော်များကို လာဘ်လာဘဖြစ်ထွန်းစေကာ ချမ်းသာစေခြင်း၊ လှူဒါန်းသူကို အကျိုးငါးပါးတိုးပွားစေခြင်းနှင့် သံဃာတော်များကို ဝိနည်းသိက္ခာငါးပါးဖြင့် သင့်ရောက်နိုင်သောအာပတ်တို့ပြယ်နိုင်ခြင်းတို့ကြောင့် ကထိန်သင်္ကန်းလှူဒါန်းရခြင်းသည် အမွန်မြတ်ဆုံးဒါနတစ်ခုပင်ဖြစ်သည်။

ထို့ပြင် ဗုဒ္ဓဘာသာမြန်မာတိုင်းရင်းသားများသည် ဝါတွင်းသုံးလပတ်လုံး ဝါမကျိုးမပျက်ဘဲ ပဝါရဏာပြုသော ရဟန်းသံဃာတော်များရှိရာကျောင်းတိုက်များ၌သာ ကထိန်ခင်းကြသည်။ ကထိန်ခင်းရာ၌ သင်္ကန်းတစ်ထည်တည်းဖြစ်စေ၊ အများကိုဖြစ်စေ "ဣမံကထိနစီဝရံ သံဃဿဒေမ" ဤသင်္ကန်းကို သံဃာတော်များအား လှူဒါန်းပါ၏ဟု လျှောက်ထား၍ ဆက်ကပ်လှူဒါန်းကြသည်။

**ကထိန်သင်္ကန်းဖြစ်ပေါ်လာခြင်း**

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသော မြတ်စွာဘုရားရှင်အား ဖူးမြော်ရန်အတွက် ဘဒ္ဒဝဂ္ဂီရဟန်းသုံးကျိပ်တို့သည် ဝါကျွတ်သောအခါ ဝါဆိုဝါကပ်ရာဖြစ်သော သာကေတပြည်မှ ခြေကျင်ခရီးဖြင့်ကြွလာခဲ့ကြရသည်။ ထိုစဉ်က မိုးကြီးသည်းထန်စွာရွာသွန်းသဖြင့် ရဟန်းများမိုးရေစိုစွတ်ကုန်ကြသည်။ ထိုသို့မိုးရေစိုစွတ်သောသင်္ကန်းဖြင့်ပင် ဖူးမြော်ကြရသည်ကို မြတ်စွာဘုရား မြင်တွေ့ရသောအခါ ခရီးဝေးမှလာသည့်ထိုရဟန်းတို့ကို အကြောင်းပြု၍ ပုရိမဝါကပ်ခြင်း၌ ပြည့်စုံသောရဟန်းတို့ကို ကထိန်ခင်းခွင့်ပြုကြောင်း ပညတ်တော်မူခဲ့သည်။ ထိုအချိန်မှစ၍ ကထိန်သင်္ကန်းဖြစ်ပေါ်လာခြင်းဖြစ်သည်ဟု ဗုဒ္ဓစာပေများတွင် ဖတ်ရှုမှတ်သားရသည်။

ကထိန်ပွဲတော်ကို "မိုးလကုန်စဲ ကထိန်ပွဲ" ဟူသော စကားနှင့်အညီ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှ တန်ဆောင်မုန်းလပြည့်နေ့ထိ ခင်းကျင်းရသည်။ မြန်မာနိုင်ငံတွင် ရှေးဘုရင်များ လက်ထက်ကတည်းကပင် ကထိန်ပွဲများကျင်းပခဲ့ကြသည်။ မျက်မှောက်ကာလတွင် ကထိန်ခင်းရာ၌ မရှိဆင်းရဲသော ရဟန်းကိုဖြစ်စေ၊ အကြီးဆုံးမထေရ်ကိုဖြစ်စေ ကပ်လှူရန်အတွက် ဥ_တ်သင်္ကန်းအပြင် ပရိက္ခရာရှစ်ပါးနှင့် အခြားသောလှူဖွယ်ပစ္စည်းများကိုလည်း ထည့်သွင်းလှူဒါန်းလေ့ရှိကြသည်။

**အကျိုးတရားများပြား**

ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးငါးဖြာကို ချက်ချင်းရရှိနိုင်ပေသည်။

(၁) မိမိသွားလိုရာခရီးကို အတားအဆီး၊ အနှောင့်အယှက်မရှိ လွတ်လပ်ဘေးကင်းစွာ သွားလာနိုင်ခြင်း။

(၂) လုပ်ငန်းတာဝန်များကို ပြီးမြောက်အောင်မြင်စွာ ထမ်းဆောင်နိုင်ခြင်း။

(၃) အစာအဆိပ်သင့်မှု ဘေးအန္တရာယ်မှ ကင်းဝေးနိုင်ခြင်း။

(၄) မိမိပစ္စည်းဥစ္စာများကို အဖျက်အမှောင့်များရန်မှ ကာကွယ်နိုင်ခြင်း။

(၅) မိမိပစ္စည်းဥစ္စာများကို သူတစ်ပါးနိုင်ထက်စီးနင်းယူဆောင်ခြင်းမှ ကာကွယ်နိုင်ခြင်း။

ထို့ပြင် ကထိန်သင်္ကန်းအလှူရှင်များသည် ရွှေအဆင်းကဲ့သို့ ဝင်းဝါသောအသားအရေရှိခြင်း၊ ခန္ဓာကိုယ်၌ အညစ်အကြေးကင်းစင်ခြင်း၊ ခန္ဓာကိုယ်နူးညံ့ပြေပြစ်ခြင်း၊ ကိုယ်ရောင်ကိုယ်ဝါ တောက်ပခြင်း၊ နောက်ဆုံးပေါ် အဝတ်အစားမျိုးစုံကို ဝတ်ဆင်ခွင့်ရရှိခြင်း၊ ကျောင်းအမကြီးဝိသာခါကဲ့သို့ မဟာလတာ အဆင်တန်ဆာကို ဆင်မြန်းခွင့်ရရှိခြင်းနှင့် အဆုံးတစ်နေ့တွင် နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်ခြင်းဟူသော ထူးကဲသည့်အကျိုးတရားများစွာကိုလည်း ရရှိနိုင်ပေသည်။ ယခုလည်း ကိုဗစ်-၁၉ ကာလ၌ပင်လျှင် ဈေးနဲ့စာလေးများကို စုဆောင်းလျက် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းသွားကြမည့် ဗုဒ္ဓဘာသာမြန်မာတိုင်းရင်းသားများသည် အဆိုပါအကျိုးတရားများရရှိနေမည်မှာ အသေအချာပင်ဖြစ်သည်။

**လှူကထိန်သင်္ကန်းနှင့် မင်္ဂလမ်းကို ရည်မှန်းကာ**

မြန်မာနိုင်ငံတွင် သီတင်းကျွတ်လပြည့်ကျော်သည်နှင့် ရပ်ကွက်အလိုက်၊ လမ်းအလိုက်၊ ကျေးရွာအလိုက် ကထိန်ပွဲများဖြင့် စည်ကားလျက်ရှိသည်။ ထို့ပြင် ရုံး၊ ဌာနများအလိုက်လည်း ကထိန်အလှူပွဲများ ကျင်းပလျက်ရှိသည်မှာ ပီတိဖြစ်ဖွယ်ရာပင်ဖြစ်သည်။ နေရာတိုင်းတွင် ပဒေသာပင်များနှင့် ပန်းရလျက်ရှိသည်။ ပဒေသာပင်ဆိုသောဝေါဟာရသည် ပြီးပြည့်စုံခြင်းဟုဆိုရနိုင်ပေသည်။ လူတစ်ဦးသည် ပဒေသာပင်တွင် မိမိတတ်နိုင်သမျှ ချိတ်ဆွဲလှူဒါန်းနိုင်ပေသည်။ ငွေကြေးမတတ်နိုင်သူများသည်ပင်လျှင် လုပ်အားဒါနဖြင့် ပါဝင်လှူဒါန်းနိုင်ကြသည်။ ကထိန်ပွဲတော်တွင် မပါမဖြစ်သောအရာသည် ပဒေသာပင်လှည့်ခြင်းဖြစ်သည်။ ပဒေသာပင် လှည့်ခြင်း၏ ရည်ရွယ်ချက်သည် လှူဖွယ်ပစ္စည်းများ ချိတ်ဆွဲထားသော ထိုပဒေသာပင်များကို ကြည့်ရှုပြီး မုဒိတာပွားများနိုင်စေရန်ဖြစ်သည်။ ထို့နောက် ပဒေသာပင်များကို ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးစည်းမျဉ်းများနှင့်အညီ စည်ကားသိုက်မြိုက်စွာ လှည့်လည်သွားမည်ဖြစ်သည်။ ပဒေသာပင်များကို ကြည့်၍ မုဒိတာပွားရတော့မည်ဖြစ်သည်။


ဆိုရလျှင် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းသောအလှူသည် ဗုဒ္ဓဘာသာမြန်မာတိုင်းရင်းသားများအတွက် များစွာကုသိုလ်ဖြစ်ထွန်းစေသောအလှူဒါနတစ်ခုပင်ဖြစ်သည်။ ထိုအလှူကို တတ်အားသရွေ့ ပါဝင်လှူဒါန်းခြင်းသည် လောကီ၊ လောကုတ်နှစ်ဖြာသောအကျိုးတရားများရရှိစေမည်ဖြစ်သည်။ ထိုသို့လှူဒါန်းရာတွင်လည်း ငွေကြေးနှင့် အချိန်ကုန်ရကျိုးနပ်အောင် ကထိန်သင်္ကန်းကို သံဃာ့လက်ဝယ်သို့ ကိုယ်တိုင်ကိုယ်ကျ ပါဝင်လှူဒါန်းဆက်ကပ်သွားသင့်ပေသည်။ သို့မှသာလျှင် အကျိုးတရားများစွာကိုလက်တွေ့ရရှိစေမည်ဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမအားလုံးအနေဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရေးအတွက် အကျိုးထူးငါးဖြာ ချက်ချင်းရရှိစေနိုင်သော အမွန်မြတ်ဆုံးဒါနဖြစ်သည့် ကထိန်သင်္ကန်း ဆက်ကပ်သွားကြပါစို့ဟု စေတနာဖြင့် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

❖ မြန်မာနိုင်ငံတွင် သီတင်းကျွတ်လပြည့်ကျော်သည်နှင့် ရပ်ကွက်အလိုက်၊ လမ်းအလိုက်၊ ကျေးရွာအလိုက် ကထိန်ပွဲများဖြင့် စည်ကားလျက်ရှိသည်။ ထို့ပြင် ရုံး၊ ဌာနများအလိုက်လည်း ကထိန်အလှူပွဲများကျင်းပလျက်ရှိသည်မှာ ပီတိဖြစ်ဖွယ်ရာပင်ဖြစ်သည်။ နေရာတိုင်းတွင် ပဒေသာပင်များနှင့် ပန်းရလျက်ရှိသည်။ ပဒေသာပင်ဆိုသောဝေါဟာရသည် ပြီးပြည့်စုံခြင်းဟုဆိုရနိုင်ပေသည်။ လူတစ်ဦးသည် ပဒေသာပင်တွင် မိမိတတ်နိုင်သမျှ ချိတ်ဆွဲလှူဒါန်းနိုင်ပေသည်။ ငွေကြေးမတတ်နိုင်သူများသည်ပင်လျှင် လုပ်အားဒါနဖြင့် ပါဝင်လှူဒါန်းနိုင်ကြသည်။ ကထိန်ပွဲတော်တွင် မပါမဖြစ်သောအရာသည် ပဒေသာပင်လှည့်ခြင်းဖြစ်သည်။ ❖

0w Kv W @

# ပြည်တော်ပြန်အကဲဆေး

ခင်ဇော်(သီတာကုန်းဖြင့်)




(၁)

ဦးဘဒူသည် ဘုရားစင်အောက်ဘက် ဖျာကြမ်းတစ်ခုပေါ်တွင် လဲလျောင်း၍မှိန်းနေသော သူ့ဇနီးဒေါ်တင်မေကို မျက်တောင်မခတ်စိုက်ကြည့်နေမိသည်။ အရေအသားမရှိ၊ အရိုးပြိုင်းပြိုင်းထနေသော ခန္ဓာကိုယ်နှင့် ထွက်သက်ဝင်သက်ကို ရပ်တန့်မသွားအောင် ဖြည်းညင်းစွာ အားယူ၍ရှူနေရရှာသော ဇနီးသည်ကို ကြည့်ရင်း ရင်ထဲက ဖော်မပြတတ်သော ခံစားချက်တစ်ခုကြောင့် မျက်ရည်များပင်စို့လာသည်။ နေမင်း၏ အလင်းရောင်များကို ကာကွယ်တားဆီးနိုင်စွမ်းမရှိသော သူတို့တဲအိမ်အကာအရံများကြောင့် အပြင်မှအလင်းရောင်များက တဲအိမ်လေးထဲသို့ ရောင်စုံဆလိုက်မီးများ ထိုးထားဘိသကဲ့သို့ဖြစ်နေသည်။ ဒေါ်တင်မေသည် ချောင်းတဟွပ်ဟွပ်ဆိုးရင်း ဘယ်ဘက်သို့ ခွေစောင်းလိုက်ပြန်သည်။

"သက်သာရဲ့လား တင်မေ"

သက်သာကြောင်း ဇနီးသည်က ခေါင်းသာညိတ်ပြီး ပါးစပ်က တစ်ခုခုကိုပြောချင်၍ အားယူနေရဟန်ရှိသည်။

"မင်းမောနေပါ့မယ်ကွာ။ မှိန်းနေလိုက်ပါအုံး"

သို့သော် ဦးဘဒူတား၍မရ။ ဒေါ်တင်မေက သူပြောချင်သည့်စကားကို ကြိုးစားကာပြောရှာသည်။

"ဒီနေ့က သီတင်းကျွတ်လဆန်း ဘယ်နှရက်လဲ ကိုဘဒူ"

"၁၅ ရက် လပြည့်နေ့လေ တင်မေရဲ့"

"ဩော်. . . သီတင်းတောင်ကျွတ်ပါပေါ့လား"

ဦးဘဒူဖြေလိုက်သည့် သီတင်းကျွတ်လပြည့်ဖြစ်ကြောင်းစကားကို ကြားရချိန်တွင် ဒေါ်တင်မေသည် ဝမ်းနည်းကြေကွဲသည့်အမူအရာဖြင့် မျက်နှာတစ်ဖက်လှည့်သွားပြီး သူ့မျက်လုံးအိမ်တို့မှ မျက်ရည်စများသည် ခေါင်းအုံးပေါ်သို့ တသွင်သွင်စီးကျလာသည်။

"ဒီအကြောင်းတွေ တွေးမနေပါနဲ့ တင်မေရာ။ သားလေးမှာလဲ သူ့အကြောင်းကိစ္စရှိလို့ တို့ကိုမဆက်သွယ်တာဖြစ်မှာပါ။ ငါတစ်ယောက်လုံးရှိနေတာပဲ။ မင်းကျန်းမာရေးကောင်းဖို့ပဲဂရုစိုက်။ ငါရှာနိုင်ဖွေနိုင်သေးပါတယ်ဟယ်"

အိပ်ရာထဲလဲနေသည့်ဇနီးသည်ကို စိတ်သက်သာစေရန်ဖြေသိမ့်ပြောနေသော်လည်း ဦးဘဒူ၏စကားသံများက ကြေကွဲဆို့နင့်၍နေသည်။ ဇနီးဖြစ်သူ၏မြင်ကွင်းကိုကြည့်ရင်း မိမိရင်ထဲ တင်းကျပ်လာသည့်အတွက် တဲအပြင်ကို ထွက်ထိုင်နေလိုက်သည်။ မိမိနှင့်တစ်ဘဝလုံး အေးအတူပူအမျှနေထိုင်လာခဲ့သည့် ဇနီးသည်၏ နောက်ဆုံးအချိန်ဖြစ်မှန်း ဦးဘဒူ သဘောပေါက်နားလည်ပါသည်။ မိမိ၏နောက်ဆုံးအချိန်မှာ တစ်ဦးတည်းသောသားလေးကို အနားမှာရှိစေချင်သည်ကတော့ မိဘတိုင်း၏နောက်ဆုံးဆန္ဒပါ။ သို့ပေမဲ့သူတို့၏ဆန္ဒများမပြည့်နိုင်တော့ပြီ။ ဘယ်ကမ်းဘယ်သောင်ရောက်နေမှန်းမသိရသော သူတို့သားလေးအကြောင်းတွေးတောရင်း ဆောင်းဦးကာလ တိမ်တွေကင်းမဲ့နေသောကောင်းကင်ကြီးကို ဦးဘဒူ အဓိပ္ပာယ်မဲ့ကြည့်နေမိသည်။

ကြည်လင်ဝင်းပနေသော ကောင်းကင်ကျယ်ကြီးအတွင်းဝယ် အညိုရောင်အနည်းငယ်ရောယှက်နေသောတိမ်တစ်စုသည် အပေါင်းအဖော်တိမ်များကင်းမဲ့ကာ အထီးကျန်စွာလွင့်မျောနေကြသည်။ ထိုတိမ်တိုက်သည် မိမိတို့လင်မယားအဖြစ်နှင့်တူလှကြောင်းစဉ်းစားရင်း တစ်ချိန်က သူတို့မိသားစုလေး၏အကြောင်းများက ဦးဘဒူခေါင်းထဲ အလိုလိုရောက်ရှိ၍လာပါသည်။

(၂)

သူနှင့်မတင်မေတို့သည် အသက် ၄၀ ခန့်မှ နှစ်ဦးသားမေတ္တာမျှကြသကဲ့သို့ မိဘများကလည်းသဘောတူကြသဖြင့်လက်ထပ်ပေါင်းသင်းခဲ့ကြပြီး နှစ်နှစ်ခန့်တွင် သားလေးတစ်ယောက်မွေးဖွားခဲ့ကြသည်။ တစ်ဦးတည်းသောသားလေးဖြစ်သောကြောင့် သူတို့နှစ်ယောက်တုန်နေအောင်ချစ်ခဲ့ကြသည်။ သားလေးကို ထွန်းထွန်းတောက်တောက် ဖြစ်စေချင်သည့်ဆန္ဒကြောင့် မောင်ထွန်းတောက်ဟု အမည်ပေးခဲ့ကြသည်။

မိဘအမွေ မိရိုးဖလာလယ်လုပ်ငန်းကိုလုပ်ကိုင်ရင်း သားလေးကို ဆယ်တန်းအောင်သည်ထိ ကျောင်းထားနိုင်ခဲ့သည်။ ထိုအချိန်ကာလများသည် သူတို့မိသားစုလေးအတွက် ပျော်စရာအချိန်များခဲ့သည်။

"ဘာ ဘယ်လို၊ နိုင်ငံခြားကိုအလုပ်သွားလုပ်မယ်ဟုတ်လား"

တစ်နေ့တွင် ရွာထဲကပြန်လာသော သားတော်မောင်က သူတို့လင်မယားနှစ်ယောက်ကိုပြောလိုက်သောစကားတစ်ခွန်းကြောင့် သူတို့နားထဲသို့ သံရည်ပူနှင့်လောင်းချခံလိုက်ရသလိုဖြစ်သွားသည်။

"ဟုတ်တယ် အဖေ။ ရွာမှာနေလို့ကတော့ ထမင်းနပ်မှန်အောင်ပဲစားရမယ်။ ကျွန်တော့်ဘဝကြီးပွားဖို့မမြင်ဘူး။ အဖေပဲစဉ်းစားကြည့်လေ။ အဖေမွေးကတည်းကလုပ်လာတဲ့ ဒီလယ်သုံးဧကက ဘာတိုးပွားလာလို့လဲ။ တစ်နှစ်ထက်တစ်နှစ် အကြွေးတွေသာတင်လာတယ်"

ဦးဘဒူသည် သားဖြစ်သူ၏စကားကို ပြန်၍ခွန်းတုံ့မပြန်နိုင်ရှာတော့ဘဲ သက်ပြင်းရှည်တစ်ခုကိုသာချမိရင်း အိမ်အပြင်ဘက်ကိုသာ ငေးကြည့်နေမိသည်။

"ဒီလိုလဲမဟုတ်သေးဘူးလေ သားလေးရဲ့။ ဒီလယ်လေးနဲ့ ငါ့သားကိုကျောင်းထားနိုင်ခဲ့တယ်။ အမေတို့စားဝတ်နေရေးအဆင်ပြေခဲ့တယ်လေ။ အမေတို့လဲအသက်ကြီးပြီ။ ဘေးမှာဆေးပေးမီးယူဆိုလို့ ငါ့သားတစ်ယောက်ပဲရှိတာ။ ရွာမှာ အမေတို့နဲ့အေးအတူပူအမျှလုပ်စားစေချင်တယ်သားရယ်"

သားဖြစ်သူကို အခြားနိုင်ငံမှာစိတ်မချ။ တားမြစ်ချင်သော်လည်း သူ့သား၏ ဘဝတက်လမ်းကိုပိတ်ဆို့ထားသလိုဖြစ်နေမည်စိုးသည့်အတွက် မခွဲခွာနိုင်ဖြစ်နေသော မိမိတို့စိတ်ဆန္ဒကိုချုပ်တည်းကာ နောက်ဆုံးတွင် သူတို့ပိုင်ဆိုင်သည့်လယ်သုံးဧကကို ခရီးစရိတ်အတွက် ပေါင်နှံကာ သားဖြစ်သူ၏ဆန္ဒကို လိုက်လျောခဲ့ရသည်။ သားဖြစ်သူ နိုင်ငံခြားကိုသွားကတည်းက သူ့သားနှင့်ဆက်သွယ်နိုင်ရန်အတွက် အိမ်ခြံယာလေးကိုပေါင်နှံကာ ဖုန်းတစ်လုံးဝယ်ထားကြသည်။

ခေါင်းရင်းအိမ်က သဲမြကိုခေါ်ပြီး Facebook အကောင့်လည်းဖွင့်ထားရသေးသည်။ Facebook ဖွင့်ပုံ၊ သား၏အကောင့်ကိုရှာပုံ၊ ဗီဒီယိုကောခေါ်ပုံကအစ သဲမြက သူတို့လင်မယားနှစ်ယောက်ကို သင်ပေးရှာပါသည်။ သားဖြစ်သူနှင့် အမြဲလိုလို ဗီဒီယိုကောဖြင့် စကားပြောဖြစ်ကြသည်။ နေ့လယ်နေ့ခင်းအချိန်တိုင်း ဖုန်းတစ်လုံးနှင့် အိမ်ရှေ့တွင် အလုပ်ရှုပ်နေကြသော သူတို့လင်မယားကို လမ်းသွားလမ်းလာများက အမြင်ကတ်၍ပဲလားမသိ။ မေးငေါ့မျက်စောင်းထိုးသွားကြသေးသည်။ ကိုယ့်ထက်သာမနာလိုကြသည့်သဘာဝကိုနားလည်ထားကြသည့်အတွက် ပတ်ဝန်းကျင်၏ အပြုအမူ အမြင်စကားများကို သူတို့နှစ်ယောက် ဂရုမစိုက်ခဲ့ကြပေ။

သားဖြစ်သူ၏ အလုပ်သွားချိန်၊ အလုပ်ပြန်ချိန်၊ နားချိန်ကအစ သိနေကြသည့်အတွက် နိုင်ငံရပ်ခြားဆိုသော်လည်း ရွာထဲမှာလိုအလုပ်လုပ်နေရသည့်အလားသူတို့လင်မယား ထင်မှတ်မိခဲ့ရသည်။ နောက်လမှာငွေဘယ်လောက်ပို့မည်။ လယ်ကိုပြန်ရွေးပါ။ အဖေတို့ အလုပ်မလုပ်နဲ့တော့ စသည်ဖြင့် သားဖြစ်သူ၏စကားများကြောင့် ဦးဘဒူတို့လင်မယားသည် ပြောင်းလဲတော့မည့် သူတို့မိသားစုလေးအကြောင်းတွေးရင်း အပျော်ကြီးပျော်နေမိသည်။ မောင်ထွန်းတောက်သည် ရောက်ခါစသုံးလေးလလောက်အဆက်အသွယ်မပြတ်လုပ်ပြီး နောက်လများတွင် အဆက်အသွယ်မလုပ်တော့ပေ။

သူတို့ဖုန်းထဲတွင် သားဖြစ်သူ၏ပုံပေါ်မလာတော့သည့်အတွက် ဖုန်းများပျက်နေလို့ပဲလားဟုအထင်ဖြင့် ဖုန်းပြင်ဆိုင်ကို ခဏခဏသွားမေးရသည်မှာ အကြိမ်ကြိမ်ပင်ဖြစ်သည်။ ဖုန်းထဲမှာ သူ့သားနှင့်တူသည့်ပုံလေးများတက်လာတိုင်း သဲမြကိုအမြန်ခေါ်၍ပြရသေးသည်။ နောက် သူတို့သားမဟုတ်မှန်းသိမှလင်မယားနှစ်ယောက်စလုံး စိတ်ပျက်လက်ပျက်ဖြင့် ထမင်းတောင်စားမဝင်တော့သည့်နေ့များကလည်းမရေမတွက်နိုင်။ နောက်ဆုံးသူ့သားစိတ်ဖြင့် ဒေါ်တင်မေ အစားအသောက်မဝင်တော့။ ကိုယ်ခံအားနည်းလာသည်နှင့်အမျှ ရောဂါမျိုးစုံက အလိုလိုဝင်လာသည်။ သတ်မှတ်ကာလကျော်လွန်သွားပြီဖြစ်၍ လယ်ကို သူများလက်ထဲ ထိုးအပ်လိုက်ရသည်။ ယခုတော့ မိမိနှင့် တစ်ဘဝလုံးအေးအတူပူအမျှနေထိုင်လာခဲ့သည့်ဇနီးသည်ကို သီတင်းကျွတ်နှင့်အတူသူခွဲခွာရတော့မည်။ ဇနီးသည်၏ နောက်ဆုံးအချိန်မှာ သူတို့သားလေး အနားမှာမရှိသလို သူနောက်ဆုံးအချိန်မှာလည်းရှိနိုင်ပါ့မလားဆိုသည်ကို တွေးတောမိရင်း မျက်ရည်များက အလိုလိုစို့လာပြန်သည်။

(၃)

"မတင်မေ ဘယ်လိုနေသေးလဲ ကိုဘဒူ"

"အခန်းထဲမှာမှိန်းနေတယ် မသောင်းမြင့်"

အိမ်နီးချင်း မသောင်းမြင့်၏မေးသံစကားကြောင့် စို့လာသည့်မျက်ရည်စများကို မျက်တောင်နှစ်ချက်သုံးချက်ခတ်၍ အမြန်ပုတ်ထုတ်လိုက်ပြီး ဖြေလိုက်မိသည်။ အိမ်ထဲကို မသောင်းမြင့်က ဝင်သွားသည်။ မတင်မေမရှိတော့သည့် မနက်ဖြန်အတွက် သူဘယ်လိုရင်ဆိုင်ရမည်ဆိုသည်ကိုဆက်တွေးရင်း ဆေးလိပ်ကိုတွန်းကန်ဖွာရှိုက်နေမိသည်။

"အသက်မရှိတော့ဘူး ကိုဘဒူရေ"

အိမ်ထဲက ဖျတ်ခနဲကြားရသည့်အသံကြောင့် အတင်းပြေးဝင်ပြီး မတင်မေ၏ လက်ကလေးကိုဆုပ်ကိုင်မိသည်။ နွေးနေတုန်းပင်ရှိသေးသည်။

"ရွာထဲကလူတွေကို အကြောင်းကြားပေးပါအုံး မသောင်းမြင့်ရယ်"

မသောင်းမြင့်က သူတို့တဲအိမ်လေးထဲက အမြန်ထွက်ခွာသွားသည်။ အိမ်အပေါက်ဝဘက်ကို မျက်နှာလှည့်ရင်း ထွက်သက်ဝင်သက်ကင်းမဲ့နေသော ဇနီးသည်ကိုကြည့်ကာ ဦးဘဒူသည် တလိပ်လိပ်တက်လာနေသောခံစားချက်ကြောင့် မျက်ရည်များအလိုလိုကျလာမိသလို သူတစ်ယောက်တည်း စကားများပြောနေမိပါသည်။

"တင်မေရယ် နောက်ဆုံးအချိန်မှာတောင် အိမ်အပေါက်ဝဘက်ကိုလှည့်ပြီး မင်းသားကို မျှော်နေတုန်းပဲလားကွာ။ နင်ကတော့အေးချမ်းသွားပါပြီ။ နင်မရှိဘဲ ငါတစ်ယောက်တည်း အထီးကျန်ဘဝကိုဘယ်လိုရင်ဆိုင်ရပ့ါမလဲကွာ။ နင့်ကံကောင်းပါတယ်။ ကံဆိုးတာက ငါပါ တင်မေရယ်"

စာမျက်နှာ ၂၉ သို့ ➤

➤ စာမျက်နှာ ၂၈ မှအဆက်

(၄)

လေယာဉ်ပေါ်ကနေ မြေပေါ်ကိုခြေချမိတာနဲ့ ကိုယ့်မြေကိုယ့်ရေဆိုသောအသိစိတ်ကြောင့် သူ့တစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းသွားသည်။ တိုင်းတစ်ပါးမြေမှာ မွန်းကျပ်ခဲ့သမျှ၊ ဖိစီးခဲ့သမျှစိတ်တွေ ယခုတော့ ပြေပျောက်ခဲ့ရပေပြီ။ အမိမြေ၊ အမိရင်ခွင်၏အေးမြမှုကို ယခုတော့ သူကောင်းကောင်းကြီးသဘောပေါက်ခဲ့ပြီဖြစ်သည်။ ပြည်ပတွင်နေခဲ့သည့် တစ်နှစ်ခွဲဆိုသည့်အချိန်ကာလတစ်ခုအတွင်းမှာ လောကအကြောင်း၊ လူတွေအကြောင်းကိုသိခွင့်ရခဲ့သလို အမိမြေ၏တန်ဖိုးကိုလည်း နားလည်ခဲ့ရသည်။ မကြာမီတွေ့ရမည့် မိဘနှစ်ပါး၏ရင်ခွင်ထဲကို တိုးဝင်ရင်း သူ့ဘဝအကြောင်းများကို ရင်ဖွင့်ချင်မိသည်။ သားမိုက်ပြန်အလာကို စောင့်နေကြမည့်မိဘနှစ်ပါးကိုလည်း အမြန်တွေ့ချင်နေသည်။ အိမ်ခြံရှေ့အရောက်တွင် လက်ဆွဲအိတ်ကိုအောက်ချကာ ခပ်ကျဲကျဲရက်ထားသည့် ဝါးကပ်ခြံတံခါးကို ဖယ်လိုက်သည်။ အိမ်ထဲကို ဝင်လိုက်သည်နှင့် တစ်ချိန်က ပျော်စရာကောင်းသည့် သူတို့မိသားစုလေးအကြောင်း သတိရမိပြန်သည်။ သူနေခဲ့သည့်တဲအိမ်လေးက ဘာမှမပြောင်းလဲဘဲ အရင်အတိုင်းပဲရှိသေးသည်။

ပြည်ပကိုမသွားမီ အဖေ့ကိုပြောခဲ့မိသည့်စကားများကို ပြန်လည်သတိရရင်း မျက်ရည်များပင်စို့လာသည်။ ပွင့်နေသောအိမ်တံခါးအတိုင်း အိမ်ထဲကိုဝင်လာခဲ့သည်။ မကြည့်ရသည်မှာကြာပြီဖြစ်သော အိမ်ထရံတွင် ချိတ်ထားသည့် မိသားစုဓာတ်ပုံလေးကို ကြည့်နေမိသည်။

"သြော်. . . မင်းပြန်လာပြီကိုး"

"ဟုတ်တယ်အဖေ။ အမေဘယ်သွားလဲ"

"မင်းအပြန်မကောင်းဘူး။ တစ်နှစ်လောက်နောက်ကျသွားတယ် ထွန်းတောက်ရာ"

"ဗျာ အမေ အမေဘာဖြစ်လို့လဲ အဖေ"

"တင်မေဆုံးတာ တစ်နှစ်လောက်ရှိပြီ။ မသေခင် မင်းကိုသိပ်တွေ့ချင်တာကွာ"

"ဗျာ. . . အမေဆုံးပြီ။ ဟုတ်လားအဖေ။ ကျွန်တော့်စိတ်ကြောင့် အမေဆုံးရတာ ကျွန်တော်သိတယ်။ သားမိုက်ကိုခွင့်မလွှတ်ပါနဲ့။ သားမိုက်ကို ခွင့်မလွှတ်ပါနဲ့အမေ"

ထွန်းတောက် သူ့အဖေ့ရင်ခွင်ထဲဝင်ပြီး အချိန်အတော်ကြာအောင် အားရပါးရအော်ဟစ်ငိုကြွေးနေမိသည်။

"ဖြစ်ပြီးမှပဲသားရယ်။ ငိုမနေနဲ့တော့နော်။ အခု တို့သားအဖနှစ်ယောက် ပြန်ဆုံကြပြီပဲ"

သားဖြစ်သူ၏မျက်ရည်စများကို လက်တစ်ဖက်ဖြင့်ဖယ်သုတ်ပေးရင်း ဦးဘဒွ နှစ်သိမ့်လိုက်ရသည်။

"ဒါနဲ့ သားကဘယ်လိုဖြစ်လို့ အဖေတို့ကို အဆက်အသွယ်မလုပ်တော့တာလဲ"

ဖခင်၏အမေးစကားကြောင့် မောင်ထွန်းတောက်က-

"ကျွန်တော့်ရဲ့ဘဝအမှားတွေပေါ့အဖေရာ။ ပြောပြပါ့မယ်။ အဲဒီနိုင်ငံကို စရောက်ကတည်းက ကျွန်တော်ရတဲ့ဗီဇာသက်တမ်းက တစ်လဗီဇာဖြစ်နေမှန်း သိရတယ်။ ကျွန်တော်တို့လို လူရည်မလည်တဲ့သူတွေကိုရိုက်ချလိုက်တဲ့ပွဲစားဆိုသူတွေရဲ့ လက်ချက်တွေပေါ့အဖေရာ"

"အေး. . . အဲဒီလိုကိစ္စမျိုးတွေလဲရှိလားသားရယ်။ ဒါဆိုကျန်တဲ့လတွေကို သားဘယ်လိုနေရတာလဲ"

ဦးဘဒွသည် အံ့သြနားမလည်သောအမူအရာဖြင့် သားဖြစ်သူကို မေးလိုက်မိသည်။

"ဗီဇာသက်တမ်းကုန်သွားတော့ အိုဗာစတေးဆိုတဲ့ ခိုးနေထိုင်ရတဲ့အခြေအနေကို ရောက်သွားတာပေါ့အဖေရာ။ တစ်ခုကံကောင်းတာက လုပ်ရတဲ့စက်ရုံနဲ့ ကိုယ်နေတဲ့နေရာ နီးတာပါပဲ။ ဒါပေမဲ့ တစ်နေ့တစ်နေ့ ရဲဝတ်စုံ၊ ရဲကားကိုပဲ မျက်ခြည်မပြတ်ကြည့်နေရတာပေါ့။ မြို့ထဲလမ်းထဲကိုအလည်သွားဖို့ဆိုတာ တွေးတောင်မတွေးရဲဘူးအဖေရယ်။ အဲဒီလိုဘဝက ကျွန်တော်တစ်ယောက်တည်းမဟုတ်ဘူး။ ကျွန်တော့်လို ကိုယ့်နိုင်ငံကလူတွေအများကြီးပဲ။ တကယ်တော့ ပြည်ပမှာနေခဲ့ရတဲ့သားတို့ဘဝက အလကားရတဲ့လေတောင် ဝဝလင်လင်မရှူခဲ့ကြရတဲ့ဘဝတွေပါ"

အဖေဖြစ်သူကိုရှင်းပြရင်း ဝမ်းနည်းသည့်စိတ်ကြောင့်ထွန်းတောက်၏အသံများက တုန်ယင်၍လာသည်။

"စက်ရုံထဲမှာဆိုရင်လဲ ကိုယ်ကခိုးနေဘဝဆိုတော့ အလုပ်သမားတိုင်းနဲ့ အဆင်ပြေအောင်နေရတယ်။ မဟုတ်တာတွေမြင်ရင် ပြန်မပြောရဲဘူး။ ရဲကိုတိုင်မှာစိုးလို့"

"ဟေ ရဲကိုတိုင်တယ်ဟုတ်လား"

"ဟုတ်တယ်အဖေ။ အခုနောက်ပိုင်း ပြည်ပကအလုပ်သမားတွေကြားမှာခေတ်စားလာတဲ့လုပ်ရပ်တစ်ခုပေါ့။ အိုဗာစတေးသမားနဲ့အလုပ်သမားခေါင်းဆောင် စကားပဲများများ၊ အလုပ်သမားအချင်းချင်းပဲ စကားများများ ထိုးကြကြိတ်ကြတဲ့ခေတ်မဟုတ်တော့ဘူး။ ရဲကို သတင်းပေးလိုက်ကြတာပဲ။ အဲဒါဆိုရင် အလုပ်ပြုတ်၊ ဘဝပျက်ပြီပေါ့အဖေရယ်။ အချို့ အိုဗာစတေးသမားတွေဆို ကိုယ့်ရှေ့မှာတင်အဖမ်းခံရတာအဖေရယ်။ သူတို့လာတဲ့လမ်းစရိတ်တောင်မကျေသေးဘူး။ တအားသနားဖို့ကောင်းတာ"

ပြောလက်စ စကားကိုဖြတ်ပြီး ကျလာတဲ့သူ့မျက်ဝန်းထဲကမျက်ရည်စများကို လက်မောင်းတစ်ဖက်ဖြင့် မောင်ထွန်းတောက်ငုံ့ပြီး သုတ်ပစ်လိုက်သည်။ ဦးဘဒွက သူ့သား၏ နောက်ထပ်စကားများကိုသိချင်နေသည်။

"နောက်တော့ သားလဲအဖမ်းခံရပြီး ထောင် ရှစ်လကျခဲ့တယ်အဖေ။ ထောင်ထဲရောက်နေချိန် အဖေတို့နဲ့ အဆက်အသွယ်ပြတ်ခဲ့တာပေါ့"

"အေး. . . ဟုတ်လားသားရယ်။ စိတ်မကောင်းလိုက်တာကွာ။ အဖေတို့က ဒီအကြောင်းတွေဘယ်သိပါ့မလဲကွာ။ သူတို့နိုင်ငံရောက်ရင် အားလုံးအဆင်ပြေကြတယ်ပဲထင်နေတာ။ သားက ဘယ်လိုအဖမ်းခံရတာလဲ"

ဦးဘဒွသည် သူ့သား၏လက်တစ်ဖက်ကိုဆုပ်ကိုင်ရင်းမေးနေမိသည်။

"မြန်မာနိုင်ငံက နာမည်ကြီးအိုင်းရင်းခရေ့စ်(IC)တီးဝိုင်း သားတို့နေတဲ့မြို့ကို လာပြီးဖျော်ဖြေပွဲလုပ်တယ်။ ကိုယ့်နိုင်ငံသားတွေလာဆိုတဲ့ပွဲပဲအဖေရယ်။ ဘယ်လိုလုပ်သွားပြီးမကြည့်ဘဲနေချင်ပါ့မလဲ။ ကြည့်ချင်ကြတာပေါ့။ ဒါနဲ့ ပွဲစီစဉ်သူတွေကိုစုံစမ်းကြည့်တော့ ပွဲခင်းထဲမှာ တာဝန်ယူတယ်။ ကျန်တာကိုယ့်နည်းကိုယ့်ဟန်နဲ့လာကြတဲ့။ သွားကြည့်မဲ့အဖွဲ့ကလဲတောင့်တာနဲ့ သားလဲ လိုက်သွားတာပေါ့။ ပွဲခင်းထဲမှာ ဘာမှမဖြစ်ဘူး။ ဒီပွဲမှာ မဖြစ်မနေမြန်မာတွေလာကြည့်မှာပဲလို့ သူတို့နိုင်ငံကရဲတွေ အပိုင်တွက်ထားတာဖြစ်မယ်။ အပြန်ကျတော့ လမ်းတိုင်းလိုလိုမှာ ရဲကားတွေအများကြီးနဲ့ စောင့်ဖမ်းတာအဖေရယ်။ အိုဗာစတေးသမားတွေ မနည်းဘူးမိတာ။ သားလဲပါတာပေါ့။ ငွေတောင်းတယ်။ ကိုယ်ကလဲရောက်ခါစ အကြွေးတောင်မကျေသေးဘူး။ ဘယ်ပေးနိုင်မလဲ ထောင်ကျခံလိုက်ရတာပေါ့ အဖေရာ"

အသက်အရွယ်နှင့်မလိုက်အောင်ခံစားခဲ့ရသည့် သူ့သား၏ ပြည်ပအကြောင်းများကိုနားထောင်ရင်း ဦးဘဒွ မျက်ရည်များပင်စို့လာသည်။ ထွန်းတောက်ကတော့ အားယူရင်း သူ့ဘဝအကြောင်းကို ဆက်ပြီးပြောပြန်သည်။

"အခြားနိုင်ငံရဲ့အချုပ်ထောင်ထဲမှာ နေရတဲ့ဘဝက အားငယ်ရတာပဲ အဖေရယ်။ ထောင်အပြင်မှာ ကူညီပေးမဲ့ မိသားစုလဲမရှိ။ တစ်နေ့တစ်နေ့ သူတို့ ကျွေးသလောက်စား၊ ခိုင်းသမျှလုပ်နေရတဲ့သားဘဝက နေ့တိုင်းငရဲခံနေရသလိုပါပဲ။ အခုလောက်ဆိုရင် အမေနဲ့အဖေ ဘယ်လိုနေကြမလဲ တွေးရ။ မိဘစကားနားမထောင်ဘဲ ထင်ရာစိုင်းမိတဲ့ ကိုယ့်ဘဝအဖြစ်ဆိုးကိုတွေးလိုက်တိုင်းလဲ ဒေါသတွေဖြစ်လွန်းလို့ နေ့တိုင်းငိုနေရတယ်ရယ်။ နောက်တော့ ထောင်ကလွတ်လာပြီး သူငယ်ချင်းတစ်ယောက်က ဒီမှာဆက်နေအုံးမလား။ အလုပ်အတွက်မပူနဲ့။ ပြန်ချင်ရင်လဲ လမ်းစရိတ်သူကူညီမယ်ပြောတာနဲ့ ဒီမှာတော့ဆက်မနေတော့ဘူး။ ကိုယ့်နိုင်ငံမှာပဲ စိတ်အေးချမ်းသာနဲ့ အလုပ်ပြန်လုပ်တော့မယ်ဆိုပြီး အပြီးပြန်လာခဲ့တာပဲ"

"သူတော်ကောင်းသူငယ်ချင်းနဲ့ သားတွေ့ခဲ့တာပဲ။ သားသူငယ်ချင်းဘုန်းကြီးလို့ သက်ရှည်ပါစေကွယ်"

သားဖြစ်သူကိုရင်ခွင်ထဲမှာ ထွေးဖက်ထားရင်း သူ့သားကို မေတ္တာစေတနာအပြည့်ဖြင့်ကူညီခဲ့သည့် သားသူငယ်ချင်းကို ဦးဘဒွမေတ္တာတွေပို့နေမိသည်။

"အဖေ"

"သားပြောလေ"

"တစ်ချိန်က အဖေနဲ့ မိရိုးဖလာလယ်အလုပ်ကို မလေးမစားပြောခဲ့မိတဲ့ သားကို ခွင့်လွှတ်ပါနော်"

"သားကို အဖေနဲ့ အမေက ဘယ်တုန်းကမှစိတ်မဆိုးခဲ့ပါဘူး။ သူများနိုင်ငံမှာ စိတ်မချလို့တားခဲ့တာပဲရှိပါတယ်"

"အခု အဖေ့သား ကိုယ့်မြေကိုယ့်ရွာကိုပြန်ရောက်ပြီ။ အလုပ်လုပ်ဖို့ ခွန်အားတွေအပြည့်ပဲ။ အဖေက ဘုရားသွားကျောင်းတက်သာနေပါတော့။ ကိုယ့်နိုင်ငံထဲကလူမျိုးခြားတွေတောင် ပလတ်စတစ်တွေကောက်၊ သံတိုသံစတွေကောက်ရောင်းပြီး ကြီးပွားချမ်းသာနေကြသူတွေ အများကြီးရှိသလို ကိုယ့်လူမျိုးထဲမှာလဲ ကွမ်းယာရောင်း၊ ဒိန်ချဉ်ရောင်းပြီး ကြီးပွားသွားသူတွေ၊ သူများနေ့စားအလုပ်သမားဘဝကနေ လုပ်ငန်းရှင်ဘဝကို ရောက်နေကြသူတွေ အများကြီးရှိပါတယ်။ အခြားနိုင်ငံသွားလုပ်မှကြီးပွားမှာမဟုတ်ပါဘူး။ ကိုယ့်နိုင်ငံထဲမှာလဲ ကြီးပွားအောင်မြင်မဲ့ လုပ်စရာအလုပ်တွေ တစ်ပုံတစ်ပင်ကြီးရှိပါတယ်။ အဓိကလိုအပ်တာက အလုပ်လုပ်ချင်တဲ့စိတ်နဲ့ အောင်မြင်ချင်တဲ့စိတ် ဒီနှစ်ခုပဲလိုတာပါ"

သူ့မျက်နှာကိုကြည့်ရင်း တည်ကြည်လေးနက်သောအသွင်ဖြင့်ပြောပြနေသော သားဖြစ်သူ၏စကားများက ဟိုအရင်တုန်းကပြောဖူးသည့်စကားများနှင့်မတူဘဲ လောကကြီးကသင်ပေးလိုက်သည့် ဘဝအသိပညာများ ပြည့်နှက်နေကြောင်း ဦးဘဒွ နားလည်သဘောပေါက်မိသလို ရှေ့ဆက်ရမည့် သူတို့သားအဖနှစ်ယောက်၏ ဘဝနေ့သစ်များကိုတွေးမိရင်း အားမာန်ပါသော အပြုံးတစ်ခုကို ပြုံးလိုက်မိပါတော့သည်။

## ကျေးဇူးတရား

- ကျေးဇူးတရား သိတတ်ကာ
မှတ်လို့ထား ရင်ထဲဝယ်၊
ပြန်လည်ကာ ကျေးဇူးဆပ်
မွန်မြတ်လှတယ်၊
ကျေးဇူးစကား ဆိုတာရယ်
နားထဲဝယ် ချိုသာလှ၊
အကူအညီ ပေးဖူးသူကို
ကျေးဇူးတင်ပါ့။

- ကျေးဇူးရှင် အမိနဲ့အဖ
တုန့်နိုင်းမရ ဘယ်အရာ၊
ဆပ်လို့မကုန် ကျေးဇူးတရား
များပြားလှတာ၊
သင်ဆရာ မြင်ဆရာ
ကြားဆရာ အရှင်များ၊
ကျေးဇူးတင်လို့ ထာဝရကွယ်
ဂါရဝထား။

- တစ်ပါးသူ ကျေးဇူးများ
မှတ်သားလို့ မေတ္တာဝေ၊
ကျေးဇူးမသိ ကန်းမှောက်သူတို့
လမ်းပျောက်လို့နေ၊
တတ်နိုင်သမျှ ဆပ်မယ်လေ
ကျေးဇူးတွေ တုံ့ပြန်မှ၊
အပြန်အလှန် ကူညီဖေးမလို့
အေးမြမှုရ။ ။

**ထက်သခင်(သုံးဆယ်)**

## နတ်မောက်မြို့နယ် ရေငံကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**နတ်မောက် အောက်တိုဘာ ၃၀**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် နတ်မောက်မြို့နယ် ရေငံကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက် ၈ နာရီက တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းသူရနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လမ်းရေရှည်တည်တံ့စေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

အဆိုပါ ကျေးရွာလမ်းအရှည်ပေ ၅၂၀၊ အကျယ် ၁၂ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ် VDP စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၀ သိန်းနှင့် ကျေးရွာပြည်သူလူထုထည့်ဝင်ငွေကျပ် ၁ ဒသမ ၀၇၅ သိန်း အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် စက်တင်ဘာလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**သော်သော်**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝအဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

> **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ဇန်နဝါရီ ၁၄ ရက်မှ အောက်တိုဘာ ၂၁ ရက်ထိ အလုပ်အကိုင်အခွင့်အလမ်း ၁၄၉၈၄ ခု ဖန်တီးပေးနိုင်ခဲ့



**နေပြည်တော် အောက်တိုဘာ ၃၀**

ယခုနှစ် ဇန်နဝါရီ ၁၄ ရက်မှအောက်တိုဘာ ၂၁ ရက်ထိခွင့်ပြုပေးခဲ့သည့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၄၉ ခုမှ အလုပ်အကိုင်အခွင့်အလမ်း ၁၄၉၈၄ ခု ကျော်ဖန်တီးပေးနိုင်ခဲ့ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ သတင်းများအရ သိရသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ဇန်နဝါရီ ၁၄ ရက်မှ အောက်တိုဘာ ၂၁ ရက်အတွင်း အစည်းအဝေး လေးကြိမ်ကျင်းပပြုလုပ်ခဲ့ပြီး ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှု ၄၉ ခုကို ခွင့်ပြုဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ပေးခဲ့ရာ ဇန်နဝါရီ ၁၄ ရက်က ကျင်းပပြုလုပ်ခဲ့သည့် (၁/၂၀၂၂)အစည်းအဝေးတွင် ဆောင်ရွက်ဆဲရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ငါးခု၏ မတည်ငွေရင်း တိုးမြှင့်ခြင်းအပါအဝင် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ သတ္တုကဏ္ဍနှင့်ဝန်ဆောင်မှုကဏ္ဍများ၌ လုပ်ငန်းသစ် ၁၀ ခုကို ခွင့်ပြုပေးခဲ့ပြီး အဆိုပါလုပ်ငန်းများမှ အလုပ်အကိုင် အခွင့်အလမ်း ၂၆၄၆ ခု ဖန်တီးပေးနိုင်ခဲ့ကြောင်း၊ မတ် ၃၀ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် (၂/၂၀၂၂)ကြိမ်မြောက် အစည်းအဝေးတွင် ဆောင်ရွက်ဆဲရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၁၂ ခု၏ မတည်ငွေရင်း တိုးမြှင့်ခြင်းအပါအဝင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍတို့မှ လုပ်ငန်းသစ် ခုနစ်ခုကို ခွင့်ပြုခဲ့ပြီး အဆိုပါလုပ်ငန်းများမှ အလုပ်အကိုင်အခွင့်အလမ်း ၃၅၅၃ ခုကို ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့အတူ ဇူလိုင် ၁၁ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် (၃/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးတွင် ဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၁ ခု၏ မတည်ငွေရင်းတိုးမြှင့်ခြင်းအပါအဝင် စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍတို့မှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ၁၉ ခုကို ခွင့်ပြုပေးခဲ့ပြီး အဆိုပါလုပ်ငန်းများမှ အလုပ်အကိုင်အခွင့်အလမ်း ၃၁၀၀ ဖန်တီးပေးနိုင်ခဲ့ကြောင်း၊ အောက်တိုဘာ ၂၁ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၁ ခု၏ မတည်ငွေရင်းတိုးမြှင့်ခြင်းအပါအဝင် လျှပ်စစ်ကဏ္ဍ၊ စက်မှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍနှင့် အိမ်ရာအဆောက်အအုံကဏ္ဍတို့မှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ၁၃ ခုကိုခွင့်ပြုပေးခဲ့ပြီး အဆိုပါလုပ်ငန်းများမှ အလုပ်အကိုင်အခွင့်အလမ်း ၅၆၈၅ ခုကို ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။ SKL

## သရက်မြို့နယ် တဗီးကောက်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**သရက် အောက်တိုဘာ ၃၀**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုးနတ်ကုန်းကျေးရွာအုပ်စု တဗီးကောက်ကျေးရွာ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်နှင့် ဝန်ထမ်းများက ကျေးရွာစီမံကိန်းတာဝန်ခံများနှင့်အတူ တဗီးကောက်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်းကော်မတီဝင်များအနေဖြင့် စီမံကိန်းလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး ကြိုးစားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

တဗီးကောက်ကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၅၉၀၊ အကျယ် ၁၂ပေ၊ အမြင့် ခြောက်လက်မ မြေနီခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာပြည်သူလုပ်အားထည့်ဝင်ကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာ ဒုတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၆၀ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။ **ကိုလှိုင်**

**စာအုပ်စာပေ လူ့မိတ်ဆွေ**








**အများသိစေရန်ကြေညာခြင်း**

စစ်ကိုင်းမြို့၊ ပန်းဘဲတန်းရပ်ကွက်၊ အကွက်အမှတ်(၆/၂၆) အကွက်အမည် ပန်းဘဲတန်းကွင်း၊ ဦးပိုင်အမှတ်-(၁၂/တ-၁)၊ ဧရိယာ(၀. ၃၉၈)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော် - ဦးသန်းဌေးစိုး
(ခ) အနောက်လားသော် - ဒေါ်မူမူတင်
(ဂ) တောင်လားသော် - ဦးချစ်စိန်၊ဒေါ်ခင်ညွန့်
(ဃ) မြောက်လားသော် - ဒေါ်စန်းစန်းဝင်း

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဦးသန်းဌေးစိုး**မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၂-ခုနှစ်၊ နိုဝင်ဘာလ၊ (၂၈)ရက်နေ့** မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊စစ်ကိုင်းမြို့။**

**အများသိစေရန်ကြေညာခြင်း**

စစ်ကိုင်းမြို့၊ ပန်းဘဲတန်းရပ်ကွက်၊ အကွက်အမှတ်(၆/၂၆) အကွက်အမည် ပန်းဘဲတန်းကွင်း၊ ဦးပိုင်အမှတ်/ မြေကွက်အမှတ်-(၁၂/တ-၂)၊ ဧရိယာ(၀. ၄၆၈)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော် - ဒေါ်မြကြည်
(ခ) အနောက်လားသော် - ဦးသန်းဌေးစိုး
(ဂ) တောင်လားသော် - ဦးစိန်ဝင်း၊ဒေါ်ခင်ညွန့်
(ဃ) မြောက်လားသော် - ဒေါ်ခိုင်ယမင်း

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဦးသန်းဌေးစိုး**မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၂-ခုနှစ်၊ နိုဝင်ဘာလ၊ (၂၈)ရက်နေ့** မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊စစ်ကိုင်းမြို့။**

**ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်**

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုရတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကား လက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

**ရန်သူ မီးဘေး တားဆီးရေး မငေးနဲ့ ဆောင်ရွက်ကြ**

### "အဂတိပယ်ခွာ ပြည်သာယာ"

**Remove Corruption, Promote Prosperity**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင် ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၁၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးဆောင်ရွက်ရာမှာ ပြည်သူတိုင်း၊ အဖွဲ့အစည်းတိုင်းက လိုက်နာဆောင်ရွက်ဖို့အရေးကြီးပါတယ်။ ဒီလိုဆောင်ရွက်နိုင်မှ အောင်မြင်နိုင်မယ့်လုပ်ငန်းတစ်ခုလည်းဖြစ်ပါတယ်။ ဒီလိုဖော်ဆောင်ရာမှာ ပထမဆုံးအခြေခံလိုအပ်ချက်ဖြစ်တဲ့ ဒီမိုကရေစီစနစ်ကိုဆန့်ကျင်ကာ ဒီမိုကရေစီလမ်းကြောင်းပေါ်မှ သွေဖည်သွားမယ့် လုပ်ဆောင်ချက်တွေမလုပ်ဆောင်ဖို့ လိုအပ်ပါတယ်။ မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ တာဝန်ထမ်းဆောင်မှုမျိုးကိုမဆို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပြဋ္ဌာန်းထားတဲ့ဥပဒေတွေအတိုင်း လေးစားလိုက်နာဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဩဂုတ် ၁ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ(၁၈လ) ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

**၁-၈-၂၀၂၂**

# ဆင်ဖြူရတနာဆိုက်ရောက်လာ ဘေးရန်ကင်းရှင်း သာယာခြင်းနှင့် ကောင်းခြင်းစုံစွာ ပြည်မြန်မာ

ဆောင်းပါး စာမျက်နှာ - ၂၀

# ကုလသမဂ္ဂ၏ ဘက်မလိုက်သော ပညာရှင်ပီသသော ဝိသေသလက္ခဏာများ ပျက်စီးနေသည့် အစီရင်ခံစာများနှင့် ဆွေးနွေးမှုများကို မြန်မာနိုင်ငံက ပယ်ချ

စာမျက်နှာ - ၁၈

# ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းမှ ပထမဆုံးအကြိမ် ဆန်တန်ချိန် ၂၆၅၀ တိုက်ရိုက်တင်ပို့



ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့မည့်ဆန်များကို MV MCL-7 ပင်လယ်ကူးသင်္ဘောပေါ်သို့ တင်ဆောင်စဉ်။

**ရန်ကုန် အောက်တိုဘာ ၃၀**

မြန်မာ့ဆန်များ ပြည်ပသို့ တင်ပို့ခြင်းမှ နိုင်ငံခြားဝင်ငွေရရှိစေပြီး တောင်သူနှင့်ရင်းနှီးမြှုပ်နှံသူများ စီးပွားရေးအခွင့်အလမ်းတိုးတက်စေရန် နိုင်ငံတော်က စီမံဆောင်ရွက်ပေးလျက်ရှိရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ဆန်ရောင်းဝယ်မှုဆိုင်ရာ G to G သဘောတူစာချုပ်အရ ဆန်တန်ချိန်နှစ်သိန်း တင်ပို့သွားမည်ဖြစ်ရာ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းမှ ပထမဆုံးအကြိမ်အဖြစ် ဆန်တန်ချိန် ၂၆၅၀ ကို အောက်တိုဘာ ၂၈ ရက်မှစ၍ MV MCL-7ပင်လယ်ကူးသင်္ဘောဖြင့် တိုက်ရိုက်တင်ပို့ရန် ဆောင်ရွက်နေကြောင်း သိရသည်။

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ဆန်တန်ချိန် နှစ်သိန်း တင်ပို့ရန်

**စာမျက်နှာ ၂၄ ကော်လံ ၄☆**

## ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးမည့်ကိစ္စရပ်များမပါ)ကို နိုဝင်ဘာ ၃၀ ရက်ထိ ရက်တိုးမြှင့်သတ်မှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီမှ**

**အသိပေးကြေညာချက်**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်

(၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်)

ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန်လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် အောက်တိုဘာ ၃၁ ရက်ထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ(ဖြေလျှော့ပေးမည့် ကိစ္စရပ်များမပါ)ကို နိုဝင်ဘာ ၃၀ ရက်ထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက်ထားကြောင်း အသိပေးကြေညာအပ်ပါသည်။


မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED

Services

ငွေစုဘဏ်အပ်ငွေစာရင်း (Savings Deposit )
စာရင်းသေအပ်ငွေစာရင်း (Fixed Deposit )
ခေါ်ယူအပ်ငွေစာရင်း (Call Deposit )
တက္ကသိုလ်ပညာသင်ဆုဝန်ဆောင်မှုစာရင်း (Scholarship Funding Service)
စာရင်းရှင်အပ်ငွေစာရင်း (Current Deposit )
ဘဏ်အချင်းချင်း CBM NET မြန်ငွေလွှဲခြင်း (Customer Credit Transfer)

" စိတ်ချရတာ မြဝတီဘဏ် "

Phone No : (01) 2301367, 2301368, 2301452, 2301378